# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၇)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (19-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၉၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း**

စာမျက်နှာ- ၁၆

**ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေ ပြဋ္ဌာန်း**

စာမျက်နှာ- ၁၈

# ၃၁ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ





နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ၃၁ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ၃၁ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်နှင့် (ခ)အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

(က)အဆင့်ပြိုင်ပွဲတွင် စစ်တက္ကသိုလ် စစ်တီးဝိုင်းအသင်း၊ (ခ)အဆင့်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါစစ်တီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများ၊ဒိုင်အဖွဲ့ဝင်များ၊ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)




ရတနာပုံ
၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်
အယ်ဒီတာအာဘော်

# နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံ့သားကောင်းများ

ကမ္ဘာ့နိုင်ငံများတွင် မိမိနိုင်ငံ၏အချုပ်အခြာအာဏာကိုကာကွယ်ရန် ကာကွယ်ရေးစွမ်းအားစုများ စုဆောင်း၍ ကာကွယ်ရေးအင်အားခိုင်မာတောင့်တင်းစေရေးအတွက် နိုင်ငံအများစုတွင် စစ်မှုမထမ်းမနေရ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းကျင့်သုံးလျက်ရှိကြသည်။ မြန်မာနိုင်ငံတွင် နိုင်ငံသားအားလုံး စစ်ပညာတတ်မြောက်ထားရေးကို အဓိကရည်ရွယ်ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းစနစ်ခေါ် အမျိုးသားစစ်မှုထမ်းစနစ်သည် နိုင်ငံတော်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ဆောင်ရွက်ရသည့်စီမံချက်တစ်ခုပင်ဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးစွမ်းအားနှင့် ကာကွယ်ရေးစွမ်းအားတို့ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်ကို ဆက်လက်တည်ဆောက်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည့် မျိုးဆက်သစ်လူငယ်များ၏ စိတ်ထဲတွင် အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သွားလိုသည့်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံနှင့်လူမျိုးကို ချစ်ခင်သည့်စိတ်ဓာတ်များ ကိန်းအောင်းနေရန်လိုအပ်သည်။ နိုင်ငံသားအားလုံးသည် မိမိနိုင်ငံကို ကာကွယ်ရန်တာဝန်ရှိသကဲ့သို့ လိုအပ်လာပါက စစ်မှုထမ်းဆောင်ရန်အတွက် နိုင်ငံတော်ကာကွယ်ရေးအတတ်ပညာများ တတ်မြောက်ရမည်ဆိုသည့် အသိစိတ်ဓာတ်များရှိနေရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အတည်ပြုကျင့်သုံးလျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းဥပဒေသည် ၁၉၅၉ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့်ဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၄ ရက်တွင် ဥပဒေအမှတ်(၂၇/၂၀၁၀)ဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်၌ အတည်ပြုရေးဆွဲထားသည့် ဥပဒေဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဆိုပါဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်စေခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ယခုဆိုလျှင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၀)ထိ အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ သင်တန်းဆင်း ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ်အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြသည်။

မြန်မာနိုင်ငံသည် တည်နေရာ ပထဝီဝင်အနေအထားအရ ကာကွယ်ရေးအင်အားကို စဉ်ဆက်မပြတ်တည်ဆောက်ထားရမည့်နိုင်ငံဖြစ်သည်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အတိုင်း အင်အားများ စုစည်းထားခြင်းဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုများစွာ အထောက်အကူပြုမည်ဖြစ်သည်။ လူငယ်တစ်ဦးချင်းစီအတွက်လည်း စစ်ပညာသင်ကြားခြင်းနှင့် စစ်မှုထမ်းဆောင်ခြင်းတို့ကြောင့် မိမိတို့၏ကိုယ်ရည်ကိုယ်သွေးများမြင့်မားလာမည်ဖြစ်သည်။ သာမန်အရပ်သားအဖြစ်မှ ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်ပြီးသူတိုင်းတွင် အရာရာကို စည်းစနစ်ကျနစွာ လုပ်ဆောင်တတ်သည့်အလေ့အကျင့်၊ အချိန်ကို ကောင်းစွာခွဲခြားအသုံးပြုတတ်သည့်အလေ့အကျင့်၊ စုပေါင်းဆောင်ရွက်တတ်သည့်အလေ့အကျင့်ကောင်းများရရှိလာမည်။

သို့ဖြစ်ရာ နိုင်ငံတော် ကာကွယ်ရေးနှင့်လုံခြုံရေးသည် နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်။ ထိုတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်လျက်ရှိသည်ကို ဂုဏ်ယူအားပေးပါကြောင်း ရေးသားလိုက်ရပါသည်။

# ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့တွင် ယာယီနေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်



**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့တွင် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ရမည်းသင်းမြို့ သီလဝခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ဖြေဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ၏ ညွှန်ကြားချက်နှင့်အညီ တိုင်းဒေသကြီးအတွင်း ကြုံတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များနှင့် အခြားဘေးအန္တရာယ်များကြောင့် ကာကွယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ယာယီနေရပ်စွန့်ခွာသူပြည်သူများ၏ စားဝတ်နေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ ဒေသအသီးသီးမှ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့၌ ယာယီနေရပ်စွန့်ခွာနေရသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၇ ဒသမ ၇၈ သန်း ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ လစဉ်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့တွင် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ကိုယ်စားလှယ်များထံ ထောက်ပံ့ငွေများ ပေးအပ်ရာ ယာယီနေရပ်စွန့်ခွာနေသူ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်လာကြသူများကို ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်အားပေးစကားများ ပြောကြားပြီး ထောက်ပံ့ငွေ ထုတ်ပေးနေမှုများကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ထိုင်းဘေးကျားစပါး တင်းရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဖေဖော်ဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ထိုင်းဘေးကျားစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ထိုင်းဘေးကျားစပါး တင်းရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ထိုင်းဘေးကျားစပါး တင်းရေ ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇန်နဝါရီလအတွင်း ထိုင်းဘေးကျားစပါး တင်းရေအများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျားစပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့မှု အားကောင်းခဲ့တာဖြစ်ပါတယ်။ ပြည်တွင်း ဆန်၊စပါးဈေးကွက်မှာကို စပါးက အဝယ်လိုက်နေတာပါ"ဟု ပန်းတနော်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေးကျားစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၆၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ထိုင်းဘေးကျားစပါးသည် အရည်အသွေးကောင်းမွန်သည့် စပါးအမျိုးအစားဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၁၅ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၅၉၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ပဲတီစိမ်းဧက ၁၅၉၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၅၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေရှိပါတယ်" ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် ပဲတီစိမ်းများ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့နိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းသီးနှံများကို ယခုထက်ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စမုံရေငုပ်ပြွန်အသစ်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး



**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက မိတ္ထီလာခရိုင်အတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် စမုံရေငုပ်ပြွန်အသစ် ပြန်လည်တည်ဆောက်မှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရမည်းသင်းမြို့ အင်ကြင်းကန်ကျေးရွာအုပ်စုရှိ နွေစပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ အခမ်းအနားသို့ရောက်ရှိပြီး ခြောက်တန်းသွား မျိုးစေ့ချလက်ဆွဲစက်နှင့် ၁၀ တန်းသွား မျိုးစေ့ချစက်တို့ဖြင့် တောင်သူများအား သရုပ်ပြသနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး မိတ္ထီလာမြို့နယ်ရှိ တောမကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာရှိ ကွင်းအမှတ် (၈၅၅)၊ နွေနှမ်းဧက ၅၀ စိုက်ပျိုးရန်ပြင်ဆင်နေမှုများနှင့်ရေပေးဝေနေမှုအခြေအနေများကို လည်းကောင်း၊ မိတ္ထီလာမြို့နယ်ရှိ ဇောင်ချမ်းကုန်းကျေးရွာအုပ်စု၊ ဇောင်ချမ်းကုန်းကွင်း၊ ကွင်းအမှတ်(၇၃၇)၊ နွေနှမ်းဧက ၁၀၀ စိုက်ပျိုးရန်ပြင်ဆင်နေမှုများနှင့် ရေပေးဝေမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးရာ လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇောင်ချမ်းကုန်းကျေးရွာ အုပ်စု ဇောင်ချမ်းကုန်းကွင်း၌တောင်သူများနှင့် တွေ့ဆုံသည့် အခမ်းအနား၌ တောင်သူများအား ဧက ၁၀၀ အတွက် နွေနှမ်းဆင်းရတနာ-၃ မျိုးသန့် မျိုးပွားမျိုးစေ့များနှင့် ယူရီယားမြေဩဇာများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဝမ်းတွင်းမြို့နယ် ကင်းတားလက်ဝဲမြောင်း၊ စမုံရေငုပ်ပြွန်အသစ် ပြန်လည်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးရေး အလေးထားဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ အကွက်(၁၀၃) မင်းတဲအီကင်းရပ်နေ ဒေါ်သန်းသန်းဝင်း၊ မောင်- ဦးခင်မောင်ကြီးက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျရေသန့်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မင်းက လက်ခံရယူစဉ်။

# ပြည်မြို့နယ်ရှိ ကုလားတန်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပြည် ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုလားတန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများ ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့်အတူ ကုလားတန်ကျေးရွာ၌ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ပြည်မြို့နယ် ကုလားတန်ကျေးရွာ၌ အရှည်ပေ ၁၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ် ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေကျပ် ၁၁ ဒသမ ၅ သန်းဖြင့် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ချိုလေး**

# နမ့်စန်မြို့နယ် ဝမ်ကုန်းလမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**နမ့်စန် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ကုန်းလမ်းကျေးရွာ၌ န၀မအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးအောင်က ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြစိမ်းရောင်စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၅ ဒသမ ၈ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဝမ်ကုန်းလမ်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦးကို ငွေကျပ် ၅၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၂၁၀၀ စိုက်ပျိုးပြီးစီး

**ဝက်လက် ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၂၁၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၂၁၂၅ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ်အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၁၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဝက်လက်မြို့နယ်မှာ ပဲကြီး ၂၁၂၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၁၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲကြီးစိုက်ပျိုးတောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့် သီးနှံများထက် အရည်အသွေးများ ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်အတွင်းသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်ထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် အဆိုပါနည်းစနစ်များဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာနိုင်ကြောင်း သိရသည်။

(၂၀၆)



# မင်းဝိုင်းဖွားစောကျောက်စာ

မောင်သာ(ရွှေဟောင်းသုတေသန)

ပုဂံယဉ်ကျေးမှုနယ်မြေ၊ မင်းနန်သူရွာ၏ အနောက်မြောက်ဘက်ရှိ မင်းဝိုင်းဂူဘုရားတွင် မိဖုရားဖွားစောရေးထိုးခဲ့သည့် ကျောက်စာသည် မင်းဝိုင်းဖွားစောကျောက်စာဟု ထင်ရှားခဲ့သည်။ ဂူဘုရားနှင့်ကျွန်များအပါအဝင် လှူဒါန်းမှုအစုစုကို မှတ်တမ်းတင်ထားသည့် ထိုကျောက်စာကိုတွေ့ရှိခဲ့သည့် မင်းဝိုင်းတစ်ထပ်ဂူဘုရားသည် ပုဂံစေတီပုထိုး မှတ်ပုံတင်စာရင်းတွင် ဘုရားအမှတ်(၆၈၀)ဖြစ်၍ လေးမျက်နှာဘုရား (ဘုရားအမှတ် ၄၄၇)၏ အနောက်မြောက်ဘက်တွင် တည်ရှိသည်။

မင်းဝိုင်းဂူဘုရားသည် ၁၃ ရာစုတွင် တည်ဆောက်ခဲ့သည့် အရွယ်အစားမကြီးမားသော ဘုရားတစ်ဆူဖြစ်၍ ဘုရားလိုဏ်အတွင်း၌ နံရံဆေးပန်းချီများကို ထိန်းသိမ်းထားပြီး ဘုရားလိုဏ်အတွင်းရှိ ဆင်းတုတော်လေးဆူမှာမူ ဦးခေါင်းတော်များမရှိဘဲ ပျက်စီးနေကြပြီဖြစ်သည်။ မင်းဝိုင်းဘုရားကို ၁၂၆၅ ခုနှစ်တွင် တည်ထားခဲ့သည်ဟု ပုဂံစေတီပုထိုးများစာရင်း မှတ်တမ်းစာအုပ်တွင် ဖော်ပြထားသည်။

မင်းဝိုင်းဂူဘုရားကျောက်စာကို မင်းဝိုင်းကျောင်းကျောက်စာဟုလည်းဖော်ပြကြကာ ထိုကျောက်စာကို ပုဂံခေတ်မိဖုရားတစ်ပါးဖြစ်သည့် ဖွားစောက ရေးထိုးခဲ့သည်။ သို့သော် ပုဂံခေတ်တွင် ဖွားစောအမည်ဖြင့် မိဖုရားလေးပါးရှိခဲ့သဖြင့် အခြားဖွားစောများနှင့် ရောထွေးမသွားစေရန် မင်းဝိုင်းဖွားစောကျောက်စာဟု အမှတ်အသားပြုခဲ့ကြသည်။

**မင်းဝိုင်းဖွားစော**

မင်းဝိုင်းဂူဘုရားကျောက်စာကို ရေးထိုးခဲ့သည့် ဖွားစောသည် ပုဂံဘုရင် နားတောင်းများမင်း (၁၂၁၁-၁၂၃၁)၏ သားတော် နရသိဃ်ဥစ္စနာမင်း(၁၂၃၁-၁၂၃၅) ၏မိဖုရားဖြစ်သည်။ နရသိဃ်ဥစ္စနာသည် နရပတိစည်သူမင်း (၁၁၆၅-၁၂၁၁)၏ မြေးတော်ဖြစ်သည်။

မြန်မာရာဇဝင်ကျမ်းများတွင် ပုဂံမင်းဆက်၌ ဘုရင် ၅၅ပါးနန်းစံခဲ့ကြောင်း ဖော်ပြလေ့ရှိပြီး အချို့ရာဇဝင်ကျမ်းများတွင် နရသိဃ်ဥစ္စနာမင်း အမည်မပါရှိချေ။ ဆရာတော် အရိယာဝံသအာဒိစ္စရံသီ ပြုစုသည့် မုံရွာမဟာရာဇဝင်ကျော်ပေမူတွင် ပုဂံမင်းဆက်ကို ဘုရင် ၅၈ ပါးပြထားသည့်တိုင် နရသိဃ်ဥစ္စနာမင်း မပါဝင်ခဲ့ချေ။

သို့သော် နှောင်းခေတ်သမိုင်းပညာရှင်များက နားတောင်းများမင်းနှင့် ကျစွာမင်းကြားတွင် နရသိဃ်ဥစ္စနာမင်း နန်းတက်ခဲ့သည်ဟု ယူဆကြသည်။ ထို့အတူ ကျောက်စာများနှင့်တိုက်ဆိုင်စစ်ဆေးပြီး တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညိုပြုစုခဲ့သည့် တွင်းသင်းမဟာရာဇဝင်သစ်တွင် ကျမ်းတည်းဖြတ်သူ သမိုင်းပညာရှင်များက ဒေါက်တာသန်းထွန်း၏ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲစာအုပ်နှင့် ဒေါက်တာဗိုလ်လေး၏ မိဿလင်္ကာသုတေသနကျမ်းစာအုပ်တို့ကို အောက်ခြေမှတ်စုတွင် ကိုးကားဖော်ပြ၍ နားတောင်းများမင်း(၁၂၁၁-၁၂၃၁)နှင့် ကျစွာမင်း(၁၂၃၅-၁၂၅၁) ကြားတွင် နရသိဃ်ဥစ္စနာ (၁၂၃၁-၁၂၃၅)အမည်ရှိ ပုဂံမင်းတစ်ပါးရှိခဲ့ကြောင်း ဖော်ပြထားသည်။

နရသိဃ်ဥစ္စနာမင်းတွင် အမိဖုရားစောနှင့် သခင်စောဟူသည့် မိဖုရားနှစ်ပါးရှိခဲ့သည်။ ထိုမိဖုရားနှစ်ပါးလုံးသည် ဖွားစောဟုပင် ထင်ရှားကြသည်။ ဗိုလ်မှူးဘရှင်၏ ပုဂံခေတ်ဖွားစောများစာတမ်းတွင် ဖွားစောအမည်ခံ မိဖုရားကြီးများ ခေါင်းစဉ်အောက်၌ ပုဂံခေတ်တွင် စော(စဝ်၊စဖ်) ဘွဲ့မည်ကိုခံယူသော မင်းမိဖုရားကြီးလေးပါးရှိခဲ့ကြောင်း မင်စာ၊ ကျောက်စာအထောက်အထားတို့မှ သိရသည်ဟု ဖော်ပြထားသည်။

ပထမဖွားစောသည် နရသိဃ်ဥစ္စနာ၏ မိဖုရားကြီး အမိဖုရားစော၊ ဒုတိယဖွားစောသည် ထိုမင်း၏ အခြားမိဖုရားတစ်ပါးဖြစ်သော မင်းဝိုင်းဖွားစော၊ တတိယဖွားစောသည် နရသီပတေ့မင်း (တရုတ်ပြေးမင်း)(၁၂၅၆-၁၂၈၇)၏ မိဖုရားတစ်ပါးဖြစ်သော လှဝန်းဖွားစောနှင့် စတုတ္ထဖွားစောမှာ ကျော်စွာမင်း(၁၂၈၈-၁၂၉၈)၏ မိဖုရားသစ်မထီးဖွားစောဖြစ်ကြောင်း ထိုစာတမ်းတွင်ရေးသားဖော်ပြထားသည်။

နရသိဃ်ဥစ္စနာမင်း၏ မိဖုရားနှစ်ပါးစလုံးသည် ဂူဘုရားတည်၍ ကျောက်စာရေးထိုးခဲ့ကြရာ ပထမဖွားစောဖြစ်သည့် အမိဖုရားစောသည် ဓမ္မရံကြီးဂူဘုရား၏ အနောက်တောင်ဘက်ရှိ မြောက်ဂူနီဘုရားတွင် ကျောက်စာရေးထိုးခဲ့သဖြင့် မြောက်ဂူနီဖွားစောကျောက်စာဟု ထင်ရှားခဲ့သည်။ ဒုတိယဖွားစောဖြစ်သည့် မင်းဝိုင်းမိဖုရားကလည်း မင်းဝိုင်းဂူဘုရားတွင် ကျောက်စာတစ်ချပ်ကို ရေးထိုးခဲ့ရာ မင်းဝိုင်းဖွားစောကျောက်စာဟုလည်းကောင်း၊ သခင်ဖွားစောကျောက်စာဟုလည်းကောင်း ထင်ရှားခဲ့သည်။

**❖ကျောက်စာရှင်က ဤသို့လှူ၍ ငါပြုသောကောင်းမှုအကျိုးကားဟူ အစချီပြီး မိမိ၏ ခပ်သိမ်းသော သခင်သုံးပါးဖြစ်သည့် လင်မင်းကြီး၊ သားတော်မင်းကြီးနှင့် မြေးတော်မင်းကြီးကစ၍ နောင်တွင်နန်းစံမည့် မင်းအပေါင်းလည်း မိမိနှင့်အတူ ကောင်းကျိုးရပါစေကြောင်း ဆုတောင်းခဲ့သည်။ ဆက်လက်၍ မင်းသား၊ မင်းသမီး၊ မောင်းမ ခပ်သိမ်း၊ အမတ်ဗိုလ်ပါအပေါင်းနှင့် အောက်အဝီစိအထက်ဘဝဂ်တိုင် စကြဝဠာ၌နေသော သိကြား၊ ဗြဟ္မာ၊ နတ်အပေါင်း၊ ယမမင်း၊ လူစသော သတ္တဝါခပ်သိမ်းလည်း ကောင်းမှုအဖို့ကို ရစေကုန်၊ သံသရာဆင်းရဲမှ လွတ်မြောက်၍ ဆင်းရဲမဲ့သော နိဗ္ဗာန်ပြည်သို့ ရောက်စေကုန်ဟု တောင်းဆုပြုခဲ့သည်။❖**

**မင်းဝိုင်းဖွားစောကျောက်စာ**

မင်းဝိုင်းဖွားစောကျောက်စာကို မျက်နှာနှစ်ဖက် ရေးထိုးထားရာ ရှေ့မျက်နှာတွင်စာကြောင်းရေ ၄၄ ကြောင်းနှင့် ကျောဘက်မျက်နှာတွင် စာကြောင်းရေ ၄၂ ကြောင်းပါရှိသည်။

မင်းဝိုင်းဖွားစောကျောက်စာသည် သိဃ်သူ့သမီး ကျောက်စာနှင့် အပြိုင်ထင်ရှားသည့် အလှူမှတ်တမ်းကျောက်စာတစ်ချပ်ဖြစ်သည်။ ကျောက်စာ ရှေ့မျက်နှာတွင် သက္ကရာဇ် ၆၂၇ ခု၊ သက္ကရာဇ် ၆၁၆ ခု၊ သက္ကရာဇ် ၆၂၃ ခု၊ သက္ကရာဇ် ၆၀၄ ခု၊ သက္ကရာဇ် ၅၉၈ ခု၊ သက္ကရာဇ် ၆၁၅ ခုနှင့် သက္ကရာဇ် ၆၂၆ ခုတွင် ပြုလုပ်ခဲ့သည့် အလှူမှတ်တမ်းနှင့် ဖြစ်စဉ်ဖြစ်ရပ်တချို့ကို ရေးထိုးထားသည်။ သို့သော် ကျောက်စာရေးထိုးထားမှုသည် သက္ကရာဇ်စဉ်အတိုင်းမှတ်တမ်းတင်ထားခြင်းမဟုတ်ကြောင်း သတိပြုနိုင်ပေသည်။

ကျောက်စာ ကျောဘက်မျက်နှာတွင်လည်း သက္ကရာဇ် ၆၁၄ ခု၊ သက္ကရာဇ် ၆၃၃ ခု နှင့် သက္ကရာဇ် ၆၃၄ ခုတွင်ပြုလုပ်ခဲ့သည့် အလှူမှတ်တမ်းများကို ရေးထိုးထားသည်။

ကျောက်စာကို နမောသဗ္ဗဗုဒ္ဓါနံဟူသည့် ဘုရားရှိခိုးဖြင့် စတင်ရေးထိုးပြီး သက္ကရာဇ် ၆၂၇ ခု၊ ပြာသိုလပြည့်၊ ဗုဒ္ဓဟူးနေ့တွင် အာမနာအရပ်၌ တင့်တယ်သော အုတ်အရံတံတိုင်းပြုလုပ်၍ တံတိုင်းအတွင်း၌ ကလသာအိုးနှင့်တူသော စကြီအထက်၌ လေးမျက်နှာရှိသည့် ဂူဘုရားကိုတည်ကြောင်း၊ ဂူတွင် အရပ်လေးမျက်နှာ၌ ဘုရားဆင်းတုများကို ပူဇော်ထားရှိကြောင်း၊ ပိဋကသုံးပုံထားရှိမည့် ကုလားကျောင်းကိုဆောက်လုပ်၍ ထိုကျောင်းတွင် ပိဋကတ်တော်များကို ရွှေတလားနှင့်ထားရှိကြောင်း၊ လယ်၊ ကျွန်နှင့် ဥယျာဉ်များကိုလည်း လှူဒါန်းကြောင်း ရေးထိုးထားသည်။

မင်းဝိုင်းဘုရားသည် လေးထောင့်ပန္နက်ပေါ်၌ တည်ထားသည့် လေးမျက်နှာဂူဘုရားတစ်ဆူဖြစ်သည်။ ကျောက်စာတွင် ရေးထိုးထားသည့်အတိုင်း မင်းဝိုင်းဂူဘုရား၏မုခ်ပေါက် အရပ်လေးမျက်နှာတွင် ဗုဒ္ဓဆင်းတုများကို ယနေ့တိုင် မြင်တွေ့နိုင်ပေသည်။

ကျောက်စာတွင် ရေးထိုးထားမှုအရ မင်းဝိုင်းဖွားစောသည် နရသိဃ်ဥစ္စနာမင်းလက်ထက်မှ နရသီဟပတေ့မင်းလက်ထက်ထိရှိခဲ့သည်။ မိဖုရားမင်းဝိုင်းဖွားစောသည် ပုဂံဘုရင်အဆက်ဆက်တွင် ဘုရင်များ၏ အရေးပေးခြင်းခံရပုံများကို ကျောက်စာတွင် ဖတ်ရှုနိုင်သည်။

နရသိဃ်ဥစ္စနာမင်း နတ်ရွာစံပြီးနောက် နန်းတက်ခဲ့သည့် ကျစွာမင်းက ဖွားစောကိုလယ်နှင့်ကျွန်များ ပေးကမ်းခဲ့သည်။ ကျစွာမင်းသည် နရသိဃ်ဥစ္စနာမင်း၏ ညီတော်ဖြစ်ကာ ကျောက်စာပါစာသားများအရ ကျစွာမင်းသည် နှောင်တော်၏ မိဖုရားဖွားစောကို စောင့်ရှောက်ခဲ့ကြောင်း မှန်းဆနိုင်မည်ဖြစ်သည်။

အပြစ်ကြောင့် ကွန်ပြောက်ငယ်အရပ်တွင် နေရသည့် သိဃ်ပိကြဲဆိုသူကို ကျစွာမင်းက ပုဂံတွင် နေထိုင်ခွင့်ရရန် စောင့်ရှောက်ခဲ့သဖြင့် သိဃ်ပိကြဲ၏ မယားက ကျေးဇူးဆပ်သည့်အနေဖြင့် ကျစွာမင်းအားလယ်၊ ဥယျာဉ်နှင့်ကျွန်များကို ပေးခဲ့သည်။ ကျစွာမင်းက ထိုလယ်၊ ဥယျာဉ်နှင့် ကျွန်များကို ဖွားစောအားပေးခဲ့သည်။ ကျစွာမင်းနောက်တွင် နန်းတက်ခဲ့သည့် ဥစ္စနာသည် ဖွားစော၏သားတော်ဖြစ်၍ သားတော်ကလည်းဖွားစောကို မြေနှင့်ကျွန်များကို သုံးကြိမ်တိုင်ပေးကမ်းချီးမြှင့်ခဲ့သည်။ ဖွားစောသည် မြေးတော်နရသီဟပတေ့ လက်ထက်တိုင် အဘွားတစ်ဦးအဖြစ် အလေးပေးခံခဲ့ရကြောင်း ကျောက်စာက ဖော်ညွှန်းနေသည်။

ဖွားစောပိုင်ဆိုင်သည့် မြေတချို့ကို အိမ်နိမ့်ကျွန်ငရစ်သင်က သူ၏မယ်တော်ပိုင်ပစ္စည်းဟု စွပ်စွဲလာချိန်တွင် မြေဖြစ်သူဘုရင်ကို ဖွားစောက အသိပေးခဲ့သည်။ မြေးဖြစ်သူ နရသီဟပတေ့မင်းက ဖွားစောဘက်မှရပ်တည်ခဲ့ကာ အဖွားစောကို မဟာဒါန်ပေးခဲ့သည့်အတိုင်း နိုင်အောင်မူစေဟု မှာကြားခဲ့သဖြင့် ဖွားစောအမှုနိုင်ခဲ့ပြီး မင်းကြီးက ဖွားစောကို မြေနှင့်ကျွန်များ ထပ်မံပေးခဲ့သည်။ မင်းဝိုင်းဖွားစောသည် မင်းအဆက်ဆက် ချီးမြှင့်ခဲ့သည့် ဝတ္ထုအစုစုကို လှူဒါန်းမှုအကြိမ်ကြိမ် ပြုလုပ်ခဲ့ကာ ရေစက်သွန်းချခဲ့ကြောင်း မှတ်တမ်းပြုခဲ့ပေသည်။

**ကျောက်စာပါ ဖော်ပြချက်များ**

မင်းဝိုင်းဖွားစောကျောက်စာတွင် မိဖုရားဖွားစော၏ ကိုယ်ရေးဆိုင်ရာအကြောင်းအရာများ၊ ကုသိုလ်ကောင်းမှုပြုပုံများ၊ ဆုတောင်းနှင့် ကျိန်စာများကို ရေးထိုးခဲ့သည်။

ကျောက်စာရေးထိုးထားသည့် အရေးအသားသည် သေသပ်ခမ်းနား၍စိတ်ဝင်စားဖွယ်ကောင်းကာ ကျောက်စာရှင်၏စိတ်ဓာတ်ကို ကျောက်စာက တစ်ဆင့် မှန်းမျှော်ကြည့်နိုင်ကြောင်း မြန်မာစာပေပညာရှင်ဆရာစောလူက သုံးသပ်ခဲ့သည်။

မင်းဝိုင်းကျောက်စာအရေးအသားတွင် နန်းတွင်းသူမိဖုရားရေးထိုးသည့် ကျောက်စာဖြစ်ကြောင်း ပေါ်လွင်နေခဲ့သည်။ ကျောက်စာအစ၌ အသရေရှိသော ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၌ ရှိသေမြတ်(နိုး)ထသော၊ သူတော်တကာ၏ ကိုးကွယ်ရာဖြစ်ထသော၊ အလွန်သောမင်းတကာနှင့် ညီညွတ်ထသော၊ ဆင်ဖြူစသော ရတနာအပေါင်းအဖော်သခင်ဖြစ်ထသော၊ ဇမ္ဗူဒိပ်ကျွန်း၌ထွန်းသောနေကဲ့သို့ အရှိန်စော် အရောင်တောက်ပသော၊ အသရေရှိသော သိရိဘုဝနာဒိတျာဓမ္မရာဇာ ဥစ္စနာမည်သော မင်းကြီးဖွားရင်း"ဟု ခံ့ညားစွာ ရေးထိုးထားသည်။ မိဖုရားဖွားစောသည် မိမိ၏ဂုဏ်ပုဒ်ထက် မြေးမင်းကြီး၏ ဂုဏ်ပုဒ်များပိုမိုထင်ရှားစေရန် နာမဝိသေသနပုဒ်များဖြင့် ဖွဲ့နွဲ့ရေးထိုးခဲ့သည်။

ပုဂံကျောက်စာများ၏ အစဉ်အလာအတိုင်း မိမိလှူဒါန်းမှု၏ ရည်ရွယ်ချက်ကို ဖော်ပြရာတွင် မိဖုရားဖွားစောသည် ဘုရားသာသနာ၌ ယုံကြည်စွာသဒ္ဓါ၍ ဆင်းရဲခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်ချမ်းသာကိုလို၍ လှူဒါန်းခြင်းဖြစ်ကြောင်း ရိုးရှင်းစွာ မှတ်တမ်းပြုခဲ့သည်။ ဆက်လက်၍ မိမိအလှူပြုပုံကို အကျယ်တဝင့် ရေးထိုးခဲ့သည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၊ ပစ္စည်းလေးပါး အထောက်အပင့်ဖြစ်စိမ့်သောငှာ လှူသောဟု စကားဦးဆိုပြီးမှ လှူဒါန်းသည့် မြေ၊ ကျွန်နှင့် ဥယျာဉ်စာရင်းကို ဖော်ပြခဲ့သည်။

ကျောက်စာ ကျောဘက်မျက်နှာတွင် "ဤသို့ အတုမဲ့လှူ၍ ငါပြုသောကျောင်းတော်၌ ငါမူသော ကောင်းမှုခပ်သိမ်းသောကို အခါမြင့်မြဲတည်စိမ့်သောငှာ မြေမဟာဒါန်ဥယျာဉ် ငါလှူ၏။ ငါပြုသော ကောင်းမှုခပ်သိမ်းသောကို အခါမြင့်မြဲပြုသော ဖာသောမူစိမ့်သောငှာ၊ ဘုရားတရား၌ သင်ပုတ်၊ ကွမ်းပန်းမပြတ် ဝတ်လုပ်ကျွေးတင်စိမ့်သောငှာ ဆီမီးမပြတ် ညှိစိမ့်သောငှာ၊ သည်းခံသောသခင်တို့ကို ဆွမ်းပစ္စည်းဖြင့် လုပ်ကျွေးစိမ့်သောငှာ၊ ကျွန်လည်း ငါလှူ၏။ နို့သစ်၊ နို့ဓမ်း၊ ရက်တက်၊ ထောပေး၊ ထောပတ်အရသာငါးပါးစားစိမ့်သောငှာ နွားလည်း ငါလှူ၏"ဟု ရေးထိုးထားသည်။

ထိုလှူဒါန်းမှုတွင် မဟာဒါန်မြေများနှင့် ဥယျာဉ်များသည် ကျောင်း၊ ဘုရားအစရှိသည့် အဆောက်အအုံများကို ထိန်းသိမ်းရန်၊ ကျွန်များသည် ကျောင်း၊ ဘုရားဝေယျာဝစ္စဆောင်ရွက်ရန်နှင့် နွားများသည် ရဟန်းတော်များနို့ထွက်ပစ္စည်းများကို သုံးဆောင်နိုင်ရန်ဖြစ်ကြောင်း ထင်ရှားခဲ့သည်။

ထိုရေးထိုးဟန်သည် နားတောင်းများမင်း၏ အမတ်အနန္တသူမောင်နှံရေးထိုးခဲ့သည့် ကျောက်စာတိုင် နှစ်တိုင်တွင်ပါရှိသည့် အရေးအသားနှင့် ဆင်တူ

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဖေဖော်ဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းကဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၄၂၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူအားကောင်းလျက်ရှိကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ဒီဘက်ကနေ ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို ဇန်နဝါရီလရဲ့ ပထမပတ်လောက်ကနေစတင်ပြီး ဝယ်လိုအားက သိသိသာသာတက်ခဲ့တာ ဖြစ်ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံလုပ်ငန်းရှင်တွေက အဆက်မပြတ် တင်ပို့ရောင်းချနေရတာ ဖြစ်ပါတယ်။ အခုလို အခက်အခဲမရှိ အဆင်ပြေပြေတင်ပို့ရောင်းချနေရလို့ ကုန်သည်တွေ အဆင်ပြေပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင်တစ်အိတ် လျှင်ငွေကျပ် ၅၅၅၀၀ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ဆန်ကွဲများ တင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် စပါးစိုက်ပျိုးသည့် တောင်သူများ၊ ဆန်စပါးရောင်း ဝယ်ရေးကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

နေကြောင်း သတိပြုနိုင်ကြပေသည်။

**မင်းဝိုင်းဖွားစော၏ ဆုတောင်းစာနှင့် ကျိန်စာ**

မင်းဝိုင်းဖွားစောသည် မိမိပြုလုပ်ခဲ့သည့် ကုသိုလ် ကောင်းမှုအတွက် ဆုတောင်းစကားကို အကျယ်တဝင့် ရေးထိုးခဲ့သည်။ ကျောက်စာရှင်က ဤသို့လျှင် ငါပြုသောကောင်းမှုအကျိုးကားဟု အစချီပြီး မိမိ၏ ခပ်သိမ်းသော သခင်သုံးပါးဖြစ်သည့် လင်မင်းကြီး၊ သားတော်မင်းကြီးနှင့် မြေးတော်မင်းကြီးကစ၍ နောင်တွင်နန်းစံမည့် မင်းအပေါင်းလည်း မိမိနှင့်အတူ ကောင်းကျိုးရပါစေကြောင်း ဆုတောင်းခဲ့သည်။ ဆက်လက်၍ မင်းသား၊ မင်းသမီး၊ မောင်းမခပ်သိမ်း၊ အမတ်ဗိုလ်ပါ အပေါင်းနှင့် အောက်အဝီစိအထက်ဘဝဂ်တိုင် စကြဝဠာ၌နေသော သိကြား၊ ဗြဟ္မာ၊ နတ်အပေါင်း၊ ယမမင်း၊ လူစသော သတ္တဝါခပ်သိမ်းလည်း ကောင်းမှုအဖို့ကို ရစေကုန်၊ သံသရာဆင်းရဲမှ လွတ်မြောက်၍ ဆင်းရဲမဲ့သော နိဗ္ဗာန်ပြည်သို့ ရောက်စေကုန်ဟု တောင်းဆုပြုခဲ့သည်။

နိဗ္ဗာန်မရမီအကြား လူဖြစ်လျှင် လူတကာထက်မြတ်သော စည်းစိမ်ကိုရလိုကြောင်း၊ နတ်ဖြစ်လျှင်လည်း၊ နတ်တကာထက်မြတ်သော အဆင်းရောင်ဝါနှင့်ပြည့်စုံ၍ အသက်ရှည်သော ၊ အနာမဲ့သော၊ အဆင်းလှသော၊ အသံသာသော၊ အလုံးအရပ်လှသော၊ လူနတ်ခပ်သိမ်း ချစ်ခင်ရိုသေသော၊ မြတ်နိုးသောသူဖြစ်လိုကြောင်း၊ ရွှေ၊ ငွေ၊ ပတ္တမြား၊ ပုလဲ၊ သန္တာစသော သက်မဲ့ဥစ္စာ၊ ဆင်၊ မြင်းစသောသက်ရှိ ဥစ္စာရတနာများစွာရလိုကြောင်း၊ ဘုန်းတန်ခိုးဖြင့် အခြံအရံ၊ အကျော်အစောကြီးမားလိုကြောင်းဖြစ်လေရာအရပ်၌ အလှူသီတင်း၊ သဒ္ဓါ၊ ပညာစသော မြတ်သောကျေးဇူးနှင့်ပြည့်စုံလျက် ဆင်းရဲကိုမသိလိုကြောင်း၊ လူစည်းစိမ်၊ နတ်စည်းစိမ်ကိုခံစားပြီး အဆုံး၌ အရဟတ္တဖိုလ်မည်သောအကျွတ်တရားရရှိ၍ နိဗ္ဗာန် ကိုရလိုကြောင်း ခမ်းနားစွာဆုတောင်းရေးထိုးခဲ့သည်။

မင်းဝိုင်းဖွားစောကျောက်စာ၌ ရေးထိုးထားသောကျိန်စာတွင် မိမိအလှူကို ဖျက်ဆီးသော၊ လုယက်စားသူတို့သည် ခုနစ်ရက်၊ ခုနစ်လ၊ ခုနစ်နှစ် အတွင်း အနာများပါစေ၊ ဆင်းရဲကြီးပါစေ၊ အသက်တိုပါစေ၊ လူပြိတ္တာ ဖြစ်ပါစေ၊ ချစ်သော မယား၊ သား၊ လင်တို့နှင့် ကွေ့ကွင်းပါစေ၊ စည်းစိမ် ဥစ္စာများအကြွင်းမဲ့ ပျက်စီးပါစေ၊ မင်းဘေးသင့်ပါစေ၊ အိမ်သို့ မိုးကြိုး ပုဆိန်ကျပါစေ၊ မီးဘေး စသောဘေးကြီးသင့်ပါစေ၊ သေသောအခါ မြေပုံအလုံးအတိုင်း အဝီစိငရဲကျ၍ ကျက်ပါစေ၊ ငရဲမှပြိတ္တာ၊ ပြိတ္တာမှငရဲအတိုင်းမသိ ဆင်းရဲခံရပါစေဟု ကြောက်မက်ဖွယ် ရေးထိုးခဲ့သည်။

ကျောက်စာနိဂုံးတွင် သက္ကရာဇ် ၆၃၄ ခုနှစ်၊ ကဆုန်လဆန်း၁၂ ရက်၊ သောကြာနေ့ နေသုံးဖဝါး အချိန်တွင် အလှူအားလုံးကို ဘုရားရှင်ကို အပ်နှင်း၍ ဘုရားရှင်က ပိုင်စိုးစေသတည်းဟု ရေစင်တော်သွန်းချပြီး လှူတော်မူကြောင်းရေးထိုးကာ ကျောက်စာကို အဆုံးသတ်ထားပေသည်။

**ကိုးကား**

**- မင်းဝိုင်းကျောင်းကျောက်စာ**

**- ပုဂံခေတ် မြန်မာစာ(စောလူ)**

**- ပုဂံခေတ်ဖွားစောများ(ဗိုလ်မှူးဘရှင်)**

## စာပေကိုမြှင့် မျိုးဂုဏ်တင့်

- စာပေကို မြှင့်တင်ကြရင်ဖြင့်
  မျိုးဂုဏ်က ကမ္ဘာ့အလယ်၊
  တက်နေပမာ ရောင်ခြည်ဆင့်သလိုပ
  တောက်ပတင့်တယ်၊
  စာပေစကား ခေတ်အဆက်ဝယ်
  အသစ်သစ်ရယ် တိုးတက်ပွား၊
  ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
  တန်ဖိုးမြင့်မား။

- မြန်မာစာ မြန်မာစကား
  ထိန်းသိမ်းထား မျိုးနွယ်ဆွေ၊
  မြန်မာဟန် မြန်မာမှု
  ဂရုပြုစေ၊
  ဂန္ထဝင်သမိုင်း စာအထွေထွေ
  ဖတ်ကာလေ အဆင့်မြင့်၊
  စာဖတ်ရှိန် ထပ်ကာတိုးတော့
  မျိုးရိုးဂုဏ်တင့်။

- ကမ္ဘာ့အလယ် အသွင်ဝင့်
  စာပေအဆင့် မြင့်မားလာ၊
  ဂန္ထဝင်စာပေများ
  ရေးသားထွင်ကာ၊
  ခေတ်စနစ် နည်းပညာ
  အတူယှဉ်ပါ ရေးရှုပေး၊
  ရေမြင့်လျှင် ကြာတင့်သလိုပ
  (စာပေများကို)
  မြှင့်တင်စို့လေး။

**ချစ်သက်(မြန်မာစာ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## အမေရိကန်ခရီးသည်တင်လေယာဉ်တစ်စင်း ကနေဒါလေဆိပ်အဆင်း တိမ်းမှောက်

**အော့တဝါ ဖေဖော်ဝါရီ ၁၈**

အမေရိကန်နိုင်ငံ ဒယ်လ်တာလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဖေဖော်ဝါရီ ၁၇ ရက်က ကနေဒါနိုင်ငံ တိုရွန်တိုပီယာဆန် လေဆိပ်သို့ ဆင်းသက်စဉ် တစ်ခြမ်းစောင်း ဆင်းသက်ခဲ့ရပြီးနောက် တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါလေယာဉ်မတော်တဆမှုကြောင့် လိုက်ပါလာသူခရီးသည်နှင့် လေယာဉ်အမှုထမ်းများသေဆုံးသူမရှိခဲ့ဘဲ ၁၈ ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။

စီအာရ်ဂျေ ၉၀၀ အမျိုးအစား အဆိုပါခရီးသည်တင် လေယာဉ်သည် တိုရွန်တိုပီယာဆန်လေဆိပ်သို့အဆင်းတွင် တောင်ပံတစ်ဖက်လည်း ပြုတ်ထွက်ခဲ့ရကြောင်း ကနေဒါတာဝန်ရှိသူများက ပြောကြားခဲ့သည်။

၎င်း ခရီးသည်တင်လေယာဉ်သည် နှင်းမုန်တိုင်းကြောင့် ရာသီဥတုဆိုးရွားနေချိန်တွင် တိုရွန်တိုပီယာဆန်လေဆိပ်၌ ဆင်းသက်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။

ဒယ်လ်တာလေကြောင်းလိုင်း ခရီးသည်တင် လေယာဉ်ပေါ်တွင် ခရီးသည် ၇၆ ဦးနှင့် လေယာဉ်အမှုထမ်းလေးဦးတို့ လိုက်ပါလာသည်။

ဒယ်လ်တာလေကြောင်းလိုင်း ခရီးသည်တင် လေဆိပ်အဆင်း ပျက်ကျတိမ်းမှောက်မှုကို စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ကနေဒါတာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : Xinhua
Trs : KKO

## ဘိုလီးဗီးယား၌ ခရီးသည်တင်ဘတ်စကား ချောက်ထဲထိုးကျမှုကြောင့် အနည်းဆုံး ၃၁ ဦးသေဆုံး

**လာပက်ဇ် ဖေဖော်ဝါရီ ၁၈**

ဘိုလီးဗီးယားနိုင်ငံ အနောက်တောင်ပိုင်း၌ ခရီးသည်တင်ဘတ်စကားတစ်စီး တောင်ပေါ်လမ်းပေါ်၌မောင်းနှင်နေစဉ် အရှိန်လွန်၍ ချောက်ထဲထိုးကျခဲ့ရာ အနည်းဆုံးလူပေါင်း ၃၁ ဦးသေဆုံးခဲ့ရကြောင်း ဘိုလီးဗီးယားတာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါခရီးသည်တင် ဘတ်စကားမတော်တဆမှုသည် ပိုတိုဆီအမည်ရှိမြို့နှင့်အိုရူရိုအမည်ရှိမြို့နှစ်မြို့ကြား တောင်ပေါ်လမ်းတွင် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးသည်တင် ဘတ်စကားသည် အချိုးအကွေ့များသော တောင်ပေါ်လမ်း၌ အရှိန်ဖြင့် မောင်းနှင်နေမှုကြောင့် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးချောက်ထဲ ထိုးကျခဲ့ရခြင်းဖြစ်သည်။

၎င်းခရီးသည်တင်ဘတ်စကားသည် မောင်းနှင်နေစဉ် အရှိန်မထိန်းနိုင်တော့ဘဲ အနက်မီတာ ၈၀၀ ရှိသည့် ချောက်ထဲထိုးကျခဲ့ရခြင်းဖြစ်သည်။


အဆိုပါ ယာဉ်မတော်တဆမှုကြောင့် လိုက်ပါလာသူ ခရီးသည် ၁၂ ဦးကျော်လည်း ဒဏ်ရာရရှိခဲ့သည်။

လူဦးရေ ၁၂ သန်း ရှိသော ဘိုလီးဗီးယားနိုင်ငံသည် မော်တော်ယာဉ် မတော်တဆမှုများကြောင့် နှစ်စဉ်ပျမ်းမျှလူပေါင်း၁၄၀၀သေဆုံးနေကြရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## အမေရိကန်နှင့် ရုရှားအဆင့်မြင့်တာဝန်ရှိသူများ ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့၌ ဆွေးနွေး



**ရီယာ့ဒ် ဖေဖော်ဝါရီ ၁၈**

အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံ ထိပ်တန်း တာဝန်ရှိသူများသည် ယနေ့တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့၌တွေ့ဆုံ၍ ယူကရိန်းပဋိပက္ခ အဆုံးသတ်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရီယာ့ဒ်ဆွေးနွေးပွဲသည် အမေရိကန်သမ္မတရာထူးကို ဒေါ်နယ်ထရန့်ရရှိခဲ့ပြီးနောက်ပိုင်း ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား ပထမဆုံး အဆင့်မြင့်တာဝန်ရှိသူများဆွေးနွေးပွဲဖြစ်သည်။

သို့ရာတွင် ယင်းဆွေးနွေးပွဲမှ ခိုင်မာသည့်ရလဒ်မျိုးထွက်ပေါ်နိုင်ဦးမည်မဟုတ်ကြောင်း ရုရှားနှင့် အမေရိကန်နှစ်နိုင်ငံစလုံးမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရီယာ့ဒ်မြို့ ဆွေးနွေးပွဲတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယို၊ အမျိုးသားလုံခြုံရေးအကြံပေးမိုက်ခ်ဝေါ့ဇ်၊ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့ဗ်၊ သမ္မတပူတင်၏ နိုင်ငံခြားရေးမူဝါဒအကြံပေး ယူရီယူရှာကော့ဗ်တို့ပါဝင်ခဲ့ကြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ရုရှားသမ္မတပူတင်တို့ ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ပြီး ခြောက်ရက်အကြာတွင်ရုရှား-အမေရိကန်နှစ်နိုင်ငံ အဆင့်မြင့်ဆွေးနွေးပွဲကို ရီယာ့ဒ်မြို့၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် ယူကရိန်းပဋိပက္ခကို အမြန်ဆုံး အဆုံးသတ်နိုင်ရေးအတွက် ရုရှားအစိုးရနှင့် ထိတွေ့ဆက်ဆံမှုများ ပိုမိုမြင့်တင်လာမှုကို ယူကရိန်းနှင့် ဥရောပနိုင်ငံများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

## အစိုးရဝန်ကြီးဌာနများကို လျှော့ချရန် ဗီယက်နမ်အမျိုးသားလွှတ်တော် အတည်ပြု

**ဟနွိုင်း ဖေဖော်ဝါရီ ၁၈**




အစိုးရဌာနအဖွဲ့အစည်း ၂၀ ရာခိုင်နှုန်းကို ဖျက်သိမ်းမည့် အုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲမှုအစီအစဉ်ကို ဗီယက်နမ်အမျိုးသားလွှတ်တော်က ယနေ့တွင် အတည်ပြုခဲ့သည်။

အဆိုပါ အုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲရေး အစီအစဉ်အရ ဗီယက်နမ်အစိုးရဝန်ကြီးဌာနများအရေအတွက်ကို လက်ရှိ ၁၈ခု မှ ၁၄ ခုသို့ လျှော့ချမည်ဖြစ်သည်။

အုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲရေးအစီအစဉ်အရ ဖျက်သိမ်းခံရမည့် အစိုးရဌာနများထဲတွင် အဖွဲ့အစည်းလေးခုနှင့်နိုင်ငံပိုင်ရုပ်သံလိုင်းငါးခုတို့လည်း ပါဝင်သည်။

အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို ဗီယက်နမ်အမျိုးသားလွှတ်တော်၌ မဲခွဲရာတွင် လွှတ်တော်အမတ် ၉၇ ရာခိုင်နှုန်းက ထောက်ခံမဲပေးခဲ့ကြသည်။

အစိုးရအဖွဲ့ကို ပြန်လည်တည်ဆောက်၍ ထိရောက်စွာလုပ်ငန်းယန္တရားလည်ပတ်နိုင်ရေးအတွက် အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို ဗီယက်နမ်အမျိုးသားလွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကြောင့် အတည်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ အထိအခိုက်ရှိလိမ့်မည်မဟုတ်ကြောင်း ဗီယက်နမ်အစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

Ref : Xinhua
Trs : KKO

## လက်ဘနွန်တောင်ပိုင်းနေရာ ငါးနေရာ၌ အစ္စရေးတပ်များ ဆက်လက်တပ်စွဲထားမည်

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၈**

လက်ဘနွန်နိုင်ငံတောင်ပိုင်း နေရာငါးနေရာတို့၌ အစ္စရေးတပ်များ ဆက်လက်တပ်စွဲထားမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကတ်ဇ်က ယနေ့တွင် အတည်ပြုကြေညာခဲ့သည်။

လက်ဘနွန် တောင်ပိုင်းမှ အစ္စရေးတပ်များပြန်လည်ရုပ်သိမ်းပေးရမည့် နောက်ဆုံးသတ်မှတ်ရက်ကုန်ဆုံးခဲ့ပြီး မကြာမီမှာပင် အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးလ်ကတ်ဇ်၏ အဆိုပါကြေညာချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၂၇ရက်တွင် အစ္စရေးနှင့်ဟစ်ဇ်ဘိုလာတို့ကြား ရယူထားသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ လက်ဘနွန်တောင်ပိုင်းမှ အစ္စရေးတပ်များ ဖေဖော်ဝါရီ ၁၇ ရက်နောက်ဆုံးထား၍ ရုပ်သိမ်းပေးရမည်ဖြစ်သည်။

သို့ရာတွင် တပ်ရုပ်သိမ်းရေး နောက်ဆုံးသတ်မှတ်ကာလ ကုန်ဆုံးပြီဖြစ်သော်လည်း အစ္စရေးတပ်များအနေဖြင့် လက်ဘနွန်တောင်ပိုင်းနေရာ ငါးနေရာတို့၌ ဆက်လက်တပ်စွဲထားမည်ဖြစ်ကြောင်း အစ္စရေး ကာကွယ်ရေးဝန်ကြီး၏ ကြေညာချက်၌ ဖော်ပြထားသည်။


အစ္စရေးမြောက်ပိုင်းရှိ လူနေဒေသများအတွက် လုံခြုံရေးအပြည့်အဝပေးနိုင်သည့် အဆိုပါနေရာငါးနေရာတို့၌ အစ္စရေးတပ်များဆက်လက်တပ်စွဲရန် စီစဉ်ထားခြင်းဖြစ်သည်။

နိုဝင်ဘာ ၂၇ ရက် အပစ်ရပ်စဲရေးသဘောတူညီချက်အရ ဟစ်ဇ်ဘိုလာအုပ်စုသည် အစ္စရေး-လက်ဘနွန်နယ်စပ်နှင့် ကီလိုမီတာ ၃၀ ခန့်အကွာ လီတာနီမြစ်၏ မြောက်ဘက်သို့ ဆုတ်ခွာပေးထားပြီးဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## အယ်လ်ဖာစင်တော်ရီကြယ်စနစ်တစ်ခုမှလွတ်ထွက်လာသော ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်တစ်သန်းကျော် နေအဖွဲ့အစည်းအနားစွန်း၌ မျောလွင့်နေဖွယ်ရှိ



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၈**

အယ်လ်ဖာစင်တော်ရီအမည်ရှိ ကြယ်စနစ်တစ်ခုမှ လွတ်ထွက်လာသော ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည် တစ်သန်းကျော်တို့မှာ နေအဖွဲ့အစည်းအနားစွန်း၌ မျောလွင့်နေကြဖွယ်ရှိကြောင်း ဖေဖော်ဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံတကာ သိပ္ပံပညာရှင်များသည် နေအဖွဲ့အစည်းအတွင်းရှိ ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်များအနက် နှစ်ခုကိုသာ တွေ့ရှိအတည်ပြုနိုင်ခဲ့သည်။

အဆိုပါကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်နှစ်ခုမှာ ၂၀၁၇ ခုနှစ်က တွေ့ရှိခဲ့သော အိုမူအာမူအာဂြိုဟ်သိမ်နှင့် ၂၀၁၉ ခုနှစ်က တွေ့ရှိခဲ့သော ဘောရစ်ဆော့ကြယ်တံခွန်တို့ဖြစ်ကြသည်။

သို့ရာတွင် အမေရိကန် သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အယ်လ်ဖာစင်တော်ရီကြယ်စနစ်မှ လွတ်ထွက်လာသော ပျမ်းမျှအရွယ်အစား အခန်းမီတာ ၁၀၀ ကျော်ထိရှိသည့် ကြယ်တာရာ ဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည် တစ်သန်းကျော်တို့မှာ နေအဖွဲ့အစည်းအနီး မျောလွင့်နေကြဖွယ် ရှိကြောင်း သိရသည်။

ထို့ပြင် အယ်လ်ဖာစင်တော်ရီကြယ်စနစ်မှ ဝင်ရောက်လာသော အရွယ်အစား သုည ဒသမ ၀၀၄ လက်မအထက်ရှိ ကြယ်တာရာဟင်းလင်းပြင်ဖြတ် ရုပ်မှုန်များသည်လည်း နှစ်စဉ် ကမ္ဘာ့လေထုလွှာအတွင်းသို့ ဝင်ရောက်လာတတ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO


## ယူကလစ်အာကာသရေဒီယိုတယ်လီစကုပ်က ကြယ်စုတစ်ခု၏ပတ်ပတ်လည် အလင်းစက်ဝန်းကို ရှားပါးဖြစ်စဉ်တစ်ရပ်အနေဖြင့် ရှာဖွေတွေ့ရှိခဲ့

**ဘာလင် ဖေဖော်ဝါရီ ၁၈**

ဥရောပ အာကာသအေဂျင်စီ၏ ယူကလစ်အာကာသရေဒီယိုတယ်လီစကုပ်သည် ကြယ်စုတစ်ခု၏ ပတ်ပတ်လည်အလင်းစက်ဝန်းကို ရှားပါးဖြစ်စဉ်တစ်ရပ်အနေဖြင့် ရှာဖွေတွေ့ရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

အိုင်းစတိုင်း လက်စွပ်ဟူ၍ နိုင်ငံတကာ သိပ္ပံပညာရှင်များက အမည်ပေးထားသော အလင်းစက်ဝန်းသည် အလင်းနှစ် သန်း ၅၉၀ အကွာတွင်ရှိသည့် ကြယ်စုတစ်ခုကို ဝိုင်းပတ်ထားသည်ဟု ဂျာမနီနိုင်ငံ မက်စ်ပလန့်စ် အင်စတီကျူမှ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အဆိုပါကြယ်စုကို သိပ္ပံပညာရှင်များအနေဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ခန့်ကပင် သိရှိထားခြင်းဖြစ်သော်လည်း ၎င်းကြယ်စု၏ အိုင်းစတိုင်းလက်စွပ် အလင်းစက်ဝန်းကို ဥရောပ၏ယူကလစ်အာကာသ ရေဒီယိုတယ်လီစကုပ်က ယခုမှပင် ဖော်ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အိုင်းစတိုင်းလက်စွပ်အလင်းစက်ဝန်းများသည် ကြယ်စုတစ်ခုမှ ထွက်ပေါ်လာသည့် အလင်းရောင်များအနီးရှိ အခြားကြယ်စုတစ်ခု၏ ဒြပ်ဆွဲအားကြောင့် ကွေးညွတ်သွားချိန်တွင် ပေါ်ထွက်လာတတ်သည့် အလင်းရောင်များဖြစ်ကြသည်။

သို့ဖြစ်ရာ အဆိုပါကြယ်စုပတ်လည် အလင်းရောင်များကို ဒြပ်ဆွဲအားကြောင့် အလင်းကွေးညွတ်မှုသဘောတရားကို စတင်ဖော်ထုတ်ခဲ့သော ကမ္ဘာကျော်ရူပဗေဒပညာရှင် အဲဘတ်အိုင်းစတိုင်းကို ဂုဏ်ပြုသည့်အနေဖြင့် အိုင်းစတိုင်းလက်စွပ်ဟူ၍ အမည်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

ယူကလစ် အာကာသရေဒီယိုတယ်လီစကုပ်ကို ၂၀၂၃ ခုနှစ်က Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## Lonsdaleite ခေါ် စိန်တစ်မျိုးကို ဓာတ်ခွဲခန်းအတွင်း အောင်မြင်စွာဖန်တီးနိုင်ခဲ့

**ပေကျင်း ဖေဖော်ဝါရီ ၁၈**

အလွန်တရာမာကျောသန့်စင်သည့်Lonsdaleite ခေါ် စိန်တစ်မျိုးကို တရုတ်သိပ္ပံပညာရှင်များက ဓာတ်ခွဲခန်းအတွင်း အောင်မြင်စွာ ဖန်တီးနိုင်ခဲ့ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

ရှေးယခင်က အမာကျောဆုံး စိန်များအဖြစ် သတ်မှတ်ခံထားရသော Lonsdaleite စိန်များကို ဥက္ကာချိုင့်ဝှမ်း နယ်မြေများတွင်သာ တွေ့ရတတ်သည်။

ကမ္ဘာ့ပထမဆုံး Lonsdaleite စိန်ကို ၁၉၆၇ ခုနှစ်တွင် အမေရိကန် သိပ္ပံပညာရှင်များက ကင်ယွန်ဒီရာဘလို ဥက္ကာခဲအတွင်း ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ၎င်းစိန်အမျိုးအစားကို ဓာတ်ခွဲခန်း၌ဖန်တီးရန် သိပ္ပံပညာရှင်များက ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှု မရှိခဲ့ပေ။

သို့ရာတွင် တရုတ်သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့က ဓာတ်ခွဲခန်းအတွင်း Lonsdaleite စိန်ဖန်တီးနိုင်သည့် နည်းပညာကို ရရှိထားပြီး ၎င်းနည်းပညာဖြင့် ဂရက်ဖိုက်ကျောက်ကို Lonsdaleite စိန်များအဖြစ် ပြောင်းလဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

Lonsdaleite စိန်များကို ဓာတ်ခွဲခန်းအတွင်း ဖန်တီးနိုင်ခြင်းသည် စိန်ကိုအသုံးပြုနေကြသည့် စက်မှုလုပ်ငန်း နယ်ပယ်တချို့အတွက်အကျိုးဖြစ်ထွန်းနိုင်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

သဘာဝစိန်အများစုနှင့်ဓာတ်ခွဲခန်းစိန်အများစုသည် ကုဗပုံပုံဆောင်ခဲ ဖွဲ့စည်းပုံပိုင်ဆိုင်ထားပြီး Lonsdaleite စိန်များကမူ ရစ်မြောင့်ပုံဆောင်ခဲဖွဲ့စည်းပုံ ရှိထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## GLP-1 အုပ်စုဝင် Ozempic ဆေးက အရက်စွဲမှုကိုကုသရာတွင် အကျိုးပြုနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၁၈**

GLP-1 အုပ်စုဝင်ဆေးတစ်မျိုးဖြစ်သည့် Ozempic သည် အရက်စွဲမှုပြဿနာကို ကုသရာတွင် အကျိုးပြုနိုင်ကြောင်း ဖေဖော်ဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

Ozempic ဆေးကို အပတ်စဉ် ထိုးနှံခြင်းဖြင့် အရက်အလွန်အကျွံသောက်သုံးသူများ၏ အရက်သောက်လိုစိတ်ကို လျှော့ချပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတောင်ပိုင်းတက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ဖြစ်ရာ မိမိတို့၏လေ့လာတွေ့ရှိချက်အရ Ozempic သည် အရက်သောက်သုံးမှုအတိုင်းအဆနှင့် သောက်သုံးမှုအကြိမ်ရေတို့ကို လျှော့ချပေးခြင်းဖြင့် အရက်စွဲမှုကို ကုသရာတွင်အကျိုးပြုနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အရက်စွဲမှုပြဿနာရှိနေသူ ၄၈ ဦးကို GLP-1 ဆေးများဖြင့် လက်တွေ့စမ်းသပ်ကုသခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

GLP-1 အုပ်စုဝင် ဆေးများသည် အရက်စွဲမှုကို လျှော့ချပေးနိုင်သည်ဟု သုတေသနပညာရှင်များက ယခင်ကပင် တွေ့ရှိထားကြပြီးဖြစ်ကြောင်း သိရသည်။

ဆီးချိုရောဂါအတွက် သို့မဟုတ် ကိုယ်အလေးချိန် လျှော့ချရေးအတွက် GLP-1 အုပ်စုဝင်ဆေးသုံးစွဲသူများ၌ အရက်သောက်လိုစိတ် လျော့ပါးလာတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဆီးမထိန်းနိုင်မှုအတွက်သုံးစွဲနေရသည့် ဆေးတချို့က Dementia ဖြစ်နိုင်ခြေမြင့်မားမှုနှင့်ဆက်စပ်နေ

**လန်ဒန် ဖေဖော်ဝါရီ ၁၈**

ဆီးမထိန်းနိုင်မှုပြဿနာအတွက် အသက် ၅၅ နှစ်နှင့် အထက်ရှိသူများ သုံးစွဲနေကြရသော ဆေးဝါးတချို့မှာ ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia)ဖြစ်နိုင်ခြေ မြင့်မားလာနိုင်မှုနှင့် ဆက်စပ်နေကြောင်း ဖေဖော်ဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။


Anticholinergic Drugs အုပ်စုဝင်ဆေးများသည် Dementia ဖြစ်နိုင်ခြေ မြင့်မားလာမှုနှင့် ဆက်စပ်နေကြောင်း နိုင်ငံတကာ ဆေးပညာရှင်များက ယခင်က ဖော်ထုတ်တွေ့ရှိထားပြီးဖြစ်သည်။

သို့ရာတွင် ဗြိတိန်သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆီးမထိန်းနိုင်တော့သည့် သက်ကြီးပိုင်းများ သုံးစွဲနေသည့် Oxybutynin Hydrochloride ၊ Solifenacin Succinate နှင့် Tolterodine Tartrate ဆေးများသည်လည်း Dementia ဖြစ်နိုင်ခြေမြင့်တက်လာနိုင်မှုနှင့်ဆက်စပ်နေကြောင်း၊ ဆီးမထိန်းနိုင်သည့်ပြဿနာရှိနေသူ သက်ကြီးပိုင်းများကို အထက်ပါဆေးများဖြင့် ကုသရာတွင် ဆေး၏ရေရှည်အကျိုးသက်ရောက်မှုကိုလည်း သတိထားရမည်ဖြစ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထက်ပါဆေးများကို ၁၃ နှစ်တာကာလအတွင်း သုံးနှစ်စာနှင့်ညီမျှသည့် ပမာဏကို နေ့စဉ်သောက်ခဲ့ရသူများတွင် Dementia ဖြစ်နိုင်ခြေ ပုံမှန်ထက် ၂၅ ရာခိုင်နှုန်း ၂၉ ရာခိုင်နှုန်းကြား မြင့်တက်လာတတ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



နိုင်ငံတကာ

# အားကစားသတင်းများ

## တိုက်စစ်မှူး ဗင်နီစီးယက်စ်က အယ်လ်ဗာကာအသင်း၏ ပူးတွဲပိုင်ရှင်သစ်ဖြစ်လာ

**မက်ဒရစ် ဖေဖော်ဝါရီ ၁၈**

ရီးရဲလ်မက်ဒရစ်အသင်းတိုက်စစ်ကစားသမား ဗင်နီစီးယက်စ်သည် ပေါ်တူဂီ ဒုတိယတန်းကလပ်အသင်းတစ်သင်းဖြစ်သည့် အယ်လ်ဗာကာအသင်း၏ ရှယ်ယာအများစုကို ဝယ်ယူခဲ့ပြီးနောက် ကလပ်အသင်းတစ်သင်း၏ ပူးတွဲပိုင်ရှင်သစ် ဖြစ်လာခဲ့ကြောင်း သိရသည်။

ဗင်နီစီးယက်စ်အနေဖြင့် ၎င်း၏ မိတ်ဆွေများနှင့်အတူ အယ်လ်ဗာကာအသင်း၏ ရှယ်ယာ ၈၀ ရာခိုင်နှုန်းထိကို ဝယ်ယူခဲ့ပြီးနောက် အယ်လ်ဗာကာအသင်း၏ ပူးတွဲပိုင်ရှင်သစ်ဖြစ်လာခဲ့ပြီး အယ်လ်ဗာကာအသင်းကလည်း အသင်းပူးတွဲပိုင်ရှင်သစ်များကို လာမည့် ရက်ပိုင်းအတွင်း အတည်ပြုထုတ်ပြန်သွားမည်ဖြစ်သည်။

ဗင်နီစီးယက်စ်သည် အယ်လ်ဗာကာအသင်း၏ အစုရှယ်ယာ ၈၀ ရာခိုင်နှုန်းကို ယူရို ရှစ်သန်း ရင်းနှီးမြှုပ်နှံပြီး စပိန်နိုင်ငံမှ၎င်း၏ မိတ်ဆွေများနှင့်အတူ ပူးပေါင်းကာ ဝယ်ယူခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ဗင်နီစီးယက်စ် ဝယ်ယူခဲ့သည့် အယ်လ်ဗာကာအသင်းသည် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့အနီးတွင်တည်ရှိသည့်မြို့တစ်မြို့ဖြစ်ပြီး အယ်လ်ဗာကာအသင်းအနေဖြင့်လည်း အစောပိုင်းက ပေါ်တူဂီအဆင့်မြင့်ဆုံးလိဂ်ပြိုင်ပွဲတွင် ငါးရာသီထိကစားခဲ့ဖူးသည့် အသင်းတစ်သင်းဖြစ်ကာ လက်ရှိတွင် ပေါ်တူဂီဒုတိယတန်းပြိုင်ပွဲတွင် ကစားနေသည့် အသင်းတစ်သင်းဖြစ်သည်။

ဗင်နီစီးယက်စ်မတိုင်မီကလည်း ၎င်း၏ ရီးရဲလ်မက်ဒရစ်အသင်းဖော်အမ်ဘက်ပီသည်လည်း ကလပ်အသင်း ပူးတွဲပိုင်ရှင်အဖြစ် ရပ်တည်နေသူဖြစ်ပြီး အမ်ဘက်ပီသည် ပြင်သစ်ကလပ် အသင်းတစ်သင်းဖြစ်သည့် ကိန်းအသင်း၏ အစုရှယ်ယာအများစုကို ယူရို သန်း ၂၀ထိ ရင်းနှီးမြှုပ်နှံပြီး ဝယ်ယူထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA



## ဗယ်လ်ကာနိုကိုအနိုင်ယူ၍ ဘာစီလိုနာအသင်း အမှတ်ပေးဇယားကိုဦးဆောင်



**မက်ဒရစ် ဖေဖော်ဝါရီ ၁၈**

လာလီဂါအမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၂၄ နောက်ဆုံးပွဲစဉ်တွင် ဘာစီလိုနာအသင်းက ဗယ်လ်ကာနိုအသင်းကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် ရလဒ်တည်ငြိမ်ရန် ကြိုးပမ်းနေရသော်လည်း လက်ရှိချန်ပီယံ ရီးရဲလ်မက်ဒရစ်အသင်းက အမှတ်ပေးပြိုင်ပွဲ သုံးပွဲဆက်နိုင်ပွဲမရခဲ့သဖြင့် ဘာစီလိုနာအသင်းက ဗယ်လ်ကာနိုအသင်းကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့်ရမှတ် ၅၁ မှတ်ရရှိခဲ့ကာ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

ယခုတစ်ပတ် ယှဉ်ပြိုင်သည့် အမှတ်ပေးပွဲစဉ်များတွင် အမှတ်ပေးဇယားအဆင့်(၂) မှ ရီးရဲလ်မက်ဒရစ်အသင်းက အိုဆာဆူနာအသင်းကို သရေရလဒ်နှင့် အဆင့်(၃) မှ အေတီကိုအသင်းက ဆဲလ်တာဗီကိုအသင်းကို သရေရလဒ်ထွက်ပေါ်ခဲ့သောကြောင့် ဘာစီလိုနာအသင်းက ရီးရဲလ်မက်ဒရစ်အသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဘာစီလိုနာအသင်းက အိမ်ကွင်းတွင် ကစားခဲ့ရသော်လည်း ဗယ်လ်ကာနိုအသင်း၏ တန်ပြန်တိုက်စစ်ကောင်းမွန်မှုနှင့် ခံစစ်ကစားပုံကောင်းမွန်မှုတို့ကြောင့် ဂိုးရရှိရန် ခက်ခဲခဲ့ပြီး ပွဲကစားချိန် ၂၈ မိနစ်တွင် လီဝမ်ဒေါ့စကီးက ပင်နယ်တီမှ ဦးဆောင် ဂိုးသွင်းယူပေးနိုင်ခဲ့သဖြင့် တစ်ဂိုးဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သည်။

အမှတ်ပေးပြိုင်ပွဲ ၂၄ ပွဲအပြီးတွင် ဘာစီလိုနာအသင်းက ရမှတ် ၅၁ မှတ်ဖြင့် အဆင့်(၁)၊ ရီးရဲလ်မက်ဒရစ်အသင်းက ရမှတ်တူဂိုးကွာခြားချက်ဖြင့် အဆင့်(၂)၊ အေတီကိုအသင်းက ရမှတ် ၅၀ဖြင့် အဆင့်(၃)၊ ဘီလ်ဘာအိုအသင်းက ရမှတ် ၄၅ မှတ်ဖြင့် အဆင့် (၄) တွင် ရပ်တည်နေကြောင်း သိရသည်။

Ref : ESPN

Trs : ML

## နယူးဇီလန်နိုင်ငံ၏ အားကစားဆိုင်ရာအမြင့်ဆုံးဆုဖြစ်သည့် Supreme Halberg Award ကို ဂေါက်သီးရိုက်မယ် လိုင်ဒီယာကို ဆွတ်ခူး

**ဝယ်လင်တန် ဖေဖော်ဝါရီ ၁၈**

နယူးဇီလန်နိုင်ငံ၏ အားကစားဆိုင်ရာအမြင့်ဆုံးဆုဖြစ်သည့် Supreme Halberg Awardဆုကိုရွေးချယ်ချီးမြှင့်ခဲ့ရာ နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုက ဆွတ်ခူးခဲ့ကြောင်းNZ Sportsman magazine က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

နယူးဇီလန်နိုင်ငံက ယနေ့တွင် ကျင်းပသည့် အားကစားဆိုင်ရာအကောင်းဆုံး ကစားသမားများဆုပေးပွဲအခမ်းအနားတွင် လိုင်ဒီယာကိုက တစ်နှစ်တာအကောင်းဆုံးအမျိုးသမီး အားကစားသမားဆုဖြစ်သည့် Sportswoman of the Year ကိုလည်းဆွတ်ခူးခဲ့သည်။

လိုင်ဒီယာကိုသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ချီးမြှင့်ခဲ့သည့် နယူးဇီလန်နိုင်ငံ၏ အားကစားဆိုင်ရာ သူရဲကောင်းဆုကိုလည်း ဆွတ်ခူးခဲ့သူဖြစ်ပြီး ယခုတစ်ဖန် ဆုနှစ်ဆုကို ထပ်မံဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

လိုင်ဒီယာကိုက "အခုလိုနယူးဇီလန်နိုင်ငံ အားကစားလောကရဲ့ အမြင့်ဆုံးသောဆုတွေကို ဆွတ်ခူးခဲ့လို့ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အခုလဲအားကစားလောကရဲ့ အမြင့်ဆုံးဆုနှစ်ဆုကို ထပ်မံဆွတ်ခူးခဲ့တယ်။ ကျွန်မဘဝရဲ့ အကောင်းဆုံးအခိုက်အတန့်တွေပဲဖြစ်ပါတယ်။ တစ်သက်တာ အမှတ်ရနေမဲ့ အခိုက်အတန့်လဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



## အားကစားသတင်းအတိုအထွာများ

- ဖီယင်နုအသင်းခေါင်းဆောင် ကွင်တန်တင်ဘာအနေဖြင့် ဒူးအရွတ်ထိခိုက်ဒဏ်ရာကြောင့် ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီကုန်ထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်း တာဝန်ရှိသူများက အသင်းမှ ထွက်ခွာရန်စီစဉ်နေသည့် လူငယ်ကစားသမား အဒါဂူလာ၏နေရာတွင် ကိုမိုအသင်းကို အငှားချထားသည့် လူငယ်ကစားသမားနစ်ကိုးပက်ဇ်နှင့် အစားထိုးသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ရှက်တာဒိုးနက်ကွင်းလယ်ကစားသမား ဆူဒါကိုဗ်ကို ခေါ်ယူနိုင်ရေး သဘောတူညီမှုရရှိရန် ဝက်စ်ဟမ်းအသင်း ကြိုးပမ်းနေကြောင်း သိရသည်။

ML

## ကွင်းလယ်ဒိုင်လူကြီးများကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက စပိန်လာလီဂါပြိုင်ပွဲမှ နုတ်ထွက်ရန်စဉ်းစား

**မက်ဒရစ် ဖေဖော်ဝါရီ ၁၈**

ရီးရဲလ်မက်ဒရစ်အသင်းက စပိန်လာလီဂါပြိုင်ပွဲမှ ကွင်းလယ်ဒိုင်လူကြီးများ၏ အရည်အသွေးများကြောင့် စပိန်လာလီဂါပြိုင်ပွဲမှ နုတ်ထွက်ပြီး အခြားပြိုင်ပွဲတစ်ခုထံတွင် ပြောင်းရွှေ့ကစားရန်အတွက်ပင် သတင်းများ ထွက်ပေါ်လျက်ရှိနေကြောင်း သိရှိရသည်။

စပိန်နိုင်ငံတွင် အအောင်မြင်ဆုံးအသင်းတစ်သင်း အဖြစ်ရပ်တည်နေပြီး ဥရောပထိပ်တန်းအဆင့်ရှိ အသင်းတစ်သင်းဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ကွင်းလယ်ဒိုင်လူကြီးများ၏ သံသယဖြစ်ဖွယ် အဆုံးအဖြတ်များကြောင့် ရမှတ်ဆုံးရှုံးမှုများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိနေသည့်အတွက် စပိန်လာလီဂါအဖွဲ့ချုပ်နှင့် တင်းမာမှုများရှိလာခဲ့ပြီးနောက် စပိန်လာလီဂါပြိုင်ပွဲမှ နုတ်ထွက်ရန်အတွက် ပင်စဉ်းစားနေခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်း ဥက္ကဋ္ဌ ပီရက်ဇ်နှင့် နည်းပြအန်ဆယ်လော့တီတို့သည် ယခုနှစ်ဘောလုံးရာသီတွင် စပိန်လာလီဂါပြိုင်ပွဲမှ ဒိုင်လူကြီးများ၏ စွမ်းဆောင်ရည်များနှင့်ပတ်သက်ပြီး လူသိရှင်ကြားဝေဖန်မှုများ လုပ်ဆောင်ခဲ့ကြပြီး ပြီးခဲ့သည့် မက်ဒရစ်ဒါဘီပွဲစဉ်အဖြစ်ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အေတီကိုအသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်တွင်လည်း နည်းပြအန်ဆယ်လော့တီက ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ပြီး ပီရက်ဇ်ကလည်း စပိန်ဒိုင်လူကြီးများနေရာတွင် အင်္ဂလန်ဒိုင်လူကြီးများနှင့် အစားထိုးသင့်ဟု ဝေဖန်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်း ဥက္ကဋ္ဌ ပီရက်ဇ်နှင့် နည်းပြအန်ဆယ်လော့တီတို့ စပိန်ဒိုင်လူကြီးများကို ပြစ်တင်ဝေဖန်မှုများ ပြုလုပ်ခဲ့ပြီးနောက် ပြီးခဲ့သည့်ရက်ပိုင်းက ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အိုဆာဆူနာအသင်းတို့ တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင်လည်း ကွင်းလယ်ဒိုင်လူကြီး ဂျိုးမူနူအာယာက ရီးရဲလ်မက်ဒရစ်အသင်း အဓိကကစားသမား ဘယ်လင်ဟမ်ကို ရိုင်းပျစွာပြောဆိုခဲ့သည့် အကြောင်းပြချက်ဖြင့် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရပြီးနောက် စပိန်လာလီဂါအဖွဲ့ချုပ်နှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ကြားတွင် တင်းမာမှုများ ပိုမိုမြင့်တက်လျက်ရှိနေကြောင်း သိရသည်။

Ref : Marca

Trs : STA

# မြန်မာဖူဆယ်လိဂ်-၂ပြိုင်ပွဲ ပွဲစဉ်(၁၃) ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်



ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၈ နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadiumတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၃)ပွဲစဉ်များအဖြစ် ဖေဖော်ဝါရီ ၁၉ရက် နံနက် ၈ နာရီခွဲတွင် Let Wel Thone Nara FC အသင်းနှင့်Maryar FCအသင်း၊ နံနက် ၁၀ နာရီတွင် KKY FC အသင်းနှင့် YCDC Marga Youth FC အသင်း၊ နံနက် ၁၁နာရီခွဲတွင် Black Cross FC အသင်းနှင့် JZ Young FC အသင်းတို့ ကစားသွားမည်ဖြစ်သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီတွင် Shwe Pyi Thar United အသင်းနှင့် Gold Dream FC အသင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် Pacific Sun Far FCအသင်းနှင့် 7 Brother FC အသင်း၊ ညနေ ၄ နာရီတွင် အမှတ်ပေးဇယားထိပ်ဆုံး၌ ရပ်တည်နေသည့် TG United အသင်းနှင့် ဒုတိယနေရာတွင် ရပ်တည်နေသည့် 7 Dragon FC အသင်းတို့ ကစားသွားမည်ဖြစ်သည်။

မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၂)အပြီးတွင် TG United အသင်းက ၁၀ပွဲနိုင်၊နှစ်ပွဲရှုံး ရမှတ် ၃၀ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ရပ်တည်လျက်ရှိနေသော်လည်း 7 Dragon FC အသင်းက ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၂၆ မှတ်ဖြင့် ဒုတိယနေရာတွင် လည်းကောင်း၊ Pacific Sun Far FCအသင်းက ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၂၆ မှတ်ဖြင့်လည်းကောင်း ဆက်လက်ဖိအားပေးလျက် ရှိနေကြောင်း သိရသည်။

STA

# နည်းပြကိုကာကို ရလဒ်ဆိုးရွားမှုကြောင့် ဗယ်လာဒိုးလစ်အသင်းက ရာထူးမှထုတ်ပယ်

မက်ဒရစ် ဖေဖော်ဝါရီ ၁၈

ဗယ်လာဒိုးလစ် အသင်းသည် နောက်ဆုံးကစားခဲ့သည့် အမှတ်ပေးပွဲ ငါးပွဲဆက်တွင် ရှုံးနိမ့်ခဲ့သည့် နည်းပြကိုကာကို ရာထူးမှထုတ်ပယ်ခဲ့ကြောင်း သိရသည်။

ဗယ်လာဒိုးလစ် အသင်းသည် ဘက်တစ်အသင်းကို နိုင်ပွဲရခဲ့ပြီးနောက် ဇန်နဝါရီ၁၈ ရက်က ကစားခဲ့သည့် အက်စ်ပန်ညိုအသင်းကို နှစ်ဂိုးတစ်ဂိုး၊ ရီးရဲလ်မက်ဒရစ်အသင်းကို သုံးဂိုး ဂိုးမရှိ၊ ဗီလာရီးရဲလ်အသင်းကို ငါးဂိုး တစ်ဂိုး၊ ဗယ်လ်ကာနိုအသင်းကို တစ်ဂိုး ဂိုးမရှိ၊ ဆီဗီလာအသင်းကို လေးဂိုး ဂိုးမရှိတို့ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အမှတ်ပေးဇယား အဆင့်(၂၀) ထိရောက်ရှိခဲ့သဖြင့် နည်းပြကိုကာကို ရာထူးမှထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

၎င်းသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၄ ရက်က ဗယ်လာဒိုးလစ်အသင်းကို ဘောလုံးရာသီကုန်ထိ တာဝန်ယူရန် စာချုပ်ချုပ်ဆိုခဲ့သော်လည်း ၎င်းအနေဖြင့်ပြိုင်ပွဲစုံ ရှစ်ပွဲဆက်တွင် နိုင်ပွဲတစ်ပွဲသာ ရရှိခဲ့သောကြောင့် ရာထူးမှထုတ်ပယ်ခြင်းခံခဲ့ရပြီး အရန်အသင်းနည်းပြ ရှူဘီယိုကိုသာ ဘောလုံးရာသီကုန်ထိ ထပ်မံခန့်ထားရန် ဗယ်လာဒိုးလစ် အသင်းတာဝန်ရှိသူများက ဆုံးဖြတ်ခဲ့သည်။

ဗယ်လာဒိုးလစ် အသင်းသည် ရာသီအစက တာဝန်ယူခဲ့သည့် နည်းပြပက်ဇိုလာနို လက်ထက်တွင် အမှတ်ပေးပွဲ ၁၅ ပွဲ ကစားပြီးချိန်တွင် နှစ်ပွဲသာအနိုင်ရခဲ့ပြီး ယာယီနည်းပြရှူဘီယို လက်ထက်တွင် တစ်ပွဲနိုင်၊ လက်ရှိနည်းပြ ကိုကာ လက်ထက်တွင် တစ်ပွဲနိုင်ဖြင့် စုစုပေါင်းလေးပွဲသာ အနိုင်ရခဲ့သောကြောင့် အမှတ်ပေးပြိုင်ပွဲ ၂၄ ပွဲအပြီးတွင် ရမှတ် ၁၅ မှတ်သာရရှိခဲ့ကာ အမှတ်ပေးဇယား အောက်ဆုံးသို့ ရောက်ရှိခဲ့ပြီး အဆင့် (၁၉)မှ အသင်းနှင့် ရမှတ် ခုနစ်မှတ်ထိ ကွာဟခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# ပါးမားအသင်းက နည်းပြပက်ချီယာကို ရာထူးမှထုတ်ပယ်ကြောင်း ကြေညာ

ရောမ ဖေဖော်ဝါရီ ၁၈

ပါးမားအသင်း တာဝန်ရှိသူများသည် တနင်္ဂနွေနေ့က ရိုးမားအသင်းကို တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် နည်းပြပက်ချီယာကို ရာထူးမှထုတ်ပယ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ရိုးမားအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ပါးမားအသင်းသည် နောက်ဆုံးကစားခဲ့သည့် လေးပွဲဆက်ရှုံးပွဲကြုံခဲ့ရပြီး အမှတ်ပေးပွဲ ၂၅ပွဲကစားပြီးချိန်တွင် လေးပွဲသာ အနိုင်ရခဲ့ကာ အမှတ်ပေးဇယား အဆင့်(၁၈)ထိ ရောက်ရှိခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြပက်ချီယာကို ရာထူးမှထုတ်ပယ်ခဲ့ကြောင်း သိရသည်။

ပက်ချီယာသည် ၂၀၂၂ ခုနှစ်က စီးရီး(ဘီ)တွင် ပါးမားအသင်းကို စတင်တာဝန်ယူခဲ့ကာ ပထမဆုံးဘောလုံးရာသီတွင် အသင်းအနေဖြင့် စီးရီးအေသို့ တန်းတက်ခွင့်ရမည့် အခွင့်အရေးကို ဆုံးရှုံးသော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းကို အမှတ်ပေးဇယား အဆင့်(၂) တွင် ရပ်တည်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် စီးရီးအေသို့ တိုက်ရိုက်တန်းတက်ခွင့် ရရှိခဲ့သည်။



ပါးမားအသင်း တာဝန်ရှိသူများက ပြီးခဲ့သည့် နိုဝင်ဘာလက ပက်ချီယာကို လာမည့် ၂၀၂၇ ခုနှစ်ထိ သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့သော်လည်း အသင်းအနေဖြင့် တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ခြင်းမရှိခဲ့ဘဲ နောက်ဆုံးကစားခဲ့သည့် လေးပွဲဆက် ရှုံးပွဲကြုံခဲ့သဖြင့် ရာထူးမှထုတ်ပယ်ခဲ့ပြီး လာမည့် တနင်္ဂနွေနေ့တွင် ကစားမည့် ပွဲစဉ်မတိုင်မီ နည်းပြသစ် ခန့်အပ်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ အယ်ကာရက်ဇ် တက်ရောက်

ဒိုဟာ ဖေဖော်ဝါရီ ၁၈

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပနေသည့် ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစားသမားအယ်ကာရက်ဇ်နှင့် ခရိုအေးရှားတင်းနစ်ကစားသမား မာတင်စီလစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၄ ၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ကမ္ဘာ့အဆင့်(၁)နေရာအတွက် ပစ်မှတ်ထားနေပြီး လက်ရှိကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အီတလီ တင်းနစ်ကစားသမား ဂျန်နစ်ဆင်နာက တားမြစ်ဆေးဝါးပြဿနာကြောင့် သုံးလပွဲပယ်ပြစ်ဒဏ် ချမှတ်ခံထားရ၍ အယ်ကာရက်ဇ်အတွက် အခွင့်အရေးကောင်းများရှိနေသည်။

အယ်ကာရက်ဇ်သည် မာတင်စီလစ်အား နှစ်ပွဲပြတ် ရလဒ်ဖြင့် အနိုင်ရရှိခဲ့သလို ပြတ်သားသည့် ရလဒ်များဖြင့်လည်း အနိုင်ရခဲ့ခြင်းဖြစ်သည်။

အယ်ကာရက်ဇ်က "ပထမအဆင့်ပွဲစဉ်မှာ ကျွန်တော့်အတွက် အကောင်းဆုံးပုံစံတွေ ပြသနိုင်ခဲ့တယ်။ မာတင်ဟာ ကျွန်တော့်ကို ဖိအားတွေ တောက်လျှောက်ပေးနိုင်ခဲ့တယ်။ ဖိအားအောက်ကနေ ကစားခဲ့ရတဲ့အတွက် တော်တော်လေးကိုကြိုးစားကစားခဲ့ရတယ်။ ကျွန်တော့်ရဲ့ စပေးဘောတွေက အမှားအယွင်း နည်းခဲ့တဲ့အတွက်ကြောင့်သာ အခုလိုပြတ်သားတဲ့ ရလဒ်နဲ့အနိုင်ရခဲ့တာဖြစ်ပါတယ်" ဟုပြောကြားခဲ့ကြောင်းသိရသည်။

Ref : Xinhua
Trs : AZL



# အက်ဖ်အေက အာဆင်နယ်အသင်းကို စတာလင်ပေါင် ၆၅၀၀၀ပြစ်ဒဏ်အပြင် လီဝှစ်စကယ်လီကိုလည်း သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်

လန်ဒန် ဖေဖော်ဝါရီ ၁၈

အင်္ဂလန် ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က အာဆင်နယ်အသင်းကို ကစားသမားများအား ထိန်းသိမ်းပုံအားနည်းသည့်စွဲချက်ဖြင့် ဒဏ်ကြေးငွေ စတာလင်ပေါင် ၆၅၀၀၀ပြစ်ဒဏ် ချမှတ်ခဲ့သည့် အပြင် ဝုဗ်အသင်းနှင့်ပွဲစဉ်တွင် အနီကတ်ပြသခံခဲ့ရသည့် လီဝှစ်စကယ်လီကိုလည်း သုံးပွဲပယ် ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်အာဆင်နယ်အသင်းနှင့် ဝုဗ်အသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် အာဆင်နယ်လူငယ် ကစားသမား လီဝှစ်စကယ်လီ အနေဖြင့် တိုက်ရိုက်အနီကတ် ပြစ်ဒဏ် ချမှတ်ခံခဲ့ရပြီးနောက် အာဆင်နယ်အသင်းကစားသမား များအနေဖြင့် ကွင်းလယ်ဒိုင် လူကြီးကို ပြင်းပြင်းထန်ထန် ဝိုင်းဝန်းပြီး စောဒကတက်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ကစားသမားများ၏ ကွင်းလယ်ဒိုင်လူကြီးကို VARဖြင့် ပြန်လည်ဆုံးဖြတ်ရန် အတွက် ဝိုင်းဝန်းစောဒကတက်ခဲ့ပြီးနောက် ကွင်းလယ်ဒိုင်လူကြီး မိုက်ကယ်အိုလီဗာကလည်း VAR ဒိုင်များ၏အဆုံးအဖြတ်ကို ခံယူခဲ့ရာတွင် VAR ဒိုင်လူကြီးများက လည်း တိုက်ရိုက်အနီကတ်ပြစ်ဒဏ် ချမှတ်စေခဲ့သည့်အတွက် ဒိုင်လူကြီး မိုက်ကယ်အိုလီဗာက လီဝှစ် စကယ်လီကို တိုက်ရိုက်အနီကတ် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်ပြီး အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က ကစားသမားများကို ထိန်းသိမ်းပုံအားနည်းသည့် စွဲချက်ဖြင့် အာဆင်နယ်အသင်းကို စွဲချက်တင် စစ်ဆေးခဲ့ပြီးနောက် ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်ခဲ့သည့်အတွက် အာဆင်နယ် အသင်းကို ဒဏ်ကြေးငွေ စတာလင်ပေါင် ၆၅၀၀၀ ပြစ်ဒဏ်ချမှတ် ခဲ့သကဲ့သို့ လီဝှစ်စကယ်လီကို လည်း သုံးပွဲပယ်ပြစ်ဒဏ်ချမှတ် ခဲ့ကြောင်း သိရသည်။

Ref : Football London
Trs : STA

# ရော်ဘာအခြေခံ စက်မှုထုတ်ကုန်ဖွံ့ဖြိုးရေး တက်ညီလက်ညီဆောင်ရွက်ပေး

ရာမညကိုကိုလှိုင်

**မြန်မာ့ရေမြေနှင့် ရော်ဘာစိုက်ပျိုးနိုင်မှု**

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်မှာ ကျေးလက်တွင် နေထိုင်ကြသည့်အနက် ၄၅ ရာခိုင်နှုန်းခန့်က စိုက်ပျိုးရေးကို တိုက်ရိုက်လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြခြင်းဖြစ်သည်။ အခြားကျေးလက်နေပြည်သူများကလည်း စိုက်ပျိုးရေးကို အခြေခံသည့် အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေကြခြင်းဖြစ်သည်။ ထိုသို့ စိုက်ပျိုးရေးနှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေကြသည့်အလျောက် မြန်မာနိုင်ငံသားအများစုမှာ စိုက်ပျိုးရေးဖြင့် အဓိက အသက်မွေးနေကြသည်ဟု ဆိုရမည်ဖြစ်သည်။

တောင်တန်းများ၊ ကမ်းရိုးတန်းလွင်ပြင်များကို ပိုင်ဆိုင်ထားပြီး မိုးရေချိန်လက်မ လုံလောက်စွာရရှိသည့် မြန်မာနိုင်ငံ၏ တောင်ပိုင်းဒေသများသည် ရော်ဘာစိုက်ပျိုးရန်သင့်လျော်သည့် မြေခံ၊ ရေခံနှင့် ရာသီဥတုကောင်းကို ပိုင်ဆိုင်ထားသည်။ မွန်ပြည်နယ်သည် မြန်မာတစ်နိုင်ငံလုံး၏ ရော်ဘာစိုက်ပျိုးမြေအများဆုံး ဧက ၃၀ ရာခိုင်နှုန်းကျော်ပိုင်ဆိုင်ထားပြီး ထုတ်လုပ်မှုပမာဏအများဆုံးထွက်ရှိသော ပြည်နယ်တစ်ခုဖြစ်သည်။

ပြည်တွင်း၌ ရော်ဘာကို မွန်ပြည်နယ်အပြင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့၌လည်း စိုက်ပျိုးလျက်ရှိသည်။

**ပြည်ပသို့တင်ပို့နေမှုအခြေအနေ**

တစ်နိုင်ငံလုံး၌ ရော်ဘာစိုက်ဧက တစ်သန်းခြောက်သိန်းကျော်ရှိပြီး ဧကရှစ်သိန်းကျော်မှတစ်နှစ်လျှင် တန်ချိန်သုံးသိန်းကျော် ထုတ်လုပ်လျက်ရှိသည်။ ၎င်းမှ ၇၅ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့တင်ပို့ပြီး ပြည်တွင်း၌ ၈ ရာခိုင်နှုန်းခန့်သုံးစွဲကာ ကျန်ပမာဏကို အခြားပြည်ပနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့သို့တင်ပို့လျက်ရှိသည်။ တရုတ်နိုင်ငံမှာ ကုန်ကြမ်းအသုံးပြုမှုများပြီး ကုန်ချောထုတ်လုပ်မှုလည်းများသဖြင့် ရော်ဘာဝယ်လိုအားများခြင်းဖြစ်သည်။

**ဒေသတွင်းဈေးကွက်နှင့် လုပ်ငန်းအခြေအနေ**

မြန်မာနိုင်ငံရှိ ရော်ဘာလုပ်ငန်းအများစုမှာ ခြံရှင်ငယ်များဖြစ်ကာ၊ ခြံရှင်ငယ်များပြားခြင်းကြောင့် ရော်ဘာထုတ်လုပ်သည့် အရည်အသွေးအားဖြင့် တစ်သမတ်တည်းတန်းညှိ၍ ထုတ်လုပ်ရန်ခက်ခဲလျက်ရှိသည်။ ရော်ဘာထုတ်ကုန်ကို အချိန်တိုအတွင်းထုတ်လုပ်၍ ဈေးကွက်သို့ရောင်းချခြင်းဖြင့် ပုံမှန်ဝင်ငွေရရှိရန်အတွက် ဦးစားပေးကာ ထုတ်လုပ်နေကြသဖြင့် ထုတ်လုပ်မှုအရေအတွက်များသော်လည်း အရည်အသွေးမြင့်ရော်ဘာများကို ပမာဏအနည်းငယ်သာ ထုတ်လုပ်နိုင်ကြသည်။ ရော်ဘာအခြေပြုတန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ ပြည်တွင်းရော်ဘာကုန်ကြမ်းဝယ်ယူသုံးစွဲမှုမြင့်တက်လာမည်ဖြစ်ပြီး ပြည်တွင်းရော်ဘာ ဈေးကောင်းရရှိကာ ဈေးကွက်ခိုင်မာလာမည်ဖြစ်သည်။

**ကုန်ချောပစ္စည်းများ တိုးတက်ထုတ်လုပ်**

ရော်ဘာသည် စက်မှုကုန်ကြမ်းသီးနှံဖြစ်ပြီး နှစ်ရှည်ပင်အမျိုးအစားဖြစ်သည်။ မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ဧက ၁၆ သိန်းကျော်ရှိပြီး နှစ်စဉ်ရော်ဘာစေး တန်ချိန်သုံးသိန်းကျော်ထွက်ရှိနေသည်။ သို့ရာတွင် ၎င်းစက်မှုကုန်ကြမ်းရော်ဘာများကို ပြည်တွင်းမှသုံးစွဲနိုင်မှုမှာ ၈ ရာခိုင်နှုန်းမျှသာ ရှိနေသည့်အတွက် ရော်ဘာကုန်ကြမ်းသုံးစွဲသော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည်။ မော်တော်ကား၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ် စသည့် ဘီးတပ်ယာဉ်များ အသုံးပြုမှုများပြားလျက်ရှိသည်။ ထိုဘီးတပ်ယာဉ်များအတွက် တာယာ၊ ကျွတ် စသည့် လိုအပ်ချက်များလည်း များပြားလျက်ဖြစ်သည်။ ထို့အတွက် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ရော်ဘာကို တိုးချဲ့စိုက်ပျိုး၍ ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်သည်။ စက်မှုလယ်ယာနှင့်ဆက်စပ်လျက် လယ်ယာသုံးစက်ကိရိယာများတွင်အသုံးပြုသည့် တာယာများကိုလည်း တိုးချဲ့ထုတ်လုပ်ရမည်ဖြစ်သည်။

မွန်ပြည်နယ်နည်းတူ တနင်္သာရီတိုင်းဒေသကြီးအတွင်း၌လည်း ရော်ဘာစိုက်ပျိုးမှုများစွာရှိပြီး ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ ၎င်းရော်ဘာထုတ်ကုန်များကိုအသုံးပြု၍ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များအတွက် တာယာလုပ်ငန်း၊ ဖိနပ်လုပ်ငန်းနှင့် အခြားလူသုံးပစ္စည်းအမျိုးမျိုးကို နည်းပညာအသုံးပြုကာ ပြည်တွင်း၌ အဆင့်မီထုတ်လုပ်နိုင်မည်ဆိုလျှင် စက်မှုစွမ်းအားဖြင့် ဒေသအကျိုးကို ပိုမိုဖြစ်ထွန်းစေနိုင်မည်ဖြစ်သည်။

**❖ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာရည်မှန်းချက်၏ ဦးစားပေးပို့ကုန်အမည်များတွင် ရော်ဘာလုပ်ငန်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ခုအဖြစ် ပါဝင်သည်။ ထို့ကြောင့် ရော်ဘာစတင်စိုက်ပျိုးထုတ်လုပ်သည်မှစ၍ မှိုင်းခံရော်ဘာပြားများထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများမှ ကုန်ချောများထုတ်လုပ်ခြင်း စသည့်လုပ်ငန်းစဉ်တစ်လျှောက်လုံး စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ❖**

ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာရည်မှန်းချက်၏ ဦးစားပေးပို့ကုန်အမည်များတွင် ရော်ဘာလုပ်ငန်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ခုအဖြစ် ပါဝင်သည်။ ထို့ကြောင့် ရော်ဘာစတင်စိုက်ပျိုးထုတ်လုပ်သည်မှစ၍ မှိုင်းခံရော်ဘာပြားများထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများမှ ကုန်ချောများထုတ်လုပ်ခြင်း စသည့်လုပ်ငန်းစဉ်တစ်လျှောက်လုံးစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်တွင်း၌ ရော်ဘာစိုက်ဧက တစ်သန်းခြောက်သိန်းလေးသောင်းကျော်ရှိပြီး အစေးခြစ်ဧက တစ်သန်းကျော်ရှိသည်။ ၎င်းစိုက်ဧကများမှ နှစ်စဉ် ရော်ဘာတန်ချိန် သုံးသိန်းကျော်ထွက်ရှိသည်။ ပြည်တွင်းရော်ဘာထွက်ရှိမှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့လေ့ရှိပြီး ရော်ဘာကုန်ကြမ်းများကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့်စက်ရုံများသို့ အဓိကတင်ပို့ရောင်းချလျက်ရှိသည်။

ရော်ဘာကိုအခြေခံ၍ တန်ဖိုးမြင့်ကုန်ချောပစ္စည်း မြောက်မြားစွာထုတ်လုပ်နိုင်သည်။ ရော်ဘာစေးမှ လျှပ်ကာပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံး၊ စက်မှုလုပ်ငန်းသုံးလက်အိတ်များ၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီးတာယာများ၊ မော်တော်ယာဉ်အပိုပစ္စည်းများ၊ အိမ်အလှဆင်ပစ္စည်းများ၊ ဖိနပ်များ စသည်ဖြင့် ကုန်ပစ္စည်းအမည်ပေါင်းများစွာထုတ်လုပ်နိုင်သည်။ သက်တမ်းရင့်ပြီး အစေးထွက်နှုန်းကျဆင်းလာသည့် ရော်ဘာပင်များမှလည်း ရော်ဘာသစ်ကိုထုတ်ယူရရှိနိုင်ပြီး ပရိဘောဂများ၊ လူသုံးအိမ်သုံးပစ္စည်းများ၊ ကုန်သေတ္တာများ စသည်ဖြင့် အမည်စုံအောင် ထုတ်လုပ်နိုင်သည်။

အိမ်နီးချင်းနိုင်ငံများရှိ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်လိုက်သည့် ရော်ဘာအခြေခံ တန်ဖိုးမြင့်ကုန်ချောပစ္စည်းများကို မိမိတို့က ပြန်လည်ဝယ်ယူသုံးစွဲနေရခြင်းဖြစ်ရာ ပြည်တွင်း၌ပင် အရည်အသွေးကောင်းမွန်မြင့်မားစွာထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်မည်ဆိုလျှင် ပြည်တွင်းရှိ MSME လုပ်ငန်းများနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍမှာ အပြန်အလှန်အမှီသဟဲပြုလျက် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**နိုင်ငံခြားငွေသုံးစွဲရမှုကို လျှော့ချစေနိုင်**

ပြည်တွင်းမှထွက်ရှိသည့်ရော်ဘာအပါအဝင် အခြားစက်မှုကုန်ကြမ်းများကိုအသုံးပြု၍ လူသုံးကုန်ပစ္စည်းများတိုးမြှင့်ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းစီးပွားရေးကို မြှင့်တင်အားပေးနိုင်မည်ဖြစ်ပြီး ပြည်ပသွင်းကုန်များကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။

ပြည်တွင်း၌ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ တိုးတက်အောင် ပံ့ပိုးဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းရော်ဘာဈေးကွက်ရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ပထမအဆင့်အားဖြင့် စက်ဘီးနှင့် မော်တော်ဆိုင်ကယ်တာယာများ၊ ကျွတ်များကို ပြည်တွင်း၌ပင် လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုလျှင် နိုင်ငံခြားငွေသုံးစွဲရမှုကို သိသိသာသာ လျှော့ချစေနိုင်မည်ဖြစ်သည်။

ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရေးဆောင်ရွက်ရာတွင် ပြည်တွင်းသုံးစွဲမှုဖူလုံအောင်ဆောင်ရွက်ရေး၊ ပိုလျှံသည့်ရော်ဘာများကို ပြည်ပသို့ တိုးမြှင့်တင်ပို့ရေးနှင့် သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေးအတွက် ရော်ဘာအခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဟူ၍ အပိုင်းသုံးပိုင်း ခွဲခြားဆောင်ရွက်ရမည်ဖြစ်သည်။ မိမိတို့နိုင်ငံအနေဖြင့် ရော်ဘာအခြေခံထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၌ထုတ်လုပ်ရန် အခြေခံကောင်းများရှိသော်လည်း ထုတ်လုပ်မှုကဏ္ဍကို အားပေးမှုမရှိခဲ့ခြင်း၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမရှိခြင်း စသည့်အချက်များကြောင့် ပြည်ပမှ ရော်ဘာအခြေခံထုတ်ကုန်ပစ္စည်းများ တင်သွင်းနေရခြင်းဖြစ်သည်။ ဥပမာအားဖြင့် စက်ဘီးနှင့် မော်တော်ဆိုင်ကယ်တာယာများ၊ ကျွတ်များကို နှစ်စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅ သန်းဖိုးခန့် တင်သွင်းနေရသည်ကို ချင့်တွက်၍ သိရှိနိုင်သည်။

ပြည်တွင်း၌ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အဆိုပါနိုင်ငံခြားငွေသုံးစွဲရမှုများကို လျှော့ကျစေနိုင်မည့်အပြင် ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်စေရေးကိုပင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာနိုင်မည်ဖြစ်သည်။

**အစကောင်းမှ အနှောင်းသေချာ**

ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် ရော်ဘာစိုက်ပျိုးရေးသည် အဓိကကျသည်။ ရော်ဘာစတင်စိုက်ပျိုးသည်မှ အစေးထွက်ရှိသည့်အချိန်ထိ အချိန်ကာလအားဖြင့် ခုနစ်နှစ်ခန့် အချိန်ယူရသည်။ ထို့ကြောင့် ရော်ဘာကို နှစ်ရှည်သီးနှံအဖြစ်သတ်မှတ်ထားခြင်းဖြစ်သည်။ ရော်ဘာစိုက်ပျိုးမှုတွင် "အစကောင်းမှ အနှောင်းသေချာ"ဆိုသလို ကြိုတင်ပြင်ဆင်မှုအားကောင်းမှသာ ရော်ဘာစိုက်ပျိုးမှုကဏ္ဍ တိုးတက်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိရော်ဘာအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှပေါင် ၇၀၀ ခန့်သာထွက်သည့်အတွက် ပင်အိုပင်ဟောင်းများကိုအစားထိုးစိုက်ပျိုးရန် လိုအပ်လျက်ရှိသည်။ ဒေသအလိုက် ထောက်ခံထားသည့် မျိုးများအနက် တစ်ဧကလျှင် ပေါင် ၁၃၅၀ ခန့်ထွက်ရှိနိုင်သည့် မျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးရမည်ဖြစ်သည်။ ယခုလက်ရှိ မျိုးသန့်စိုက်ပျိုးပြီးစီးမှုမှာ စိုက်ဧကအားလုံး၏ ၂၆ ဒသမ ၈၃ ရာခိုင်နှုန်းခန့်သာရှိသေးသည့်အတွက် ထပ်မံ၍ စိုက်ခင်းအသစ်များဆက်လက်ထူထောင်ရာတွင် အထွက်ကောင်းမျိုးများ စိုက်ပျိုးနိုင်ရေးနှင့် ဖူးဆက်ပျိုးပင်များသုံးစွဲစိုက်ပျိုးရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

ရော်ဘာတစ်ဧကအထွက်နှုန်း တိုးတက်ရုံသာမက အရည်အသွေးကောင်းမွန်စေရေးအတွက်လည်း ရော်ဘာအစေးခဲလုပ်ငန်းစဉ်၌ မှန်ကန်သည့်နည်းစနစ်ကျင့်သုံးရေး၊ မှန်ကန်သည့်ဓာတုပစ္စည်းများသုံးစွဲရေးပညာပေးခြင်း၊ အရည်အသွေးအာမခံချက်ရှိသည့်ရော်ဘာများထုတ်လုပ်နိုင်ရေး၊ ရော်ဘာတောင်သူအစုအဖွဲ့များ စုဖွဲ့လုပ်ဆောင်ခြင်းစသည့် လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

**နိုင်ငံတော်က အားပေးမြှင့်တင်**

မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးရေးအတွက် သင့်လျော်သည့်ရာသီဥတုနှင့် မြေနေရာများစွာရှိသည့်အတွက် စီးပွားရေးအရ တွက်ခြေကိုက်မှုအပေါ် ချိန်ဆပြီး ရော်ဘာမျိုးကောင်းများ ပြောင်းလဲစိုက်ပျိုးရေး၊ ရော်ဘာတိုးချဲ့စိုက်ပျိုးရေးကိုလည်း အားပေးကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေ၊ မြေသဘာဝနှင့်ကိုက်ညီပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိသည့် ရော်ဘာအထွက်နှုန်းကောင်းမျိုးများ မွေးမြူထုတ်လုပ်နိုင်ရန် လိုအပ်သည့်သုတေသနများကို နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနက စဉ်ဆက်မပြတ် သုတေသနပြုဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ရှည်လျားသည့် ရော်ဘာစိုက်ပျိုးမှုသမိုင်းကြောင်းရှိခဲ့သော်လည်း လက်ရှိအခြေအနေတွင် ရော်ဘာအထွက်နှုန်းနှင့် အရည်အသွေးသည် အောင်မြင်တိုးတက်မှု ရှိသင့်သလောက်မရှိသေးဘဲ အားနည်းနေသေးကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ရာ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့် ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို မဟာဗျူဟာအစီအစဉ်များရေးဆွဲပြီး ကာလတို၊ ကာလရှည်စီမံကိန်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။ MSME နှင့်အကျုံးဝင်သည့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်အစိုးရက အရင်းအနှီး၊ နည်းပညာနှင့် လိုအပ်သောသွင်းအားစုများကို အင်တိုက်အားတိုက်အားပေးကူညီလျက်ရှိရာ နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် အလုပ်အကိုင်၊ အခွင့်အလမ်းများ တိုးတက်ပေါ်များစေရေးအတွက် စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ရော်ဘာစိုက်ပျိုးရေးအား တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု နှိုးဆော်ရေးသားလိုက်ရပါသည်။

# ဗဟန်းမြို့နယ်ရှိ ချင်းချောင်းနန်းတော်ကြီးကို အမျိုးသားအနုပညာပြတိုက်အဖြစ် ရည်ရွယ်ဆောင်ရွက်နေ



ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ချင်းချောင်းနန်းတော်ကြီးကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အနုပညာလက်ရာများ ထိန်းသိမ်းစုဆောင်း ခင်းကျင်းပြသသည့် အမျိုးသား အနုပညာပြတိုက်အဖြစ် ရည်ရွယ်ဆောင်ရွက်နေကြောင်း အမျိုးသားပြတိုက်(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝင်းထံမှ သိရသည်။

မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ အနုပညာလက်ရာများကို ထိန်းသိမ်းစုဆောင်းခင်းကျင်းပြသခြင်းဖြင့် အနုပညာ၏တန်ဖိုးကိုသိရှိနားလည်စေရန် ရည်ရွယ်ချက်ဖြင့် ချင်းချောင်းနန်းတော်ကြီး ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်ကာ ယခုချိန်ထိ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"၂၀၁၈ ခုနှစ်ခန့်က ချင်းချောင်းနန်းတော်မှာပြုလုပ်ခဲ့တဲ့ ပန်းချီပြပွဲတစ်ခုမှာ ပန်းချီဆရာကြီး ဦးလွန်းကြွယ်အပါအဝင် ပန်းချီဆရာကြီးတွေက တစ်နိုင်ငံလုံးက ပန်းချီအနုပညာ လက်ရာတွေကို စုစည်းပြသနိုင်မဲ့ ပန်းချီပြတိုက်ကြီး ပေါ်ထွန်းလာဖို့ ဆောင်ရွက်ပေးပါဆိုပြီး နိုင်ငံတော်ကို တင်ပြခဲ့တာရှိပါတယ်။ ဒီချင်းချောင်းနန်းတော်ဟာ နိုင်ငံတကာ ခရီးသွားတွေအတွက်လဲ ဆွဲဆောင်မှုရှိတဲ့နေရာဖြစ်လို့ တောင်းဆိုခဲ့တာဖြစ်ပါတယ်။ စုဆောင်းပစ္စည်းတွေကလဲ ပန်းချီ ပန်းပု စသဖြင့် အနုပညာပစ္စည်းတွေလဲ တော်တော်များများ စုဆောင်းပြီးဖြစ်လို့အမြန်ဆုံး ဖွင့်လှစ်နိုင်ရေးကို ပန်းချီ၊ပန်းပု စတဲ့ အနုပညာဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်"ဟု ဒေါ်နန်းလောဝင်းက ပြောပြသည်။

ချင်းချောင်းနန်းတော်ကို အမျိုးသား အနုပညာပြတိုက်အဖြစ် ဖွင့်လှစ်ရန် ပထမထပ်တွင် ပြခန်းပေါင်း ၁၁ ခန်း၊ ဒုတိယထပ်တွင် ပြခန်းပေါင်း ရှစ်ခန်း ဖွင့်လှစ်ပြသသွားရန် လျာထားဆောင်ရွက်နေပြီး ကျန်ရှိနေသည့် ဘုံသုံးဆင့်များတွင် စာကြည့်တိုက်များ ပန်းချီရေးဆွဲ ဖန်တီးနိုင်သည့် ပန်းချီစတူဒီယိုများ၊ အစည်းအဝေးခန်းမများ၊ ရုံးခန်းများနှင့် အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ အပေါ်ဆုံးဘုံဆင့်တွင် ကော်ဖီဆိုင်များ ဖွင့်လှစ်သွားရန် လျာထားကြောင်း သိရသည်။

ASH

# Goodbye June ဒရာမာဇာတ်ကားကို မင်းသမီး ကိတ်ဝင်းစလက် ရိုက်ကူးမည်

နယူးယောက် ဖေဖော်ဝါရီ ၁၈

Netflix ရုပ်ရှင်ကုမ္ပဏီ၏ Goodbye June အမည်ရှိ မိသားစု မေတ္တာဖွဲ့ဇာတ်ကားသစ်ကို ကမ္ဘာကျော် မင်းသမီးကြီး ကိတ်ဝင်းစလက်က ဒါရိုက်တာအဖြစ် တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

Goodbye June ဇာတ်ကားသည် မင်းသမီး ကိတ်ဝင်းစလက် ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည့် ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်သည်။

မင်းသမီး ကိတ်ဝင်းစလက်သည် Goodbye June ဇာတ်ကားကို ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည့်အပြင် အဓိကဇာတ်ကောင်တစ်ဦးအဖြစ်လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Goodbye June ဇာတ်ကားတွင် ကိတ်ဝင်းစလက်နှင့်အတူ မင်းသား တိုနီကောလက်၊ ဂျွန်နီဖလင်းနှင့် မင်းသမီး ဟယ်လင်မာရန်းတို့ ပါဝင်မည်ဖြစ်သည်။

Goodbye June ဇာတ်ကားကို ဗြိတိန်နိုင်ငံ၌ မကြာမီကာလအတွင်း စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Goodbye June ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Netflix ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းတင်သွင်းနိုင်ရန်စာတမ်းပြုစုမှု ပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာ့ရိုးရာသနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ယူနက်စကိုကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုစာရင်း တင်သွင်းနိုင်ရန်အတွက် စာတမ်းပြုစုမှု ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်ထံမှ သိရသည်။

မြန်မာ့ရိုးရာသနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ဝင်ရောက်နိုင်ရေးအတွက် တပို့တွဲလပြည့်နေ့ကို မြန်မာ့သနပ်ခါးနေ့အဖြစ် သတ်မှတ်ထားခြင်းဖြစ်ပြီး မြန်မာ့ရိုးရာသနပ်ခါး ယဉ်ကျေးမှုဓလေ့အထိမ်းအမှတ် လှုပ်ရှားမှုများကို နိုင်ငံတစ်ဝန်းရှိ အမျိုးသားပြတိုက်များ၊ ယဉ်ကျေးမှုပြတိုက်များနှင့် အမျိုးသားစာကြည့်တိုက်များတွင် ဆောင်ရွက်လျက်ရှိသည့်အပြင် အများပြည်သူများ၏ သဘောထား စစ်တမ်းကောက်ခံချက်များကို ယူနက်စကိုအဖွဲ့အစည်းသို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဖြစ် ယူနက်စကိုက အသိအမှတ်ပြုရေးကို ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ်က ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အခုအခါ စာတမ်းလဲ ပြီးစီးပြီဖြစ်တဲ့အတွက် ယူနက်စကိုကို တင်သွင်းဖို့စာတမ်းနဲ့အတူ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကလဲ မှတ်တမ်းရုပ်ရှင်တွေ ရိုက်ကူးတင်သွင်းသွားမှာဖြစ်ပါတယ်"ဟု ဒေါ်စန္ဒာခင်က ပြောပြသည်။



တစ်မျိုးသားလုံး၏ ယဉ်ကျေးမှုအဖြစ် ကိုယ်စားပြုကာ တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် ရိုးရာယဉ်ကျေးမှုဓလေ့အဖြစ် လိမ်းခြယ်ခဲ့ကြသော မြန်မာ့သနပ်ခါးသည် ယူနက်စကိုမှ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်ခဲ့သည့် စံနှုန်းငါးချက်နှင့်လည်း ကိုက်ညီမှုရှိနေသဖြင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရေးအတွက် အမည်စာရင်းတင်သွင်းနိုင်ရန် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ASH

# Run သိပ္ပံဇာတ်ကား၌ မင်းသမီး အန်နီအီလွန်ဇီနှင့် အာရီကာမီနာတို့ ပါဝင်ထား

နယူးယောက် ဖေဖော်ဝါရီ ၁၈

Footage ရုပ်ရှင်ကုမ္ပဏီ၏ Run အမည်ရှိ လျှို့ဝှက်သည်းဖိုသိပ္ပံဇာတ်ကား၌ မင်းသမီး အန်နီအီလွန်ဇီ၊ အာရီကာမီနာနှင့်မင်းသားမားကွစ်ဟူစတန်တို့ ဦးဆောင်ပါဝင်ထားကြောင်း ဖေဖော်ဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

Run ဇာတ်ကားသည် ဗြိုဟ်သားများ၏ တိုက်ခိုက်မှုအန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရသော လူငယ်တစ်စု၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော လျှို့ဝှက်သည်းဖိုသိပ္ပံဇာတ်ကားဖြစ်သည်။

Run ဇာတ်ကားကို ဒါရိုက်တာ ခရစ်စတုပ်က တာဝန်ယူရိုက်ကူးပေးထားပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကပင် ရေးသားပေးထားကြောင်း သိရသည်။

Run ဇာတ်ကားတွင် မင်းသမီး အာရီကာပင်းကလက်၊ မင်းသား ဒရူးဆီဗိုရာနှင့် အော့ဘာဘာဘာတန်ဒီတို့လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ဒါရိုက်တာ ခရစ်စတုပ်သည် You Got Served နှင့် Happy Anniversary ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

Run ဇာတ်ကားကို ယခုနှစ် မေလအတွင်း ရုံတင်ပြသရန် Footage ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# တေးသံရှင် ရေဗက္ကာဝင်း၏ Sunday Night တေးဂီတဖျော်ဖြေပွဲကို မြောက်ဥက္ကလာပမြို့နယ် Transporter Bar တွင် ပြုလုပ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

တေးသံရှင် ရေဗက္ကာဝင်း၏ Sunday Night တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တေးသံရှင် ရေဗက္ကာဝင်း၏ Sunday Night တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ရေဗက္ကာဝင်းနှင့်အတူ တေးသံရှင် မျိုးကျော့မြိုင်ကလည်း Special Guest အဖြစ် ပါဝင်ပံ့ပိုးဖြည့်ဆည်းသီဆိုပေးမည်ဖြစ်သည်။

"Transporter Bar မှာ ကိုမျိုးကျော့မြိုင်နဲ့အတူ ပင်တိုင်အဆိုရှင်တွေဖြစ်တဲ့ အုပ်စိုး၊ ကျော်စည်၊ ထူးထူး၊ ဟေမန်မြင့်ဇော်၊ ချောကေတို့ကလဲ ပါဝင်ဖျော်ဖြေပေးသွားမှာ ဖြစ်ပါတယ်။ Performance အားကောင်းတဲ့ DJ& MC တို့နဲ့ ဖျော်ဖြေတင်ဆက်မှုများကို အားပါးတရအားပေးရမှာဖြစ်လို့ သံစဉ်များနဲ့ ကမ္ဘာထဲမှာ အားလပ်ရက်ကို အပြည့်အဝ နားဆင်ကြရမဲ့ညလေး ဖြစ်မှာပါ"ဟု တေးသံရှင် ရေဗက္ကာဝင်းက ပြောပြသည်။

တေးသံရှင် ရေဗက္ကာဝင်းနှင့် ညှို့သည့်အဆိုတော် မျိုးကျော့မြိုင်တို့၏ Sunday Night တေးဂီတဖျော်ဖြေပွဲကို Transporter Bar တွင် ညနေ ၆ နာရီမှစတင်ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Myinmu Township grows more than 5,000 acres of vegetables in cold season


A vegetable farm in Myinmu Township.

**Myinmu February 18**

Local farmers planted 5,023 acres of vegetables in Myinmu Township of Sagaing Region, according to the statistics of Sagaing District Agriculture Department.

In 2024-25 cold season, local authorities earmarked cultivation of 5,114 acres of vegetables in Myinmu Township but farmers planted 5,023 acres of crops against the target cultivation.

Daw Thida Lwin, Head of Sagaing District Agriculture Department disclosed: "Local farmers planted 5,023 acres of vegetables against the target of 5,114 acres in Myinmu Township. They are engaged in cultivation of mustard, chilli, otato, spicy, cabbage, eggplant and cauliflower as well as cabbage in the township. Our department urged local farmers to apply GAP system in cultivation of vegetables and produce crops with least chemical, residues."

Officials of Myinmu Township Agriculture Department conduct training courses for local farmers to enhance their capacity in growing vegetables and shares techniques with local farmers to produce healthy crops with least chemical residue in addition to expansion of sown acres of crops.

Vegetable crops are thriving in Myinmu Township. It can increase incomes of families of farmers. Officials of the Township Agriculture Department shares techniques of making natural fertilizers and pests. 206

# Sea sesame from Ngaputaw Township sent to Yangon Market

**Ngaputaw February 18**

According to Daw Than Than Swe, a trader of agricultural products in Ngaputaw Township of Ayeyawady Region, a total of 82,000 viss of sea sesame were supplied from Ngaputaw Township to the Yangon market in January.

In comparison, only 62,000 viss of the same variety were dispatched in December 2024. In January 2025, the sale of sea sesame increased to 82,000 viss.

"We are shipping sea sesame sea sesame from Ngaputaw Township to the Yangon market. Over the past month, we have successfully exported up to 82,000 viss. From Yangon, these sesame seeds are further exported to international markets. With the increase in exports, local farmers are benefiting as well. Due to rising demand from overseas markets, exports have grown significantly, and more farmers in Ngaputaw Township are getting involved in sea sesame cultivation," said Daw Than Than Swe.

The price of sea sesame ranges between K17,000 and K22,000 per viss. The majority of sea sesame cultivation in Ngaputaw Township takes place in villages near coastal areas. After planting, farmers need to apply necessary pesticides and fungicides, as well as provide irrigation when required. The average yield per acre of sea sesame sesame ranges between 18 and 27 baskets.

Kyaw Kyaw Lin


Photo shows a sack of sea sesame.

# Mustard and sesame cultivation in Kale District exceeds targets, reaching 17,228 acres

**Kale February 18**

In Kale District, Sagaing Region, a total of 17,228 acres of mustard and sesame have been successfully cultivated, exceeding the initial target of 13,325 acres for the 2024-2025 winter crop season. The Kale District Department of Agriculture reported that mustard and sesame cultivation began in October 2024 and has continued to expand beyond the planned area.

U Aung, the District Director of the Kale District Agriculture Department, explained, "For the 2024-2025 winter crop season, we initially planned to cultivate 13,325 acres of mustard and sesame. However, we have already reached 17,228 acres. The cultivation of mustard and sesame has been extended beyond the planned area. These crops are used for oil extraction and medicinal purposes."

In Kale District, the distribution of cultivated land by township is as follows: Kale Township has 9,925 acres of sesame and 994 acres of mustard; Kale-Wa Township has 4,157 acres of sesame; and Mingkin Township has 2,152 acres of sesame, totaling 17,228 acres.

For the 2023-2024 winter crop season, the target cultivation areas by township were 6,125 acres of mustard and 994 acres of sesame in Kale Township, 4,024 acres of sesame in Kale-Wa Township, and 2,182 acres of sesame in Mingkin Township, totaling 13,325 acres.

Mustard and sesame cultivation in Kale District is carried out annually, with most sesame and sunflower cultivation in the Sagaing Region concentrated in the towns of Katha and Kalay. 206

# Deaths from consuming counterfeit alcohol rise to 59 in Türkiye's capital: media

**Ankara February 18**

The number of deaths from consuming counterfeit alcohol in Türkiye's capital Ankara has risen to 59, the local NTV broadcaster reported on Tuesday.

Additionally, the number of patients in intensive care has reportedly reached 35.

An earlier NTV report on Feb. 7 said that 33 people had died, and 20 others remained in intensive care due to fake alcohol consumption.

The death toll climbed to 54, the semi-official Anadolu Agency reported Monday. None of the reports mentioned when these deaths exactly took place.

As part of an ongoing investigation by the Ankara Chief Public Prosecutor's Office, 28 suspects have been arrested for the production and sale of counterfeit alcohol, while 25 others have been released under judicial control, the NTV said in Tuesday's report.

The Ankara provincial governor's office has previously issued a public warning against the use of counterfeit alcohol.

Recently, similar incidents have been reported in various regions of Türkiye, prompting authorities to intensify operations against illegal alcohol production. Xinhua

# Israel to maintain troops at 5 posts in Lebanon beyond withdrawal deadline: official

**Jerusalem February 18**


An Israeli government official said Monday that the country's military will maintain troops at five posts in southern Lebanon, despite the deadline for its full withdrawal expiring on Tuesday.

Speaking to Xinhua on condition of anonymity, the official said the five military posts are located at "strategic points" that oversee the villages in southern Lebanon and Israeli communities along the border. According to the official, the move has been coordinated with United States officials.

The official added that Israel "will continue to strictly enforce the ceasefire in Lebanon." Israel carried out several attacks on Monday, including an airstrike in Sidon that killed a Hamas military official.

Under a fragile truce that ended 14 months of fighting between Israel and Hezbollah, Israeli troops were scheduled to complete their withdrawal by late January. Israel and Lebanon agreed to extend the deadline to Feb. 18. However, Israel now insists on maintaining troops at five positions in southern Lebanon without setting a new timeline for their withdrawal.

Xinhua


This photo taken on Feb. 18, 2025 shows members of the Lebanese army positioning at the entrance to Kfar Kila, Lebanon, after the Israeli army withdrew from it. An Israeli government official said Monday that the country's military will maintain troops at five posts in southern Lebanon, despite the deadline for its full withdrawal expiring on Tuesday.

# Mingin Township cultivates over 7,300 acres of winter seed corns and millets


A thriving corn plantation.

**Mingin February 18**

A total of 7,397 acres of seed corns and millets have been planted in Mingin Township, Kalay District, Sagaing Region during the winter crops planting season, according to the statistics of the Department of Agriculture for Mingin Township.

In the 2024-2025 winter crops planting season, 1,116 acres of seed corns and 6,022 acres of millets have been planned to be planted in Mingin Township and 1,142 acres of seed corns and 6,255 acres of millets, totaling 7,397 acres, have been planted since October 2024.

"We are providing education to help the corns grow successfully and prevent the spread of pests and diseases," said Daw Hayman Kyaw Win, head of the Department of Agriculture for Mingin Township.

In Mingin Township, in the cultivation of seed corns and millets, more than 50 baskets of seed corns are produced per acre, and the cost of planting one acre of seed corn is 500,000 kyats. A total of 15,000 corn ears of millets are produced per acre, and the cost of planting one acre is over 500,000 kyats. 206

# Dabayin Township cultivates over 8,000 acres of winter sunflowers

**Dabayin February 18**

A total of 8,299 acres of sunflowers have been planted in Dabayin Township, Ye-U District, Sagaing Region during the winter crops planting season, according to the statistics of the Department of Agriculture for Ye-U District.

During the 2024-2025 winter crops planting season, 8,365 acres of sunflower have been planned for Dabayin Township. Planting has started in October 2024, and 8,299 acres have been planted to date.

"We are working to achieve the target acreage. In order to reduce the amount of palm oil imported from abroad, we are expanding the cultivation of sunflower. Sunflower, an oil crop, has produced more oil per acre than other peanuts and sesame," said Zaw Myint Htun, head of the Department of Agriculture for Ye-U District.

In order to expand sunflower cultivation in Dabayin Township, the Township Department of Agriculture is conducting educational training courses at an accelerated pace, and is conducting educational training courses for staff and sunflower growers to improve efficiency. 206


Spectacular scene of a thriving sunflower plantation.

# Monywa District plans to grow more than 6,000 acres of summer sesame

**Monywa February 18**

According to the statistics of Monywa District Department of Agriculture of Sagaing Region, arrangements are being made to grow 6,427 acres of sesame in coming summer in the district.

In 2024-25 summer, Monywa Township earmarked cultivation of 480 acres of sesame, Budalin Township 2,739 acres, Ayadaw Township 3,200 acres and ChaungU Township eight acres, totalling 6,427 acres.

Daw San San Myint, Head of Monywa District Agriculture Department commented: "Local authorities earmarked cultivation of more than 6,000 acres of summer sesame. We will help local farmers meet the target cultivation. Moreover, we encourage them to expand sown acreage of sesame, boost per-acre yield and use GAP system."

It has been reported that this year in the Monywa District, relevant township agriculture departments will provide training to sesame farmers on expanding sesame cultivation; on improved cultivation methods, including the GAP (Good Agricultural Practices) system; on planting high-quality, improved varieties; and on cultivating high-yielding crops.

The crops produced using the GAP system are of superior quality compared to those grown with other methods, fetch higher prices, and can be marketed not only in the domestic market but also in international markets. As a result, farmers adopting the GAP system are expected to reap greater economic benefits and see improvements in their socioeconomic life.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Merchants from Maubin Township send 75,000 viss of freshwater catfish to Yangon market in Jan

**Maubin February 18**

Local merchants and fishermen from Maubin Township of Ayeyawady Region supplied 75,000 viss of freshwater catfish to Yangon market, said Daw Aye Maw, the owner of fishery product commodity wholesale centre in Maubin Township.

They sold 55,000 viss of freshwater catfish to Yangon market in December 2024 but 75,000 viss in January 2025. Due to high demand from Yangon market, fishermen and merchants in addition to others in production chains are earning increased incomes for their families.

Daw Aye Maw remarked: "Primarily, fishermen are convenient in their livelihoods due to high demand of Yangon market in sales of freshwater catfish. They sent 75,000 viss of freshwater catfish in January 2025. In fact, freshwater catfish is consumed by people generally. Now, trading of fish is in normal status. We send fishery products to Yangon to fetch good prices."

In the market, freshwater catfish from Maubin Township fetches K175,000 per 10 viss. Merchants from Maubin Township transport freshwater catfish in systematic package to Yangon. Due to high demand, local fishermen and fish farmers as well as those in the production chain are convenient in their livelihoods. Kyaw Kyaw Lin


Freshwater catfish.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကြည်းတပ်က UAS၊ UAV၊ ဒရုန်းစစ်ဆင်ရေးများအပေါ် အာရုံစိုက်လုပ်ဆောင်လာ



အမေရိကန်ကြည်းတပ်သည် စစ်မြေပြင်စွမ်းရည်မြှင့်တင်ရန်နှင့် ပေါ်ပေါက်လာသောခြိမ်းခြောက်မှုများကို ဖြေရှင်းရန်အတွက် မောင်းသူမဲ့လေယာဉ်စနစ်(UAS)၊ မောင်းသူမဲ့လေယာဉ် (UAV)များ၊ ဒရုန်းစစ်ဆင်ရေးများအပေါ် အာရုံစိုက်ကြိုးပမ်းလုပ်ဆောင်လာကြောင်း Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၃ ရက်ထိ အမေရိကန်ကြည်းတပ်၊ Aviation Center of Excellence သည် Fort Novosel တပ်မြို့တွင် UAS Summit အစည်းအဝေးတစ်ရပ်ကို ကာကွယ်ရေးကျွမ်းကျင်သူများ၊ တပ်ဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းထိပ်တန်းကုမ္ပဏီများနှင့်အတူ ကျင်းပခဲ့သည်။ အမေရိကန်ကြည်းတပ် Futures Command ဌာနချုပ်၊ DARPA၊ DEVCOM နှင့်ကာကွယ်ရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များသည် အမေရိကန်ကြည်းတပ်၏ မောင်းသူမဲ့လေယာဉ်စနစ်များကို ခေတ်မီစေရန် မကြာသေးမီက ကမ္ဘာလုံးဆိုင်ရာပဋိပက္ခများမှ သင်ခန်းစာယူ၍ အနာဂတ်စစ်ဆင်ရေးများအတွက် ပြင်ဆင်ခြင်းတို့ကို အဓိကထားဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် အထူးသဖြင့် ကင်းထောက်၊ တိုက်ခိုက်မှုနှင့် အီလက်ထရွန်နစ်စစ်ပွဲများ၌ ဒရုန်းများ၏ အခန်းကဏ္ဍ တိုးတက်လာခြင်းကို အလေးပေးဖော်ပြခဲ့ကြသည်။ ရုရှား-ယူကရိန်းပဋိပက္ခတွင် မြင်တွေ့ရသည့် ဒရုန်းစစ်ဆင်ရေးများ ဆင့်ကဲတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ အမေရိကန် တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် စစ်ဆင်ရေးတွင် သာလွန်ကောင်းမွန်နေစေရန်အတွက် အဆင့်မြင့်မောင်းသူမဲ့လေယာဉ် နည်းပညာများကို ပေါင်းစပ်အသုံးပြုနိုင်ရန် အရှိန်အဟုန်မြှင့်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ရုရှား-ယူကရိန်းပဋိပက္ခတွင် First-Person View (FPV) ဒရုန်းများ၏ထိရောက်မှုကိုအသိအမှတ်ပြုခဲ့သည့် အမေရိကန်ကြည်းတပ်သည် ဤ FPV ဒရုန်းနည်းပညာကို တပ်ရင်း၊ တပ်ဖွဲ့များတွင် လျင်မြန်စွာပေါင်းစပ်အသုံးပြုနိုင်ခဲ့သည်။ Virtual Reality(VR)နားကြပ်များဖြင့် ထိန်းချုပ်မောင်းနှင်နိုင်သည့် FPV ဒရုန်းများသည် ပြိုင်ဘက်ကင်းသော လှုပ်ရှားစစ်ကစားနိုင်မှုနှင့် တိကျမှုတို့ကို ပိုင်ဆိုင်ထားပြီး ထောက်လှမ်းမှုနှင့် တိုက်ခိုက်မှုနှစ်ခုစလုံးအတွက် အဖိုးတန်ပိုင်ဆိုင်မှုများဖြစ်လာကြသည်။ FPV ဒရုန်းများ၏ ကုန်ကျစရိတ်သက်သာမှုနှင့် ဖြန့်ကြက်အသုံးပြုရလွယ်ကူမှုတို့က ခေတ်သစ်ပဋိပက္ခများတွင် အပြောင်းအလဲဖြစ်စေခဲ့ပြီး ဘက်မညီစစ်ပွဲတစ်ရပ် ဆင်နွှဲနိုင်ပုံကိုပြသခဲ့သည်။

ထို့ပြင် အမေရိကန်ကည်းတပ်သည် စွမ်းအားရင်းမြစ်နှင့် တိုက်ရိုက်ချိတ်ဆက်ထားစဉ်တွင် စဉ်ဆက်မပြတ် ဝေဟင်ထောက်လှမ်းရေးအချက်အလက် စုဆောင်းမှုကိုပံ့ပိုးပေးနိုင်သည့် ကြိုးတန်းလန်းဖြင့်လွှတ်တင်နိုင်သော ဒရုန်းများအသုံးပြုနိုင်မှုကို စူးစမ်းရှာဖွေလျက်ရှိသည်။ ဤတိုးတက်ဖွံ့ဖြိုးမှုများသည် အမေရိကန်ကြည်းတပ်၏ စစ်ဆင်ရေးစစ်လက်နက်ပစ္စည်းများကို ယခုဘဏ္ဍာနှစ်တွင် တရားဝင် ထည့်သွင်းအသုံးပြုနိုင်ရန်မျှော်မှန်းထားပြီး စစ်သည်များအနေဖြင့် ခေတ်မီအဆင့်မြင့် လေကြောင်းစွမ်းရည်များကို လက်လှမ်းမီ အသုံးပြုနိုင်စေရန် အာမခံချက်ပေးထားသည်။ အနိမ့်ပျံ၊ အလွန်နှေး၊ အသေးစား မောင်းသူမဲ့လေယာဉ်၊ ဒရုန်းရန် ပေါင်းစပ်တိုက်ဖျက်ရေးစနစ်(LIDS) သည် ရန်သူ့မောင်းသူမဲ့လေယာဉ်များကို ခြိမ်းခြောက်မှုမပြုလုပ်နိုင်မီ ၎င်းတို့ကို ရှာဖွေဖော်ထုတ်ကာ ပျက်ပြယ်စေမည့် တီထွင်ထုတ်လုပ်မှုတစ်ရပ်ဖြစ်သည်။

ခေတ်သစ်ပဋိပက္ခများ ဆက်လက်ဖြစ်ထွန်းလာသည်နှင့်အမျှ အဆင့်မြင့်မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများနှင့် တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်များ ပေါင်းစပ်အသုံးပြုခြင်းသည် အမေရိကန်တပ်မတော်အတွက် ထိပ်တန်းဦးစားပေးအဖြစ် ဆက်လက်တည်ရှိနေကြောင်း သိရသည်။

**Flash News: US Army Accelerates Drone Warfare Development Amid Global Conflict Lessons ကို ဘာသာပြန်ဆိုထားပါသည်။**

## အယ်လ်ဂျီးရီးယားနိုင်ငံက ရုရှားထုတ် Su-57 တိုက်လေယာဉ်ဝယ်ယူသည့် ပထမဆုံးဖောက်သည်နိုင်ငံဖြစ်လာခဲ့

အယ်လ်ဂျီးရီးယားနိုင်ငံသည် ရုရှားထုတ် Su-57 တိုက်လေယာဉ်ဝယ်ယူသည့် ပထမဆုံးဖောက်သည်နိုင်ငံ ဖြစ်လာခဲ့ကြောင်း မြောက်အာဖရိကနိုင်ငံပိုင်သတင်းမီဒီယာများကိုကိုးကား၍ The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နှစ်နိုင်ငံ သဘောတူညီချက်၏ အသေးစိတ်အချက်အလက်များကို အတိအကျ ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ Su-57 တိုက်လေယာဉ်ကို ယခုနှစ်အတွင်း ပို့ဆောင်ပေးရန် မျှော်မှန်းထားသော်လည်း အယ်လ်ဂျီးရီးယားလေတပ်မှ လေယာဉ်မှူးများသည် ရုရှားနိုင်ငံတွင် လေ့ကျင့်သင်တန်းတက်ရောက်နေဆဲဖြစ်ကြောင်း ဂျိမ်းစ် ကာကွယ်ရေးသတင်းဌာနက ရေးသားဖော်ပြထားသည်။

ယခုကဲ့သို့ တရားဝင်အတည်ပြုထုတ်ဖော်ပြောကြားချက်မတိုင်မီ ရုရှားနိုင်ငံအစိုးရပိုင်ကာကွယ်ရေးကုမ္ပဏီ Rosoboronexport ၏ CEO Alexander Mikheev က Aero India 2025 ပြပွဲတွင် ပဉ္စမမျိုးဆက် ဘက်စုံသုံးတိုက်လေယာဉ် Su-57E ၏ ပထမဆုံးဝယ်ယူသော ပြည်ပဖောက်သည်နိုင်ငံသည် Rosoboronexport ကုမ္ပဏီမှပံ့ပိုးပေးမည့် ဤတိုက်လေယာဉ်ကို ယခုနှစ်တွင် စတင်အသုံးပြုနိုင်တော့မည်ဖြစ်သည်ဟု မှတ်ချက်ပြုပြောကြားခဲ့သေးသည်။

ကာကွယ်ရေးကုမ္ပဏီ Rosoboronexport သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလက တိုက်လေယာဉ်အတွက် အရောင်းအဝယ်သဘောတူညီချက်တစ်ရပ်ကို အပြီးသတ်လုပ်ဆောင်နိုင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ သို့သော်လည်း ဖြစ်ရပ်နှစ်ခုစလုံးတွင် ဝယ်ယူအားပေးသူနိုင်ငံကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။

ရုရှားနိုင်ငံသည် ၁၉၆၀ ပြည့်နှစ်များကတည်းက အယ်လ်ဂျီးရီးယားနိုင်ငံ၏ အကြီးမားဆုံး စစ်လက်နက်ပစ္စည်းများ ပံ့ပိုးရောင်းချပေးနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။ နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိုအားကောင်းစေရန် ၂၀၂၃ ခုနှစ် အပြန်အလှန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

Felon ဟူသောအမည်ဖြင့် NATO မှ ခေါ်ဝေါ်သတ်မှတ်ထားသော Su-57 တိုက်လေယာဉ်သည် ဝေဟင်နှင့် မြေပြင်ပစ်မှတ်များကို တိုက်ခိုက်ချေမှုန်းနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ပြည်ပပို့ကုန်ဗားရှင်းဖြစ်သည့် Su-57E သည် အများဆုံး အလျင်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၃၅၀ ဖြင့် အနိမ့်ပျံသန်း၊ စစ်ဆင်နိုင်စွမ်းရှိသည်။ ရုရှားနိုင်ငံထုတ် ပဉ္စမမျိုးဆက်တိုက်လေယာဉ်အမျိုးအစား Su-57 သည် အမြင့်ပေ ၁၈၀၀၀ မီတာ၊ အကွာအဝေး



အသွား/အပြန် ၇၇၆ မိုင်ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ၎င်းသည် အမေရိကန်၏ F-22 Raptor နှင့် F-35 Lightning II တိုက်လေယာဉ်များနှင့် အပြိုင်ထုတ်လုပ်ခဲ့ပြီး ပထမဆုံး ရှေ့ပြေးနမူနာပုံစံကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလတွင် စတင်ပျံသန်းနိုင်ခဲ့သည်။ သို့သော်လည်း ရုရှားက နည်းပညာနှင့် ကုန်ကျစရိတ်ခွဲဝေမှုအစီအစဉ်များကိုမျှဝေပေးရန် တုံ့ဆိုင်းမှုအပါအဝင် အမျိုးမျိုးသော သဘောထားကွဲလွဲမှုများကြောင့် ကနဦးပူးပေါင်းပါဝင်ရန် တာစူနေသည့် အိန္ဒိယနိုင်ငံ၏ Su-57 စီမံကိန်းမှ ၂၀၁၈ ခုနှစ်တွင် နုတ်ထွက်လိုက်ခြင်းကြောင့် ထုတ်လုပ်မှုနှင့် တင်ပို့ရောင်းချမှု နှေးကွေးခဲ့ရသည်။ ယူကရိန်းအထူးစစ်ဆင်ရေးဆင်နွှဲနေသော ရုရှားအပေါ် အရေးယူပိတ်ဆို့မှုများချမှတ်ထားခြင်းကြောင့် Su-57 ကို သတ်မှတ်အချိန်ဇယားများအတိုင်း ရုရှားတပ်မတော်သို့ လွှဲပြောင်းပေးအပ်ရန် နှောင့်နှေးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း သိရသည်။

**Algeria Becomes First Export Customer of Russian Su-57 Stealth Fighter ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# လပွတ္တာမြို့နယ်တွင် ပင်လယ်ငါးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ



**လပွတ္တာ ဖေဖော်ဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ပင်လယ်ငါးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း လပွတ္တာမြို့နယ် ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ၂၀၂၅ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်မှ ယနေ့ထိ ပင်လယ်ငါးခြောက်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများလာခြင်းကြောင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ပင်လယ်ငါးခြောက်အစုံကို တစ်ရက်လျှင် ပိဿာချိန် ၅၀၀မှ ၂၅၀၀ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေပင်လယ် ငါးခြောက်အစုံကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်မှာ ပင်လယ်ငါးခြောက်အစုံကို အခုလ ဒုတိယပတ်က စတင်ပြီး ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ လက်ရှိတစ်ရက်ကို ငါးခြောက်အစုံပိဿာချိန် ၂၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု လပွတ္တာမြို့နယ် ငါးခြောက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်ခင်ခင်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ထွက်ရှိသည့် ငါးခြောက်များမှာ ငါးကွမ်းရှပ်၊ ငါးလိပ်ကျောက်၊ ငါးပုပ်သင်၊ ပင်လယ်ငါးပြေမ၊ ငါးဖောင်ရိုး၊ ငါးနီတူစသည့် ပင်လယ်ငါးခြောက်များ အများဆုံး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အဆိုပါ ငါးဖောင်ရိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀၊ ငါးကွမ်းရှပ်ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀၊ ပင်လယ်ငါးပြေမခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၄၀၀၀၊ ငါးလိပ်ကျောက်ခြောက် တစ်ပိဿာလျှင် ငွေကျပ်၄၃၀၀၀၊ အာပုံ့ခြောက် တစ်ပိဿာလျှင် ငွေကျပ်၂၈၅၀၀၊ ငါးပုပ်သင်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀၀၊ ငါးနီတူခြောက် တစ်ပိဿာလျှင် ငွေကျပ်၂၅၀၀၀ အရွယ်အစားပေါ်မူတည်၍ ဈေးအပြောင်းအလဲရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သုံးခွမြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**သုံးခွ ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီးသန်လျင်ခရိုင်၊ သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူ၊ သုံးခွမြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းချိုနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေဖြင့် Natural Yaung Chi ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော အရှေ့တံခွန်တိုင်ကျေးရွာ၌ လမ်းအရှည် ၁မိုင် ၇ ဒသမ ဖါဖာလုံ ၊ အကျယ် ၁၂ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဂဝံခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် Mann Htin Paw ကုမ္ပဏီကဆောင်ရွက်လျက်ရှိသော ကတုံးပေါ်အလယ်ကျေးရွာ၌ လမ်းအရှည် ၁မိုင် ၂ ဒသမ ၃ဖာလုံ၊ အကျယ် ၁၂ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဂဝံခင်းခြင်း လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာနှစ်ရွာရှိ ကျေးလက်နေ ပြည်သူများ၊ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားသည်။



အဆိုပါ ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၊ တိုင်းဒေသကြီးခွင့်ပြု ရန်ပုံငွေများဖြင့် ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်**

# ဝမ်းတွင်းမြို့နယ် ကျွဲတပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျွဲတပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ၊ အခြားမိသားစု ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၃ ဦးကို ငွေကျပ်၃၁သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၃ဦးကို ငွေကျပ် ၁၄ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ၁၀၆ဦးကို ငွေကျပ် ၄၅ ဒသမ ၁သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၈-၂-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၈၄၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၇၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၃၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၂၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၂၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၂၀၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၂၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃ /၂၀၂၅)
၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်
(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရုံးခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်နေ့မှစတင်အကျိုးသက်ရောက်စေရမည်။

၃။ ရုံးခွန်အက်ဥပဒေဇယား၁၏အမှတ်စဉ် ၁ ကို အောက်ပါအတိုင်းအစားထိုးရမည်-

SCHEDULE I

AD VALOREMfees

| Number | | Proper Fee |
|---|---|---|
| 1. Plaint, written statementpleading set-off or counter claim or, memorandum of appeal (not otherwise provided for in this Act) or of cross-objection presented to any Civil Court or Revenue authority except those mentioned in section 3. | (a) When the amount or value of the subject matter in dispute does not exceed 100,000,000 Kyats (Hundred Million Kyats); | – 0.5 per centum on the amount or value specified in such document. |
| | (b) When such amount or value exceeds 100,000,000 Kyats (Hundred Million Kyats), up to 1,000,000,000 Kyats (One Billion Kyats); | – 1,000,000 Kyats (Ten Hundred Thousand Kyats) Fixed Fees. |
| | (c) When such amount or value exceeds 1,000,000,000Kyats (One Billion Kyats), up to 3,000,000,000 Kyats (Three Billion Kyats); | – 1,500,000 Kyats (Fifteen Hundred Thousand Kyats) Fixed Fees. |
| | (d) When such amount or value exceeds of 3,000,000,000Kyats (Three Billion Kyats). | – 3,000,000 Kyats (Thirty Hundred Thousand Kyats) Fixed Fees. Provided that the maximum fee leviable shall be Kyat 3,000,000 (Thirty Hundred Thousand Kyats). |

၄။ ရုံးခွန်အက်ဥပဒေဇယား ၁ ၏ အမှတ်စဉ် ၁၁ နှင့်၁၂ တို့ပါထိုက်သင့်သော ရုံးခွန်စာတိုင်တွင်ပါရှိသော "kyat 500,000"ဆိုသည့် စကားရပ်ကို "kyat 3,000,000 (Thirty Hundred Thousand Kyats)"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၄၁၉အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရုံးခွန်အက်ဥပဒေ(The Court Fees Act)ကို ပြင်ဆင်သည့်ဥပဒေအား သတင်းထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃/၂၀၂၅ ဖြင့် ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအားအတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါဥပဒေသည် ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်မှစ၍ စတင်အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

☆ ကျောဖုံးမှအဆက်

ပြန်လည်တိုက်စစ်ဆင် ဖိအားပေးကစားမှုများကြောင့် ပိုမို အကြိတ်အနယ်ရှိလာခဲ့ပြီး ဒုတိယပိုင်းအစ ပွဲချိန် ၄၆ မိနစ်တွင် မောင်မောင်ဝင်းက ဒဂုံစတားအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၇၇ မိနစ်တွင် တီငြိမ်းမင်းက ရတနာပုံအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့ကာ ပွဲချိန် ၇၈ မိနစ်တွင် ငြိမ်းချမ်းက ဒဂုံစတားအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် နှစ်ဂိုးစီသရေ ရလဒ်ထွက်ပေါ်ရန် နီးစပ်ခဲ့သော်လည်း မိနစ် ၉၀ ပြည့်ပြီးနောက် အချိန်ပို နှစ်မိနစ်တွင် ပြည်မိုးနှင့် လေးမိနစ်တွင် အာကာတို့က ရတနာပုံအက်ဖ်စီအသင်းအတွက် အနိုင်သွင်းဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရတနာပုံအက်ဖ်စီအသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကိုရတနာပုံအက်ဖ်စီအသင်းအတွက် အကောင်းဆုံးခြေစွမ်းပြသပြီး သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ပြည်မိုးက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ STA

MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၆ ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေဖြင့် Fixed Capital အနည်းဆုံး ၃၀ ရာခိုင်နှုန်းနှင့်အထက်အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း သုံးရာခိုင်နှုန်း၊Working Capital ၁၀၀ ရာခိုင်နှုန်း အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း လေးရာခိုင်နှုန်းနှင့် Credit Guarantee Insurance-CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ငါးရာခိုင်နှုန်းတို့ဖြင့် ချေးငွေများလျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီများနှင့်ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ် ပါသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့

# သာသနာရေးဦးစီးဌာနနှင့် ရုရှားအော်သိုဒေါ့ ခရစ်ယာန်အသင်းတော်တို့အကြား သာသနာရေးလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ သဘောတူစာချုပ်(LOA)လက်မှတ်ရေးထိုးခြင်းအခမ်းအနားကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားအော်သိုဒေါ့ခရစ်ယာန်အသင်းတော်တို့အကြား သာသနာရေး လုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ သဘောတူစာချုပ်(LOA) လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E Mr. Iskander AZIZOV နှင့် သံရုံးတာဝန်ခံများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာစင်ကာပူအော်သိုဒေါ့ ခရစ်ယာန်သာသနာ့ဂိုဏ်းချုပ်၊ His Enineence Sergiy Metropolaitan of Singapore and South-East Asia အရှေ့တောင်အာရှဆိုင်ရာ ရုရှားအော်သိုဒေါ့ခရစ်ယာန်အသင်းတော်၏ မြန်မာနိုင်ငံဆိုင်ရာ အသင်းတော်တာဝန်ခံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သဘောတူစာချုပ်(LOA)နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သာသနာရေး လုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ သဘောတူစာချုပ်(LOA) လက်မှတ်ရေးထိုးခြင်းကို နှစ်ဖက်တာဝန်ရှိ ကိုယ်စားလှယ်များက အခမ်းအနားအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြသည်။

ယင်းနောက် ရုရှားအော်သိုဒေါ့ခရစ်ယာန်အသင်းတော်နှင့် စင်ကာပူအော်သိုဒေါ့ ခရစ်ယာန် သာသနာ့ဂိုဏ်းချုပ် ဘုန်းတော်ကြီးတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့၏(၁/၂၀၂၅)ကြိမ်မြောက်အစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့၏ (၁/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ အဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဦးညဏ်ထွန်း၊ဦးချစ်ဆွေ၊ဦးထွန်းအုံ၊ဒုတိယဝန်ကြီးများ၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံးနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို ပြည်တွင်းသယ်ယူပို့ဆောင်ရာတွင် ဥပဒေ၊နည်းဥပဒေများနှင့်အညီ ထိရောက်စွာကြီးကြပ်နိုင်ရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များ၏လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရန် လိုအပ်လျက်ရှိကြောင်း။

ထို့ပြင် ခဲအရည်ကျိုလုပ်ငန်းနှင့် ပတ်သက်ပြီးခဲဆိပ်သင့်မှုကိုအထိရောက်ဆုံးကာကွယ်နိုင်ရန်နှင့်စဉ်ဆက်မပြတ် ကြီးကြပ်နိုင်ရန်အတွက် “ခဲအရည်ကျိုလုပ်ငန်းနှင့်စပ်လျဉ်း၍ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာစည်းကမ်းချက်များ သတ်မှတ်ခြင်း” ညွှန်ကြားချက် ထုတ်ပြန်နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များနှင့်အညီပြင်ဆင်ပြုစုထားရှိပြီးဖြစ်ကြောင်း။

ယခုအစည်းအဝေးတွင် “နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များ ပြင်ဆင်ဖြည့်စွက်ခြင်း အမိန့်ကြော်ငြာစာ”၊ “ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းဆိုင်ရာညွှန်ကြားချက်”နှင့် “ခဲအရည်ကျိုလုပ်ငန်းနှင့်စပ်လျဉ်း၍ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာစည်းကမ်းချက်များ သတ်မှတ်ခြင်းညွှန်ကြားချက်”များကို ထုတ်ပြန်ရန်အတွက် ဗဟိုဦးစီးအဖွဲ့၏ အတည်ပြုချက် ရယူသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ အတွင်းရေးမှူးက ဗဟိုဦးစီးအဖွဲ့နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်မှု၊ ဗဟိုဦးစီးအဖွဲ့မှ ဆုံးဖြတ်ရမည့်အမှာစာများ၊ဥပဒေနှင့်နည်းဥပဒေများအား အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက လုပ်သားများ၏ကျန်းမာရေးနှင့် အသက်အန္တရာယ်ထိခိုက်မှုမရှိစေရေး ကြိုတင်ဆန်းစစ်ရန်၊ ထိရောက်သည့်စီမံခန့်ခွဲမှုစနစ်များဆောင်ရွက်ရန်၊ ဆိုးကျိုးသက်ရောက်မှုမရှိစေရေး၊ ခဲအရည်ကျိုစက်ရုံများအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်အစီရင်ခံစာ (EIA) ခွင့်ပြုချက်ရရှိမှသာလုပ်ငန်းများဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်ဝန်ကြီး ဦးညဏ်ထွန်းက လျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် အသုံးပြုလျက်ရှိသည့်ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအသုံးပြုရသဖြင့် စနစ်တကျဖြစ်စေရေးကြပ်မတ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက အလုပ်ရုံများအက်ဥပဒေတွင် ဘေးအန္တရာယ်ဖြစ်စေသည့် အခိုးအငွေ့များ၊ စွန့်ပစ်ပစ္စည်းများ၊ ပေါက်ကွဲစေတတ်သည့် သို့မဟုတ် မီးတောက်လောင်စေတတ်သည့် အမှုန်အမွှားအခိုးအငွေ့များနှင့် စပ်လျဉ်း၍ စက်ရုံ၊အလုပ်ရုံများ လိုက်နာဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများသည် စက်မှုကုန်ကြမ်းအဖြစ်အသုံးပြုမှု၊ ဓာတုဗေဒပစ္စည်းများကို သက်ဆိုင်ရာဌာနများက ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများနှင့်အညီ တင်သွင်းရန်ခွင့်ပြုပေးမှုနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာအလိုက် ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးများ၊ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများသည် စက်မှုဝန်ကြီးဌာနမှ Win & Win Co., Ltd. မှ ငှားရမ်းထားသည့်စက်ဘီးစက်ရုံ (ကျောက်ဆည်)၌ SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်ထားသည့် အထူးကြပ်မတ်ကုသဆောင်များတွင်အသုံးပြုမည့် ဆေးရုံသုံးခုတင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း အရေးပေါ်လူနာတင်ယာဉ်စနစ် စတင်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နေပြည်တော်ကောင်စီနယ်မြေအတွင်း အရေးပေါ်လူနာတင်ယာဉ်စနစ် စတင်ဆောင်ရွက်ခြင်း အသိပေးမိတ်ဆက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အသိပေးမိတ်ဆက်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (NRSC) သုတေသနပြုရေးနှင့်ကျန်းမာရေး ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ စေတနာ့လုပ်အားရှင်များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အသိပေးမိတ်ဆက်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ထုတ်ဝေသော Global Status Report on Road Safety (2023) အရ ၂၀၂၁ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ယာဉ်တိုက်မှုကြောင့် သေဆုံးဦးရေသည် အရှေ့တောင်အာရှဒေသတွင် အများဆုံးဖြစ်ပြီး အသက် ငါးနှစ်မှ ၂၉ နှစ်ထိ လူငယ်များ အများဆုံးသေဆုံးရသည့် အကြောင်းရင်းမှာ ယာဉ်တိုက်မှုကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ယာဉ်တိုက်မှုများကြောင့် ဆုံးရှုံးမှုများကို ကာကွယ်နိုင်ရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအပါအဝင် ကာကွယ်ရေးလုပ်ငန်းများသာမက ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား အရေးပေါ်အကူအညီပေးခြင်းနှင့် ထိရောက်စွာဆေးဝါးကုသပေးခြင်း စသည့် ယာဉ်တိုက်မှုဖြစ်ပွားပြီး တုံ့ပြန်ဆောင်ရွက်ခြင်း (Post-Crash Response)မှာလည်း အရေးကြီးသည့်လုပ်ငန်းစဉ်ဖြစ်ကြောင်း။

ယာဉ်တိုက်မှုများတွင် မော်တော်ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်းနှင့် အသက်ကယ်ထိုင်ခုံခါးပတ် မဝတ်ဆင်ခြင်းတို့ကြောင့် အသက်အန္တရာယ် ဆုံးရှုံးမှုများသဖြင့် ပညာပေးရေးလုပ်ငန်းများ အရေးကြီးကြောင်း၊ ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် တုံ့ပြန်ဆောင်ရွက်ခြင်းကို ဆောင်ရွက်ရာတွင် အရေးပေါ်လူနာတင်ယာဉ်စနစ်(Emergency Medical Services-EMS) ပါဝင်ကြောင်း၊ ယာဉ်တိုက်မှုဖြစ်ပွားရာနေရာ၌ ရှေးဦးအသက်ကယ်ပြုစုကုသမှုဆောင်ရွက်နိုင်ခြင်း၊ လူနာကို ဆေးရုံသို့သယ်ဆောင်ချိန်တွင် လိုအပ်သောပြုစုကုသမှုဆောင်ရွက်ပေးနိုင်ခြင်း၊ ထိခိုက်ဒဏ်ရာရလူနာများအတွက် လိုအပ်သည့်ကုသမှုကို အချိန်မီဆောင်ရွက်ပေးနိုင်ခြင်းဖြင့် မလိုလားအပ်သော အသက်ဆုံးရှုံးမှု၊ ကိုယ်လက်အင်္ဂါဆုံးရှုံးမှုများနှင့် နောက်ဆက်တွဲ လူမှုစီးပွားထိခိုက်ဆုံးရှုံးမှုများကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း။

ယနေ့ စတင်ဆောင်ရွက်မည့် နေပြည်တော်ကောင်စီနယ်မြေ အရေးပေါ်လူနာတင်ယာဉ်စနစ်ကို နေပြည်တော်ရှိ မြို့နယ် ခုနစ်မြို့နယ်၌ ကျန်းမာရေးဝန်ကြီးဌာန၏ လူနာတင်ယာဉ်စခန်း ခုနစ်ခု၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လူနာတင်ယာဉ်စခန်း နှစ်ခု စုစုပေါင်း ကိုးခုဖွင့်လှစ်၍ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ကနဦးအနေဖြင့် ယာဉ်တိုက်မှုကြောင့် ဖြစ်ပွားသည့် ထိခိုက်ဒဏ်ရာရရှိသောလူနာများအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်းဖြစ်ပွားသည့် ယာဉ်တိုက်မှုအခြေအနေ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက နေပြည်တော်ကောင်စီနယ်မြေအတွင်း အရေးပေါ်လူနာတင်ယာဉ်စနစ် ဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိမှုအခြေအနေကိုရှင်းလင်းပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ဖွင့်လှစ်ထားရှိသည့် ''EMS 192 Command and Control Center ''သို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုများကိုကြည့်ရှုကာ လူနာတင်ယာဉ်များဖြင့် လူနာများ ကယ်ဆယ်ပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်မှု သရုပ်ပြခြင်းများကို ကြည့်ရှုအားပေးခြင်း၊ လူနာတင်ယာဉ်ပြင်ဆင်ထားရှိမှုများနှင့် Ambulances Crew စုဖွဲ့မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

အရေးပေါ် လူနာတင်ယာဉ်စနစ်ကို နေပြည်တော်ရှိ ဇမ္ဗူသီရိ၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ဒက္ခိဏသီရိ၊ ဇေယျာသီရိ၊ လယ်ဝေးနှင့် ပျဉ်းမနားမြို့နယ်တို့တွင် လူနာတင်ယာဉ်စခန်း ကိုးခု ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ပြီး ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိ လူနာများရှိပါက အရေးပေါ်ခေါ်ဆိုမှု ဖုန်းနံပါတ်''192''ကိုခေါ်ဆို၍ လူနာတင်ယာဉ်ခေါ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေ**
**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၄ / ၂၀၂၅ )**
၁၃၈၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက်
( ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်-

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်။

( ခ ) **ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု**ဆိုသည်မှာ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ရုံး၊ နေအိမ်၊ သိုလှောင်ရုံ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ ဘဏ်၊ ကျောင်း၊ ဈေး၊ ဆေးရုံ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ အများပြည်သူဆိုင်ရာအခမ်းအနား သို့မဟုတ် သာသနိကနေရာအပါအဝင် မည်သည့်နေရာတွင်မဆို လူပုဂ္ဂိုလ်နှင့်ပစ္စည်း လုံခြုံရေးအတွက် ပုဂ္ဂလိကဆောင်ရွက်သည့်ဝန်ဆောင်မှုကိုဆိုသည်။

( ဂ ) **ဝန်ဆောင်မှုရယူသူ** ဆိုသည်မှာ လိုင်စင်ရရှိသူထံမှ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုရယူသူကို ဆိုသည်။

(ဃ) **လိုင်စင်** ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို အခကြေးငွေရယူ၍ လုပ်ကိုင်ရာတွင် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်ခြင်းကိုပါ ဆောင်ရွက်နိုင်သည့် ဤဥပဒေအရခွင့်ပြုပေးသော လိုင်စင်ကို ဆိုသည်။

( င ) **ခွင့်ပြုမိန့်**ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသော ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲအတွက် ၁၀ ဦးထက်ပိုသော ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်အပ်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသောခွင့်ပြုမိန့်ကို ဆိုသည်။

( စ ) **ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း**ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုပေးရန်သတ်မှတ်ချက်များနှင့်အညီ ခန့်ထားသည့်ဝန်ထမ်းကိုဆိုသည်။ ယင်းစကားရပ်တွင် ခွင့်ပြုမိန့်ရရှိသူက လုံခြုံရေးတာဝန်ထမ်းဆောင်ရန် သတ်မှတ်ချက်များနှင့်အညီခန့်ထားသည့် ဝန်ထမ်းလည်းပါဝင်သည်။

(ဆ) **လုံခြုံရေးအထောက်အကူပြုပစ္စည်း**ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းတွင်အသုံးပြုရန် တည်ဆဲဥပဒေများနှင့်အညီ ဗဟိုကော်မတီက ခွင့်ပြုထားသော ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ နည်းပညာဆိုင်ရာ လုံခြုံရေးအထောက်အကူပြုပစ္စည်းများနှင့် လုံခြုံရေးနှင့် သက်ဆိုင်သောပစ္စည်းများကို ဆိုသည်။

( ဇ ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဝန်ကြီးဌာနကို ဆိုသည်။

( ဈ ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေး ဗဟိုကော်မတီကို ဆိုသည်။

(ည) **ကြီးကြပ်ကွပ်ကဲရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေးကော်မတီကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုသည် နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူ အေးချမ်းသာယာရေးတို့ကို အထောက်အကူပြုစေရန်၊

( ခ ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုအား နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများနှင့် စနစ်တကျပူးပေါင်းဆောင်ရွက်နိုင်စေရန်၊

( ဂ ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့် သက်ဆိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊

(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကို လွဲမှားစွာအသုံးပြုခြင်းမရှိစေရေး စနစ်တကျကြီးကြပ်နိုင်ရန်၊

( င ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း(၃)
## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေး ဗဟိုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ရဲချုပ်<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်<br>ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>သတင်းအချက်အလက်နှင့်<br>ဆိုက်ဘာလုံခြုံရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်<br>ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ကာကွယ်ရေးဝန်ကြီးဌာနမှ<br>ကိုယ်စားလှယ် တစ်ဦး | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ<br>ညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား<br>စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒုတိယရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၆) | ရဲဦးစီးအရာရှိချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

( ခ ) လိုအပ်ပါကဗဟိုကော်မတီကိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒချမှတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

( ခ ) ကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် အဆုံးအဖြတ်ပေးခြင်း၊

( ဂ ) လိုအပ်သည့် လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ဃ) လိုင်စင်ရရှိသူက ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဖွင့်လှစ်ခွင့်ပြုရန် ကြီးကြပ်ကွပ်ကဲရေးကော်မတီမှတစ်ဆင့်တင်ပြပါက သတ်မှတ်ချက်များနှင့်အညီစိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

( င ) လိုင်စင်ရရှိသူက ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုတွင် အသုံးပြုရန်လိုအပ်သည့် လုံခြုံရေးအထောက်အကူပြုပစ္စည်းများဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊

( စ ) လိုင်စင်ရရှိသူက ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ရာတွင် လိုအပ်ချက်အရ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လျှောက်ထားလာပါက အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသို့တင်ပြ၍ သဘောထားရယူခြင်း၊

(ဆ) လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးကြေး၊ ဝန်ဆောင်ခ၊ လိုင်စင်စည်းကမ်းချက်များနှင့် ခွင့်ပြုမိန့်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

( ဇ ) လိုင်စင်ပိတ်သိမ်းခြင်း၊ လိုင်စင်ပယ်ဖျက်ခြင်း သို့မဟုတ် ခွင့်ပြုမိန့်ရုပ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

( ဈ ) လိုင်စင်လျှောက်ထားခြင်း သို့မဟုတ် လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် တင်ပြမှုအပေါ် စိစစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ည) ခွင့်ပြုမိန့်လျှောက်ထားခြင်း သို့မဟုတ် ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် တင်ပြမှုအပေါ် စိစစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

( ဋ ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဌ ) နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းများပေါ်ထွန်းလာစေရန် အားပေးကူညီခြင်း၊

( ဍ ) လိုင်စင်ရရှိသူ၏ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းဖွဲ့စည်းမှုအင်အားကို စိစစ်ခွင့်ပြုခြင်း၊

( ဎ ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း၏ ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို အတည်ပြုပေးခြင်း၊

(ဏ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုအတွက် ပေးဆောင်ရမည့် အခကြေးငွေကို အခါအားလျော်စွာ သတ်မှတ်ပေးခြင်း၊

(တ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၄)
## ကြီးကြပ်ကွပ်ကဲရေးကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ဗဟိုကော်မတီသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ကွပ်ကဲရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီး သို့မဟုတ်<br>ပြည်နယ်မန်နေဂျာ<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီး သို့မဟုတ်<br>ပြည်နယ်ဦးစီးမှူး<br>ပို့ဆောင်ရေးညွှန်ကြားမှု<br>ဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ<br>ကိုယ်စားလှယ် တစ်ဦး | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး သို့မဟုတ်<br>ပြည်နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှအဆက်

(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး မီးသတ်ဦးစီးဌာန — အဖွဲ့ဝင်

(၈) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး ပြည်တွင်းအခွန်များဦးစီးဌာန — အဖွဲ့ဝင်

(၉) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေအရာရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး — အဖွဲ့ဝင်

(၁၀) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး စားသုံးသူရေးရာဦးစီးဌာန — အဖွဲ့ဝင်

(၁၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အတွင်းရေးမှူး

(၁၄) ဦးစီးအရာရှိ (ပထမတန်း) တွဲဖက်အတွင်းရေးမှူး (ဦး၊ ရေး၊ ထောက်) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့

(ခ) ပြည်ထောင်စုနယ်မြေ ကြီးကြပ်ကွပ်ကဲရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးအပ်သည့်ကောင်စီဝင် — ဥက္ကဋ္ဌ

(၂) ဒုတိယအထွေထွေမန်နေဂျာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နေပြည်တော် — အဖွဲ့ဝင်

(၃) ညွှန်ကြားရေးမှူး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန နေပြည်တော် — အဖွဲ့ဝင်

(၄) နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ကိုယ်စားလှယ် တစ်ဦး — အဖွဲ့ဝင်

(၅) အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နေပြည်တော် — အဖွဲ့ဝင်

(၆) ညွှန်ကြားရေးမှူး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန နေပြည်တော် — အဖွဲ့ဝင်

(၇) ညွှန်ကြားရေးမှူး မီးသတ်ဦးစီးဌာန နေပြည်တော် — အဖွဲ့ဝင်

(၈) ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးမှူး ပြည်တွင်းအခွန်များဦးစီးဌာန နေပြည်တော် — အဖွဲ့ဝင်

(၉) ညွှန်ကြားရေးမှူး တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန ဥပဒေရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၀) ညွှန်ကြားရေးမှူး လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၁) ညွှန်ကြားရေးမှူး အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန နေပြည်တော် — အဖွဲ့ဝင်

(၁၂) ဦးစီးမှူး စားသုံးသူရေးရာဦးစီးဌာန နေပြည်တော် — အဖွဲ့ဝင်

(၁၃) တပ်ဖွဲ့မှူး နေပြည်တော်ရဲတပ်ဖွဲ့ — အတွင်းရေးမှူး

(၁၄) ဦးစီးအရာရှိ(ပထမတန်း) တွဲဖက်အတွင်းရေးမှူး (ဦး၊ရေး၊ထောက်) နေပြည်တော်ရဲတပ်ဖွဲ့

(ဂ) လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့်ပြည်ထောင်စုနယ်မြေကြီးကြပ်ကွပ်ကဲရေးကော်မတီကိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လိုင်စင်လျှောက်ထားခြင်း သို့မဟုတ် လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီစိစစ်၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ခ) ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်သက်တမ်းတိုးပေးခြင်း၊

(ဂ) စည်းကမ်းဖောက်ဖျက်သော သို့မဟုတ် သတ်မှတ်ချက်နှင့် ညီညွတ်မှုမရှိသော ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်ခြင်း၊

(ဃ) လိုင်စင်ရရှိသူများ စနစ်တကျဝန်ဆောင်မှုပေးနိုင်ရေးနှင့် စည်းကမ်းတကျဖြစ်စေရေးအတွက် ကွင်းဆင်းစစ်ဆေးကြပ်မတ်ခြင်း၊

(င) လိုင်စင်ရရှိသူက ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်ခွင့်ပြုရန် တင်ပြသည့်အခါ သတ်မှတ်ချက်နှင့်အညီစိစစ်၍ ဗဟိုကော်မတီသို့တင်ပြခြင်း၊

(စ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းတွင် လေ့ကျင့်သင်ကြားမှုများကို စစ်ဆေးခြင်းနှင့် လိုအပ်ပါက သင်တန်းပို့ချပေးခြင်း၊

(ဆ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း၏ ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို သတ်မှတ်ချက်များနှင့်အညီစိစစ်၍ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဇ) လိုင်စင်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းတို့နှင့် စပ်လျဉ်း၍ လိုင်စင်မိတ္တူလျှောက်ထားမှုအပေါ် စိစစ်၍ ခွင့်ပြုခြင်း၊

(ဈ) ခွင့်ပြုမိန့်လျှောက်ထားခြင်း သို့မဟုတ် ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ည) ခွင့်ပြုမိန့်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းတို့နှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်မိတ္တူလျှောက်ထားမှုအပေါ် စိစစ်၍ ခွင့်ပြုခြင်း၊

(ဋ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအင်အားပြောင်းလဲမှုကို တင်ပြသည့်အခါ ဗဟိုကော်မတီသို့ အကြံပြုတင်ပြခြင်း၊

(ဌ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သော ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၅)
## လိုင်စင်လျှောက်ထားခြင်း

၈။ လိုင်စင်လျှောက်ထားသူသည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။

(ခ) နိုင်ငံခြားကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ရရှိပြီးဖြစ်ရမည်။

(ဂ) နိုင်ငံတော်၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေသည့် ကျော်စောသတင်းရှိသော ကုမ္ပဏီ မဖြစ်စေရ။

(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေစဉ်အတွင်း လုပ်ငန်းအာမခံအဖြစ် မြန်မာ့စီးပွားရေးဘဏ်၌ အနည်းဆုံး ငွေကျပ် သိန်းတစ်ထောင်၊ နိုင်ငံခြားကုမ္ပဏီဖြစ်ပါက ငွေကျပ် သိန်းတစ်ထောင်နှင့်ညီမျှသည့် နိုင်ငံခြားသုံးငွေကို စာရင်းသေအပ်ငွေအဖြစ် အပ်နှံထားရှိရမည်။

၉။ လိုင်စင်လျှောက်ထားလိုသူသည် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့အောက်ပါအချက်အလက်များ ဖော်ပြလျှောက်ထားရမည်-

(က) လျှောက်ထားသူ၏ အမည်၊

(ခ) ကိုယ်ရေးအကျဉ်း၊

(ဂ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ၊

(ဃ) ကုမ္ပဏီအမှတ်တံဆိပ်၊

(င) ဒါရိုက်တာအဖွဲ့အမည်စာရင်း၊

(စ) ကုမ္ပဏီ၏ ရည်ရွယ်ချက်၊

(ဆ) ကုမ္ပဏီ၏ လုပ်ငန်းစဉ်၊

(ဇ) ခန့်ထားလိုသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအင်အား (ကျား၊မ)နှင့် လုံခြုံရေးဝန်ထမ်း၏ ကိုယ်ရေးအချက်အလက်အပြည့်အစုံ၊

(ဈ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်အဆိုပြုအမျိုးအစား သုံးမျိုး၊

(ည) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း အတွေ့အကြုံဆိုင်ရာအထောက်အထားအချက်အလက်များ၊

(ဋ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် တစ်လအတွင်းထုတ်ယူထားသော ကုမ္ပဏီ၏ဆောင်ရွက်မှုကောက်နုတ်ချက်မိတ္တူမှန်များ၊

(ဌ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း အာမခံငွေအတွက် အထောက်အထားမိတ္တူမှန်၊

(ဍ) သီးခြားတင်ပြချက်(ရှိလျှင်)၊ (ဥပမာ-လက်နက်ခဲယမ်းကိုင်ဆောင်အသုံးပြုမည့်ကုမ္ပဏီ ဟုတ်၊ မဟုတ်)

(ဎ) လျှောက်ထားသည့်ရက်စွဲ၊

(ဏ) ဗဟိုကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့် အချက်အလက်များ။

၁၀။ နိုင်ငံခြားကုမ္ပဏီသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်လိုပါက လိုင်စင်ရရှိရန် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ ပုဒ်မ ၉ ပါသတ်မှတ်ချက်များအပြင် ကုမ္ပဏီရုံးချုပ်တည်ရှိသည့်နိုင်ငံ၏အမည်ကို ဖော်ပြလျှောက်ထားရမည်။

၁၁။ ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့နှင့်အညီ လိုင်စင်လျှောက်ထားပါက-

(က) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြရမည်။

(ခ) ဗဟိုကော်မတီသည် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီ၏တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ဗဟိုကော်မတီက လိုင်စင်ထုတ်ပေးရန်ခွင့်ပြုလျှင် လျှောက်ထားသူကို သတ်မှတ်ထားသည့် လိုင်စင်ကြေးပေးသွင်းစေပြီး လိုင်စင်ထုတ်ပေးရမည်။

(ဃ) ပုဒ်မခွဲ(ခ)အရ ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်သည်အပြီးအပြတ်ဖြစ်သည်။

၁၂။ လိုင်စင်သက်တမ်းသည် လိုင်စင်ထုတ်ပေးသည့်နေ့ရက်မှစ၍ သုံးနှစ်ဖြစ်သည်။

၁၃။ (က) လိုင်စင်ရရှိသူသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ ကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လိုင်စင်သက်တမ်းတိုးလျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ လိုင်စင်သက်တမ်းတိုးလျှောက်ထားပါက သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် သတ်မှတ်ချက်များနှင့်အညီစိစစ်၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြရမည်။

(ဂ) သက်တမ်းတိုးရန်ပျက်ကွက်ပါက လိုင်စင်သက်တမ်းကုန်ဆုံးသည့်နေ့ရက်မှစ၍ လိုင်စင်အား ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၄။ ပုဒ်မ ၁၃ ပုဒ်မခွဲ(ဂ)အရ လိုင်စင်ပယ်ဖျက်ခြင်းခံရသူသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့နှင့်အညီ လိုင်စင်အသစ်ထပ်မံလျှောက်ထားနိုင်သည်။

၁၅။ (က) လိုင်စင်ရရှိသူသည် လိုင်စင်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်ပေါ်ခဲ့လျှင် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လိုင်စင်မိတ္တူလျှောက်ထားနိုင်သည်။

(ခ) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ပုဒ်မခွဲ(က)အရ လိုင်စင်မိတ္တူလျှောက်ထားပါက စိစစ်၍ သတ်မှတ်ထားသည့်ဝန်ဆောင်ခကိုပေးသွင်းစေပြီး လိုင်စင်မိတ္တူထုတ်ပေးရမည်။

## အခန်း(၆)
## လိုင်စင်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ

၁၆။ လိုင်စင်ရရှိသူသည်-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို လိုင်စင်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရသည့်အခါ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများ၏ အစီအမံအတိုင်း စနစ်တကျပူးပေါင်းဆောင်ရွက်ရမည်။

(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်ထားရာတွင် အောက်ပါအရည်အချင်းများနှင့်

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

ကိုက်ညီသူအား စိစစ်ရွေးချယ်ခန့်ထားရမည်-

(၁) အသက် ၁၈ နှစ်ပြည့်ပြီးသူ၊

(၂) ကျန်းမာရေးကောင်းမွန်ပြီး လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်သူ၊

(၃) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ထုတ်ပေးသည့်အလုပ်သမားမှတ်ပုံတင်ကတ်ပြား ကိုင်ဆောင်ထားသူ၊

(၄) ပြစ်မှုကင်းရှင်းကြောင်း ရက်ပေါင်း ၃၀ အတွင်းရယူထားသောထောက်ခံချက်နှင့်ကိုယ်တိုင်ဝန်ခံချက်၊

(၅) ဗဟိုကော်မတီက အခါအားလျော်စွာ သတ်မှတ်ထားသည့်အရည်အချင်းပျက်ယွင်းခြင်းမရှိသူ။

(င) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ်ခန့်အပ်ရန် ရွေးချယ်ထားသူများကို ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းသို့ တက်ရောက်စေရမည်။

(စ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်ထားရာတွင် နိုင်ငံခြားသားဖြစ်ပါက-

(၁) အလုပ်သမားဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီသူဖြစ်ရမည်။

(၂) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာနိုင်ငံ၏ ထောက်ခံချက်ရရှိသူဖြစ်ရမည်။

(၃) ပြည်ပနိုင်ငံတစ်ခုခု၏ လက်နက်ကိုင်တပ်ဖွဲ့ဝင် မဟုတ်သူဖြစ်ရမည်။

(ဆ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းထံမှ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ နည်းပညာနှင့် အထောက်အကူပြုပစ္စည်းများ အကူအညီရယူလိုပါက ယင်းအဖွဲ့အစည်းဆိုင်ရာအချက်အလက်များနှင့်အတူ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီ၏ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

(ဇ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကုမ္ပဏီအမည်၊ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုပေးမည့်နေရာ၊ တာဝန်ချထားမည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းဦးရေ၊ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်မည့်အချိန်ကာလတို့ကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။

(ဈ) လိုင်စင်ကို ကုမ္ပဏီရုံးခန်းတွင် အများပြည်သူမြင်သာသည့်နေရာ၌ ချိတ်ဆွဲထားရမည်။

(ည) အုပ်ချုပ်မှုဒါရိုက်တာ ပြောင်းလဲခြင်း၊ ရုံးခန်းနေရာပြောင်းရွှေ့ခြင်းကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ဆောင်ရွက်ပြီး သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။

(ဋ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်အပြည့်အစုံနှင့် တာဝန်ထမ်းဆောင်မှုမှတ်တမ်းကို စနစ်တကျမှတ်တမ်းထားရှိရမည်။

(ဌ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအင်အား တိုးမြှင့်ခန့်ထားခြင်း သို့မဟုတ် လျှော့ချခြင်းကြောင့် ပြောင်းလဲမှုရှိပါက သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။

(ဍ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းများ လိုက်နာရမည့်စည်းကမ်းချက်များနှင့် စည်းကမ်းဖောက်ဖျက်ပါက အရေးယူဆောင်ရွက်မည့်အချက်များကို သတ်မှတ်ထားရှိရမည်။

(ဎ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းက တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းသိရှိပါက သက်ဆိုင်ရာသို့ ချက်ချင်းအကြောင်းကြားရမည်။

(ဏ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုခြင်းမရှိပါက လိုင်စင်ပိတ်သိမ်းခွင့်ပြုရန် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

(တ) ဗဟိုကော်မတီက အခါအားလျော်စွာ သတ်မှတ်သော လိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်။

၁၇။ လိုင်စင်ရရှိသူသည် နိုင်ငံခြားကုမ္ပဏီဖြစ်ပါက ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်ထားရာတွင် မြန်မာနိုင်ငံသား အနည်းဆုံး ၇၅ ရာခိုင်နှုန်း ခန့်ထားရမည်။

၁၈။ လိုင်စင်ရရှိသူသည်-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ရာတွင် ဝန်ဆောင်မှုရယူသူနှင့် သဘောတူစာချုပ်ချုပ်ဆိုပြီး အခကြေးငွေရယူ၍ ဝန်ဆောင်မှုပေးနိုင်သည်။

(ခ) ဗဟိုကော်မတီကခွင့်ပြုထားသော ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ နည်းပညာဆိုင်ရာလုံခြုံရေး အထောက်အကူပြုပစ္စည်းများ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်းကို ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် တည်ဆဲဥပဒေများ၊ လိုင်စင် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

(ဂ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအား ဗဟိုကော်မတီက အတည်ပြုပေးထားသည့် ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို တာဝန်ချိန်တွင် ဝတ်ဆင်အသုံးပြုစေရမည်။

(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်လိုပါက သင်ရိုးညွှန်းတမ်း၊ ပို့ချမည့်ဘာသာရပ်၊ သင်တန်းကာလ၊ သင်တန်းအချိန်ဇယား၊ လေ့ကျင့်ပို့ချမည့်နေရာတို့ကိုဖော်ပြ၍ သင်တန်းဖွင့်လှစ်ခွင့်ပြုရန်သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြရမည်။

၁၉။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်ခွင့်ရရှိသူသည် လေ့ကျင့်သင်ကြားရေးနှင့်စပ်လျဉ်း၍-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းနည်းပြခန့်အပ်ရာတွင် လုံခြုံရေးနှင့် ဆက်စပ်သောလုပ်ငန်းများ၌ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံးငါးနှစ်ရှိသူကို ခန့်အပ်ရမည်။

(ခ) သင်တန်းနည်းပြသည် နည်းပညာပိုင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ်အလိုက် အသိအမှတ်ပြုလက်မှတ် ရရှိထားသူဖြစ်ရမည်။

(ဂ) ပို့ချမည့်သင်ခန်းစာအလိုက် သင်တန်းနည်းပြများကို လုံလောက်စွာစီမံထားရှိရမည်။

(ဃ) ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲအတွက် လုံခြုံရေးဝန်ထမ်းကိုလည်း ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းတွင် တက်ရောက်ခွင့်ပြုရန် ညှိနှိုင်းလာပါက ခွင့်ပြုနိုင်သည်။

(င) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းပြီးဆုံးပါက သင်တန်းတက်ရောက်အောင်မြင်ပြီးကြောင်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရမည်။

၂၀။ လိုင်စင်ရရှိသူသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ရာတွင် လိုအပ်ချက်အရ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းကိုင်ဆောင်ခွင့်နှင့်စပ်လျဉ်း၍ ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် လက်နက်ဥပဒေ၊ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူ၊ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၇)

## ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့် ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များ

၂၁။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုပေးရန်မဟုတ်ဘဲ ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲအတွက်စုစုပေါင်း ၁၀ ဦးထက်ပိုသော လုံခြုံရေးဝန်ထမ်းခန့်ထားလိုသူသည် အောက်ပါအချက်အလက်များဖော်ပြ၍ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ ခွင့်ပြုမိန့်လျှောက်ထားရမည်-

(က) လျှောက်ထားသူ၏အမည်၊

(ခ) ကိုယ်ရေးအကျဉ်း၊

(ဂ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ၊

(ဃ) လုပ်ငန်းအမည်နှင့် အမျိုးအစား၊

(င) လုပ်ငန်းနှင့်ပတ်သက်သည့် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် လိုအပ်ပါက အဆိုပါလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်၊

(စ) လုပ်ငန်းတည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာအပြည့်အစုံ၊

(ဆ) ခန့်ထားလိုသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအင်အား (ကျား၊ မ)နှင့် လုံခြုံရေးဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်အပြည့်အစုံ၊

(ဇ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း၏ ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ် အဆိုပြုအမျိုးအစားသုံးမျိုး၊

(ဈ) လျှောက်ထားသည့်ရက်စွဲ၊

(ည) ဗဟိုကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့် အချက်အလက်များ။

၂၂။ ပုဒ်မ ၂၁ နှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားလာပါက-

(က) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ခွင့်ပြုမိန့်လျှောက်ထားချက်အား သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြရမည်။

(ခ) ဗဟိုကော်မတီသည် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ခွင့်ပြုမိန့်ကိုထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ဗဟိုကော်မတီကခွင့်ပြုမိန့်ထုတ်ပေးရန်ခွင့်ပြုလျှင် လျှောက်ထားသူကို သတ်မှတ်ထားသည့် ဝန်ဆောင်ခပေးသွင်းစေပြီး ခွင့်ပြုမိန့်ထုတ်ပေးရမည်။

၂၃။ ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်ထားရာတွင် ပုဒ်မ ၁၆ ပုဒ်မခွဲ(ဃ)ပါ အရည်အချင်းများနှင့်ကိုက်ညီသူများကိုသာ ရွေးချယ်ခန့်ထားရမည်။

(ခ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းကို ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် လိုင်စင်ရရှိသူက ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းသို့ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ရမည်။

(ဂ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအင်အား တိုးမြှင့်ခန့်ထားခြင်း သို့မဟုတ် လျှော့ချခြင်းကြောင့် ပြောင်းလဲမှုရှိပါက သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။

(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအား ဗဟိုကော်မတီက အတည်ပြုပေးထားသည့် ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို တာဝန်ချိန်တွင် ဝတ်ဆင်အသုံးပြုစေရမည်။

(င) ခွင့်ပြုမိန့်ကို မိမိလုပ်ငန်းနေရာတွင် အများပြည်သူမြင်သာသည့်နေရာ၌ ချိတ်ဆွဲထားရမည်။

(စ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းတစ်ဦးချင်း၏ ကိုယ်ရေးအချက်အလက်အပြည့်အစုံနှင့် တာဝန်ထမ်းဆောင်မှုမှတ်တမ်းကို စနစ်တကျမှတ်တမ်းထားရှိရမည်။

(ဆ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းလိုက်နာရမည့်စည်းကမ်းချက်များနှင့် စည်းကမ်းဖောက်ဖျက်ပါက အရေးယူဆောင်ရွက်မည့်အချက်များကို သတ်မှတ်ထားရှိရမည်။

(ဇ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းကို တာဝန်ချပေးထားသည့် ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲ၏ တည်နေရာနှင့် တာဝန်ချထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းဦးရေကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။

(ဈ) ဗဟိုကော်မတီက အခါအားလျော်စွာ သတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာ ရမည်။

၂၄။ ခွင့်ပြုမိန့်၏ သက်တမ်းသည် ခွင့်ပြုမိန့်ထုတ်ပေးသည့်နေ့ရက်မှစ၍ သုံးနှစ်ဖြစ်သည်။

၂၅။ (က) ခွင့်ပြုမိန့်ရရှိသူသည် ၁၀ ဦးထက်ပိုသော ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းကို ဆက်လက်ခန့်ထားလိုပါက ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ ကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားပါက သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် သတ်မှတ်ချက်များနှင့်အညီစိစစ်၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြရမည်။

(ဂ) သက်တမ်းတိုးရန် ပျက်ကွက်ပါက ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးသည့်နေ့ရက်မှစ၍ ခွင့်ပြုမိန့်အား ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂၆။ ပုဒ်မ ၂၅ ပုဒ်မခွဲ(ဂ)အရ ခွင့်ပြုမိန့်ပယ်ဖျက်ခြင်းခံရသူသည် ပုဒ်မ ၂၁ နှင့်အညီ ခွင့်ပြုမိန့်ကိုထပ်မံလျှောက်ထားနိုင်သည်။

၂၇။ (က) ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်ပေါ်ခဲ့လျှင် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်မိတ္တူလျှောက်ထားနိုင်သည်။

(ခ) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ပုဒ်မခွဲ(က)အရ ခွင့်ပြုမိန့်လျှောက်ထားလာပါက စိစစ်၍သတ်မှတ်ထားသည့်ဝန်ဆောင်ခကို ပေးသွင်းစေပြီး ခွင့်ပြုမိန့်မိတ္တူ ထုတ်ပေးရမည်။

## အခန်း(၈)

## ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်

၂၈။ (က) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းသည်-

(၁) သက်ဆိုင်ရာပုဂ္ဂလိက လုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီ၊ ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲက တာဝန်ပေးသည့်နေရာတွင်သာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကိုဆောင်ရွက်ရမည်။

(၂) သတ်မှတ်ထားသည့် ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို တာဝန်ချိန်တွင် ပြည့်စုံစွာဝတ်ဆင်ရမည်။

(၃) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်ရာတွင် လိုင်စင်ရရှိသူက သတ်မှတ်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးသည့် လုံခြုံရေးအထောက်အကူပြုပစ္စည်းကိုသာ ကိုင်ဆောင်ရမည်။

(၄) လုပ်ငန်းလိုအပ်ချက်အရ လိုင်စင်ရရှိသူက သတ်မှတ်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးသည့် လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းကို လက်နက်ဥပဒေ၊

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူ၊တည်ဆဲဥပဒေများနှင့်အညီ ကိုင်ဆောင်ရမည်။

(၅) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်နေသည့် နေရာ၊ အဆောက်အအုံ သို့မဟုတ် ပရဝဏ်အတွင်း ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရန်လိုအပ်ပါက ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီဆောင်ရွက်ပြီး နီးစပ်ရာရဲစခန်းသို့ ချက်ချင်းအကြောင်းကြားခြင်းနှင့် အပ်နှံခြင်းပြုရမည်။

(၆) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုပေးနေသည့် လူကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ဘေးအန္တရာယ်ဖြစ်စေပါက ရာဇသတ်ကြီးနှင့်အညီ ကာကွယ်ခုခံပိုင်ခွင့်ကို ကျင့်သုံးနိုင်သည်။

(၇) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အတွင်း နိုင်ငံတော်၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် သတင်းတစ်စုံတစ်ရာကိုရရှိလျှင် အနီးဆုံးရဲစခန်းသို့ သတင်းပေးပို့ရမည်။

(ခ) ခွင့်ပြုမိန့်ရရှိသူက ခန့်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းသည် ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၃)နှင့် (၄)တို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။

**အခန်း(၉)**

**အငြင်းပွားမှုများ ဖြေရှင်းခြင်း**

၂၉။ လိုင်စင်ရရှိသူနှင့် ဝန်ဆောင်မှုရယူသူတို့အကြား အငြင်းပွားမှုပေါ်ပေါက်လာပါက-

(က) နှစ်ဦးနှစ်ဖက် ဦးစွာညှိနှိုင်းဖြေရှင်းဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ညှိနှိုင်းဖြေရှင်း၍မရပါက စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်သည်။

**အခန်း(၁၀)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၃၀။ (က) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် လိုင်စင်ရရှိသူက ပုဒ်မ၁၆ တွင် ဖော်ပြထားသည့် တာဝန်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၂၃တွင် ဖော်ပြထားသည့်တာဝန်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်ကြောင်းစစ်ဆေးတွေ့ရှိလျှင် အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(၁) သတိပေးခြင်း၊

(၂) သတ်မှတ်ချက်များနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(၃) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့်ဆိုင်းငံ့ခြင်း။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ထပ်မံပျက်ကွက်ပါက လိုင်စင်ကို ပယ်ဖျက်ခြင်း၊ ခွင့်ပြုမိန့်ကို ရုပ်သိမ်းခြင်း သို့မဟုတ် အမည်ပျက်စာရင်းထည့်သွင်းပြီး လိုင်စင်ကိုပယ်ဖျက်ခြင်း သို့မဟုတ် ခွင့်ပြုမိန့်ကိုရုပ်သိမ်းခြင်း ပြစ်ဒဏ်ချမှတ်ရမည်။

၃၁။ ပုဒ်မ ၃၀ အရ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီက ချမှတ်သောအမိန့်ကို ကျေနပ်မှုမရှိသူသည် ယင်းအမိန့်ကို ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့ အယူခံဝင်နိုင်သည်။

၃၂။ ဗဟိုကော်မတီသည် ပုဒ်မ ၃၁အရ အယူခံမှုအပေါ် လိုအပ်ပါက စုံစမ်းစစ်ဆေးမှုထပ်မံပြုလုပ်ပြီး သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၃။ ပုဒ်မ ၃၂ အရ ချမှတ်သော ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

**အခန်း(၁၁)**

**တားမြစ်ချက်များ**

၃၄။ မည်သူမျှ-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို လိုင်စင်မရှိဘဲ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ။

(ခ) ခွင့်ပြုမိန့်မရှိဘဲ ကိုယ်ပိုင်လုပ်ငန်းနှင့် လုပ်ငန်းခွဲအတွက် လုံခြုံရေးဝန်ထမ်းစုစုပေါင်း ၁၀ ဦးထက်ပို၍ ခန့်ထားခြင်း မပြုရ။

၃၅။ လိုင်စင်ရရှိသူသည် ဗဟိုကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ လုံခြုံရေးအထောက်အကူပြုပစ္စည်းကို ဝယ်ယူခြင်း၊ ရောင်းချခြင်း သို့မဟုတ် လက်ဝယ်ထားခြင်းမပြုရ။

၃၆။ မည်သူမျှ-

(က) လိုင်စင်လျှောက်ထားရာတွင် အချက်အလက်များကို မမှန်မကန်ဖော်ပြခြင်းမပြုရ။

(ခ) လိုင်စင်ပါလုပ်ငန်းနှင့်စပ်လျဉ်း၍ မမှန်မကန်ကြော်ငြာခြင်းမပြုရ။

၃၇။ လိုင်စင်ရရှိသူသည် လိုင်စင်အရဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းနှင့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းဖွင့်လှစ်ခြင်းလုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ လိုင်စင်ကိုဖြစ်စေ အခြားသူအား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရ။

၃၈။ လိုင်စင်ရရှိသူသည် ပုဂ္ဂလိက လုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းကို လူနေထူထပ်သော မြို့ပြဧရိယာအတွင်း ဖွင့်လှစ်ခြင်းမပြုရ။

၃၉။ လိုင်စင်ရရှိသူ မည်သူမျှ-

(က) မိမိပိုင်ဆိုင်သော လုံခြုံရေးအထောက်အကူပြုပစ္စည်းကို ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုရ။

(ခ) ဝန်ဆောင်မှုရယူသူထံမှ ရရှိထားသော သတင်းနှင့်အချက်အလက်များကို အခြားသူထံသို့ ထုတ်ဖော်ပြောဆိုခြင်း၊ အသိပေးခြင်း သို့မဟုတ် ဆက်သွယ်ပေးပို့ခြင်း မပြုရ။

(ဂ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းအတွက် ကြော်ငြာစာ သို့မဟုတ် ပုံနှိပ်စာရွက်စာတမ်းတစ်ခုခုကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကဲ့သို့ ဆင်တူယိုးမှားဖော်ပြခြင်းမပြုရ။

(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်ရာတွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်ကဲ့သို့ အယောင်ဆောင်ခြင်း သို့မဟုတ် မိမိတာဝန်ပေးအပ်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းက ယင်းကဲ့သို့ အယောင်ဆောင်စေရန် ခွင့်ပြုခြင်း၊ ကူညီခြင်း၊ အားပေးခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်းမပြုရ။

(င) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီ သို့မဟုတ် နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုခုက နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ရန် အကြောင်းကြားပါက ငြင်းပယ်ခြင်းမပြုရ။

(စ) ခွင့်ပြုထားခြင်းမရှိသည့် ဝတ်စုံ၊ တံဆိပ်နှင့်အဆင့်တံဆိပ်၊ လုံခြုံရေးအထောက်အကူပြုပစ္စည်း သို့မဟုတ် ယာဉ်ကို သုံးစွဲခြင်းမပြုရ သို့မဟုတ် မိမိတာဝန်ပေးအပ်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအား သုံးစွဲစေရန်ခွင့်မပြုရ။

၄၀။ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းသည်-

(က) ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေစဉ် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် သတင်းတစ်စုံတစ်ရာကိုရရှိလျှင် အနီးဆုံးရဲစခန်းသို့ သတင်းပို့ရန် ပျက်ကွက်ခြင်းမရှိစေရ။

(ခ) နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း လိမ်လည်ပြောဆိုခြင်း၊ အယောင်ဆောင်ခြင်း သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေရန် ပြုမူပြောဆိုခြင်းမပြုရ။

(ဂ) သတ်မှတ်ခွင့်ပြုထားသည့် ဝတ်စုံ၊ လုံခြုံရေးအထောက်အကူပြုပစ္စည်းနှင့် ယာဉ်တို့ကို တာဝန်နှင့်သက်ဆိုင်ခြင်းမရှိသည့် နေရာတွင်ဖြစ်စေ၊ လုပ်ငန်းများတွင်ဖြစ်စေ အသုံးပြုခြင်းမပြုရ။

(ဃ) မိမိကိုပေးအပ်ထားသည့် လုံခြုံရေးအထောက်အကူပြုပစ္စည်းကိုငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရ။ အခြားသူတစ်ဦးဦး၏ လုံခြုံရေးအထောက်အကူပြုပစ္စည်းကို ငှားယူခြင်းမပြုရ။

(င) ဝန်ဆောင်မှုရယူသူထံမှရရှိထားသော သတင်းနှင့်အချက်အလက်များကို အခြားသူထံသို့ ထုတ်ဖော်ပြောဆိုခြင်း၊ အသိပေးခြင်း သို့မဟုတ် ဆက်သွယ်ပေးပို့ခြင်းမပြုရ။

၄၁။ ခွင့်ပြုမိန့်ရရှိသူသည်-

(က) ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲများအတွက် ခန့်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းကို အခြားသူတစ်ဦးဦးအတွက် လုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်ပေးခြင်း သို့မဟုတ် ဆက်သွယ်ပေးပို့ခြင်းမပြုရ။

(ခ) ခွင့်ပြုမိန့်ကို အခြားသူအား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမပြုရ။

**အခန်း(၁၂)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၄၂။ မည်သူမဆို ပုဒ်မ ၃၄ ပုဒ်မခွဲ(က)၊ပုဒ်မ ၃၅ သို့မဟုတ်ပုဒ်မ ၃၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ် ကျပ်သိန်းတစ်ရာထိ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ် အနည်းဆုံး ကျပ်သိန်းတစ်ထောင်မှ အများဆုံးကျပ်သိန်း သုံးထောင်ထိ ချမှတ်ရမည်။

၄၃။ မည်သူမဆို ပုဒ်မ၃၄ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မ၄၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ငွေဒဏ် အနည်းဆုံး ကျပ်သိန်း တစ်ရာမှ အများဆုံး ကျပ်သိန်း ငါးရာထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၄။ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ကျပ်သိန်း ငါးရာထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ် အနည်းဆုံးကျပ်သိန်းငါးရာမှ အများဆုံးကျပ်သိန်း တစ်ထောင်ထိ ချမှတ်ရမည်။

၄၅။ လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၃၈ သို့မဟုတ် ပုဒ်မ၃၉ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ် ကျပ်သိန်း ငါးရာထိ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ငါးရာမှ အများဆုံး ကျပ်သိန်း တစ်ထောင်ထိချမှတ်ရမည်။

၄၆။ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း မည်သူမဆို ပုဒ်မ ၄၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ကျပ်သုံးသိန်းထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

**အခန်း(၁၃)**

**အထွေထွေ**

၄၇။ လိုင်စင်ရရှိသူ၊ ဝန်ဆောင်မှုရယူသူ၊ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ရာတွင်ဖြစ်စေ၊ ဝန်ဆောင်မှုရယူရာတွင်ဖြစ်စေ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊ ဥပဒေနှင့်ဆန့်ကျင်သောလုပ်ငန်းများလုပ်ကိုင်ခြင်း၊ လုပ်ကိုင်ရန်စေခိုင်းခြင်း၊ အားထုတ်ခြင်း၊ အားပေးခြင်း၊ ကူညီခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်းပြုလျှင် သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၄၈။ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီသည် ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး တရားရုံးက ငွေဒဏ်ချမှတ်ခြင်းခံရလျှင်သော်လည်းကောင်း၊ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီက စီမံခန့်ခွဲရေးနည်းလမ်းအရ ဒဏ်ကြေးငွေပေးဆောင်စေရန် ပြစ်ဒဏ်ချမှတ်ခြင်းခံရလျှင်သော်လည်းကောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းရန် သတ်မှတ်ထားသော နိုင်ငံခြားငွေအမျိုးအစားများဖြင့် စာရင်းလွှဲပြောင်းနည်းကိုအသုံးပြု၍ နိုင်ငံတော်၏ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးဆောင်ရမည်။

၄၉။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လျက်ရှိသူသည် ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ခြောက်လအတွင်း သတ်မှတ်ချက်များနှင့်အညီ လိုင်စင်လျှောက်ထားရမည်။

၅၀။ ဤဥပဒေမပြဋ္ဌာန်းမီက ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲအတွက် ၁၀ ဦးထက်ပိုသော ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်ထားသူသည် ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှစ၍ ခြောက်လအတွင်း သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားရမည်။

၅၁။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူဆောင်ရွက်ခြင်းသည် တရားမကြောင်းအရလည်းကောင်း၊ ရာဇဝတ်ကြောင်းအရလည်းကောင်း အရေးယူခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၅၂။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ကိုင်သည့် ကုမ္ပဏီသည် အခွန်ဆိုင်ရာကိစ္စအရပ်ရပ်ကို သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီဆောင်ရွက်ရမည်။

၅၃။ လိုင်စင်ရရှိသူ သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူသည် ဗဟိုကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

၅၄။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

၅၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံပွဲ ကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင် အမျိုးသားကိုးဦး၊ အမျိုးသမီး တစ်ဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF သင်တန်းဆင်းလူငယ်များ၏ မိသားစုဝင်များကိုယ်စား အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများနှင့် မိသားစုဝင်များကို တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံခဲ့ကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# သံအမတ်ကြီး ဦးဇော်ဦးအား အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ဦးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"မရိုးနိုင်သော ကောလာဟလများ"**ခေါင်းစဉ်ဖြင့် ၁၉-၂-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက် PDF တွေလား ဘာသာမဲ့အစွန်းရောက်တွေလား"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Burmese Golf (BG) က အဓိကကူညီပံ့ပိုးသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့်ပြိုင်ပွဲများ၏ ဒုတိယနေ့ကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ ဆက်လက်ပြုလုပ်သည်။

ပြိုင်ပွဲ၏ ဒုတိယနေ့အပြီး Tour Pro အဆင့်ပြိုင်ပွဲ၌ ဘိုဘို(HAN Golf Masters)က နှစ်ရက်ပေါင်းရိုက်ချက် ၁၃၉ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ ရိုက်ကာ ပထမ၊ နိုင်နိုင်လင်း၊ လွင်မိုး၊ မျိုးဝင်းအောင် (PMA Association)၊ သိန်းနိုင်စိုး (HAN Golf Masters)၊ မျိုးမင်းအောင်(Ramber)တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်၍ ဒုတိယအဆင့်တို့တွင်လည်းကောင်း၊ Senior Pro အဆင့်တွင် မင်းနိုင်က သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ပြီး ၆၂ ချက်ဖြင့် ပထမ၊ စိုးကျော်ကျော်နိုင် (Taylormade)က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး အချက် ၇၀ ဖြင့် ဒုတိယ၊ ဇော်လင်းက ၇၂ ချက်ဖြင့် တတိယတို့တွင်လည်းကောင်း အသီးသီးဦးဆောင်ကစားလျက်ရှိသည်။

ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၀ ရက်ထိ လေးရက်ကြာပြုလုပ်သွားမည်ဖြစ်ပြီး ဝါသနာရှင်အဆင့်၊ သက်ကြီးတန်း ဝါသနာရှင်အဆင့်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်ထိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)





မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် ဒုတိယနေ့ ဆက်လက်ကျင်းပစဉ်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။


(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# အကြမ်းဖက်သမားများက တနင်္သာရီမြို့နယ် ပနပ်ငယ်ကျေးရွာအနီး၌ အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီးကို မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ကလေးငယ်များအပါအဝင် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး ရှစ်ဦးတို့၌ မိုင်းစထိမှန်ဒဏ်ရာများရရှိ

တနင်္သာရီမြို့နယ် ပနပ်ငယ်ကျေးရွာအနီး၌ အကြမ်းဖက်သမားများက အရပ်သားမော်တော်ယာဉ်အား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့မှုဖြစ်စဉ်နေရာပြပုံ




**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများကို ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်အတွက် အကြမ်းဖက်မှုလုပ်ရပ်များကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လျက်ရှိပြီး လမ်း၊ တံတားများ ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လူနေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ Drop Bomb များဖြင့် နှောင့်ယှက်ပစ်ခတ် တိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိသကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော အေးချမ်းစွာသွားလာလျက်ရှိသည့် ကုန်တင်ကားများ၊ ခရီးသည်တင်ယာဉ်များနှင့် အရပ်ယာဉ်များကိုလည်း နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်းများ၊ မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပနပ်ငယ်ကျေးရွာအနီး၌ အပြစ်မဲ့ပြည်သူများ စီးနင်းလာသည့် ဘုရားဖူးယာဉ် တစ်စီးကိုလည်း ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်တွင် တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းကျေးရွာမှ မြိတ်မြို့သို့ ယာဉ်မောင်း ဦးမျိုးမောင်နှင့်လာပြီး အပြစ်မဲ့ပြည်သူများ စီးနင်းလိုက်ပါလာသည့် Light Truck အမျိုးအစားမော်တော်ယာဉ်ကို ပနပ်ငယ်ကျေးရွာအနီးသို့အရောက်၌ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် မော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ကလေးငယ်များအပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသား တစ်ဦး၊ အမျိုးသမီး ရှစ်ဦး၊ စုစုပေါင်း ကိုးဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။ ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို မြိတ်မြို့ရှိ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပြီး လိုအပ်သည့်ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားရာ လမ်းကြောင်းတစ်လျှောက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာသွားလာနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဧ၀၁)





အကြမ်းဖက်သမားများက အရပ်သားမော်တော်ယာဉ်ကို မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် မော်တော်ယာဉ်ပျက်စီးနေမှုကို တွေ့ရစဉ်။



အကြမ်းဖက်သမားများက အရပ်သားမော်တော်ယာဉ်ကို မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သမားများက အရပ်သားမော်တော်ယာဉ်ကို မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ရသည့် အပြစ်မဲ့ပြည်သူများကို လိုအပ်သည့်ဆေးကုသမှုများ ဆောင်ရွက်ပေးထားမှုကို တွေ့ရစဉ်။

# ကနီမြို့နယ်ရှိ ကူးတို့ဆိပ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် သံဃာတော် တစ်ပါးနှင့် ဒေသခံပြည်သူ နှစ်ဦးဒဏ်ရာရပြီး ကားနှင့် ဆိုင်ကယ်များ မီးလောင်ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် မုဋ္ဌောအရှေ့ရွာရှိ ချင်းတွင်းမြစ်ကူးတို့ဆိပ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၇ ရက်တွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် သံဃာတော် တစ်ပါးနှင့် ဒေသခံပြည်သူ နှစ်ဦး ဒဏ်ရာရပြီး ကားနှင့် ဆိုင်ကယ်များ မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတာဝန်ရှိသူများနှင့် ဒေသခံများကို ဆက်သွယ်မေးမြန်းချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများ သွားလာနေထိုင်လျက်ရှိသည့် နေရာများကို ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် အလုံးစုံပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် လမ်း တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ အရေးပါသည့် ဓာတ်အားပေးစက်ရုံများ၊ လျှပ်စစ်တာဝါတိုင်များကို ဖောက်ခွဲဖျက်ဆီးနှင့် ပြည်သူများ သွားလာလှုပ်ရှားနေထိုင်လျက်ရှိသည့် လူစည်ကားသည့်နေရာများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ ဒရုန်းဖြင့် ဗုံးကြဲခြင်းများ ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (ဧ၀၁)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**


အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “မိကျမ်း” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပေါင်းတလည်မြို့ အရှေ့ပိုင်းရပ်ကွက်နေ စံကြီး(ခ)စံသောင်းကို မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ပေါင်းတလည်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဧ၀၁)

ဝတ္ထုတိုကဏ္ဍ

# ငါးကြီးဟင်း

ခင်မောင်မြင့်



(၁)

ညဟာညအတိုင်း အမှောင်အတိဖြစ်၍ တဟူးဟူးနှင့် လေတိုက်သံများက ပတ်ဝန်းကျင်ကို ဖုံးလွှမ်းနေသည်။

ရွာဦးဘုန်းကြီးကျောင်းမှ ညဆယ့်တစ်နာရီ အုန်းမောင်းခေါက်သံကို ကြားနေရပြီ။ မသန်းကြည် တစ်ယောက် အိပ်၍မပျော်သေး။ လှုပ်စိလှုပ်စိနှင့် သက်ပြင်းတွေချလိုက်၊ငြိမ်သွားလိုက်။ ပင့်သက်တွေ မှုတ်ထုတ်ကာ ခန္ဓာကိုယ်ကိုလဲလျောင်းရာမှ ညာဘက်စောင်းသွားလိုက်၊ဘယ်ဘက်ပြောင်းသွားလိုက်နှင့် ဂနာမငြိမ်ဖြစ်နေသည်။သူ၏အနားမှ ခင်ပွန်းဖြစ်သူကိုထွန်းလင်း၏ ချောင်းဟန့်သံကို ကြားလိုက်ရသည်။ ထို့နောက်-

"မိန်းမ မင်းမအိပ်သေးဘူးလား။ ဒီအချိန်ထိ လှုပ်လှုပ်ရွရွနဲ့ ဘာဖြစ်နေတာလဲ"

"ဟင် ကိုထွန်းလင်း ရှင်လဲ မအိပ်သေးဘဲကိုး"

ခင်ပွန်းသည်လည်း သူ့လိုပင်အိပ်မရဖြစ်နေသည်ကို မသန်းကြည် သတိမထားမိခဲ့။

"ငါလဲ အိပ်မပျော်ဖြစ်နေတာ။ မင်းအတွေးနဲ့မင်းမို့ ငါ့ကိုသတိမထားမိတာနေမှာ"

"အေးပါတော်။ ကျုပ်အိပ်မပျော်လို့။ သားကြီးအတွက် စုထားတဲ့ပိုက်ဆံက မပြည့်သေးဘူးလေ။ အငယ်နှစ်ယောက်ရဲ့ ကျောင်းစာအုပ်ဖိုးတွေလဲပေးရအုံးမယ်"

"အေးပါ မိန်းမရယ်။ အဆင်ပြေသွားမှာပါဟာ။ ကဲ ကဲ အိပ်တော့"

ညအမှောင်ထဲတွင် ဝိုးတဝါးမြင်နေရသော တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်၍ စိတ်မကောင်းဖြစ်နေကြသည်။သူတို့လင်မယားနှစ်ယောက် အချိန်အတန်ကြာပင် အိပ်မရသော ခံစားမှုများနှင့် အတွေးပေါင်းစုံရောယှက်နေသည်။ဒီညတော့ အိပ်ပျော်ပါအုံးမလား။

(၂)

မသန်းကြည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်မည်ရှိသေး။အုန်းမောင်းခေါက်သံနှင့်အတူ ကြက်တွန်သံကိုကြားရ၍ သတိပြုမိလိုက်သည်။ နံနက် လေးနာရီ ရှိလေပြီ။ အလယ်တန်းကျောင်းသားနှစ်ယောက်ဖြစ်သည့် သားနှင့်သမီး၏ ကျောင်းထမင်းချိုင့်အတွက် ချက်ပြုတ်ရပေအုံးမည်။ ကိုယ်လက်သန့်စင်ကာ ဘုရားဝတ်ပြုပြီး၍ မီးဖိုချောင်ထဲတွင် ချက်ရေးပြုတ်ရေးစတင်တော့သည်။ ဤတွင်လည်း ညကအတွေးများက ဝင်ရောက်နှောင့်ယှက်လာပြန်လေသည်။ တက္ကသိုလ်ကျောင်းသားဖြစ်သည့် အကြီးဆုံးသားဖြစ်သူအတွက် ကျောင်းစရိတ်ထည့်ပေးရဦးမည်။ လကုန်ခါနီးတိုင်း မပျက်မကွက်ထမ်းဆောင်ရသော တာဝန်တစ်ခုဟူ၍ ပြောရမည်။ သို့သော် မိဘဝတ္တရားရှိသည့်အတိုင်း သားသမီးများအတွက် ဖြည့်ဆည်းပေးရမည်ကို မသန်းကြည်တို့မိဘများ သိသည်။

မသန်းကြည်တို့ရွာကလေးသည် ငဝန်မြစ်အတွင်းမြစ်ကြောင်းလွဲ၍ သောင်ထွန်းခဲ့သော တစ်နေရာတွင် ရွာတည်ထားခြင်းဖြစ်ကြောင်း လူကြီးများ၏ ပြောစကားများအရ သိရသည်။ မြစ်ထဲတွင်ဖြစ်၍ မိုးတွင်းအခါမှာ အခြားဘက်တွေကဲ့သို့ လယ်လုပ်စား၍မရ။ အလုပ်လက်မဲ့တွေများကြသည်။ မြစ်ရေကျချိန် ပွင့်လင်းရာသီရောက်မှသာလျှင် ကိုင်းသီးနှံများ အတွက် ကိုင်းလုပ်ငန်းများ၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများပေါ်၍ အလုပ်အကိုင်ရှိကြသည်။ ယခုလို မြစ်ရေတက်ချိန် မိုးတွင်းကာလမှာဖြင့် ကိုထွန်းလင်းက ငါးရှာ၊ ဖားရှာသည်။ ဇနီးဖြစ်သူ မသန်းကြည်မှာ ခင်ပွန်းသည် ရှာဖွေရလာသည့် ငါးများကို မြစ်တစ် ဖက်ကမ်းရွာများသို့ သွားရောက် ရောင်းချရသည်။ အိမ်တွင်အားနေလျှင် သင်ဖြူးဖျာရက်သည့် အလုပ်ကို လုပ်ကိုင်ရသည်။ အလုပ်ကလေးရှိနေလျှင် မိသားစုစားဝတ်နေရေး အဆင်ပြေသော်လည်း တက္ကသိုလ်ကျောင်းသား၏ ကျောင်းစရိတ်ကိုဖြင့် ရသမျှလေးထဲမှ ခြစ်ကုတ်၍ စုဆောင်းကြရသည်။ အဆင်ပြေလှသည် မဟုတ်။

"ကဲ မိန်းမရေ အရုဏ်တက်ခါနီး လင်းစ ပြုလာပြီဆိုတော့ ငါ ပိုက်ဖော်သွားလိုက်အုံးမယ်။ ငါးကြီးကြီးတွေ မိလိုက်ရင်တော့ကွာ တော်တော် အဆင်ပြေမှာ"

ပြောပြောဆိုဆိုနှင့် လှေတပ်ကို မ၍ ထွက်သွားသော ကိုထွန်းလင်းကိုကြည့်ကာ မသန်းကြည် တစ်ယောက် စိတ်ထဲတွင် ဆုတောင်းနေမိသည်။

"ငါးကြီးကြီးတွေ မိပါစေဘုရား"ပေါ့။

ဈေးကောင်းရမည့် ငါးကြီးကြီးသာ ရလိုက်လျှင် သားသမီးများ၏ ကျောင်းစရိတ် အတွက် လိုသည့်ငွေကို ဖြည့်နိုင်တော့မည်မဟုတ်လား။ သည်အချိန်မှာ အကုသိုလ်အလုပ်ဟူ၍ မူမနေနိုင်ခဲ့။

မိဘဆိုသည်မှာ သားသမီးများအတွက်သာဆိုလျှင် ဘယ်အရာတွေကိုမှ အကြောက်တရားမရှိတော့သည်မှာ သဘာဝပဲဖြစ်သည်။ သူတို့မေတ္တာများနှင့် သားသမီးများကို အေးချမ်းစေသည်။ သူတို့ဘဝများသာ အမာရွတ်အထပ်ထပ်နှင့် နာကျင်ကြရသည်။

(၃)

ကျောင်းသွားတော့မည့် သားနှင့်သမီးအတွက် ထမင်းချိုင့်အဆင်သင့်ဖြစ်လေပြီ။

"မောင်နှမနှစ်ယောက် ကျောင်းကို ကောင်းကောင်းသွားကြနော်။ ကိုဖိုးတုတ်ကိုလဲ ပြောလိုက်အုံး။ ကျောင်းအကြိုအပို့ ကူးတို့ခကို အမေ မနက်ဖြန် လာပေးမယ်လို့နော်"

ကျောင်းသည် မြစ်တစ်ဘက်ကမ်းရွာတွင်ဖြစ်၍ အကြိုအပို့လုပ်သော ကူးတို့လှေများကြောင့် သားသမီးများအတွက် အဆင်ပြေသည်။သူတို့တွင်ရှိသည့် လှေမှာ အပေါက်ရာများပြည့်နေပြီး၊ သားနှင့်သမီး အတွက် ကျောင်းအကြိုအပို့လုပ်ပေးရန် မဖြစ်နိုင်ပေ။ ဖိုးတုတ်ဆိုသော ကူးတို့သမားနှင့်လည်း ခင်မင်နေ၍ တစ်ရွာတည်းသားချင်း တတ်နိုင်သလောက်လေး ပေးကာ သားသမီးများ ကျောင်းတက်နိုင်ရေး ကြံဖန်ရသည်။

"မိန်းမရေ ဒီမှာကြည့်ပါအုံး။ ငါးဘတ်ကြီး တစ်ပိဿာခွဲလောက်ရှိမယ်ဟ"

ခင်ပွန်းသည်၏စကားသံကိုကြား၍ မသန်းကြည် လှည့်ကြည့်လိုက်သည်။ မျက်နှာတွင် အပြုံးများက နေရာယူသွားသည်။ သည်ငါးဘတ်ကြီးနှင့် တစ်ခြားငါးသေးနုပ်များကို ရောင်းလိုက်လျှင် တစ်သောင်းစွန်းစွန်းရပေမည်။ သားဖြစ်သူ၏ ကျောင်းစရိတ် အတွက် အဆင်ပြေတော့မည်ဆိုသည့် အတွေးများဖြင့်-

"မိန်းမရေ ရောင်းမဲ့ငါးတွေ ခွဲထားလိုက်ပြီကွ။ယင်းထိုးလို့ရတဲ့ ငါးခုံးမတွေကတော့ ဟင်းစားပေါ့ကွာ။ ဒီလို ငါးဘတ်မျိုး တစ်ခါလောက်တော့ ချက်စားကြည့်ချင်မိတယ်"

ထိုစကားကိုကြား၍ မသန်းကြည်ရင်နင့်ရသည်။ ကျောင်းသွားသည့် သားနှင့်သမီးကလည်း-

"အမေရယ် တစ်ခါတစ်လေ ငါးကြီးဟင်းစားချင်မိတယ်၊အမြဲတမ်း ဒီရောင်းမကုန်တဲ့ ငါးလေးတွေ ပဲစားနေရတယ်"ဆိုသည့်စကားသံများကိုလည်း ပြန်လည်ကြားယောင်လာမိသည်။သို့သော်လည်း မတတ်နိုင်ခဲ့။ တက္ကသိုလ်ကျောင်းသားကြီး၏ ကျောင်းစရိတ်ကသာ အဓိကဖြစ်သည်။

နောက်မှ ငါ့မိသားစုကို ငါးကြီးဟင်း ဆီပြန်ချက်ကျွေးမည်ဟု တေးမှတ်၍ မသန်းကြည်တစ်ယောက် ငါးဗန်းကို ခေါင်းပေါ်တင်ကာ ထွက်သွားလေတော့သည်။ သူ၏ နောက်ကျောကိုကြည့်၍ ငါးများရောင်းကုန်ပါစေဟု ကိုထွန်းလင်းရေရွတ်နေမိသည်။

ဘဝသမားများ၏ မိဘဝတ္တရားကျေပွန်ချင်ကြသည့်စိတ်မှာ အထင်းသားပေါ်လွင်နေတော့သည်။ အဆင်မပြေသည့်ကြားကပင် သားသမီးများကို ပံ့ပိုးပေးကြလေသည်။လိုအင်များကို ဖြည့်ဆည်းပေးချင်ကြလေသည်။ သို့သော် ဘဝပေးအခြေအနေကြောင့် စိတ်တိုင်းမကျခဲ့ရသည့် အခိုက်အတန့်များက မသန်းကြည်တို့ လင်မယားနှစ်ယောက် ကြုံနေကျအရာများပင်။

(၄)

"ဒီဘက်အိမ်တွေက ငါးဟေ့ ငါး"

ထိုသို့ အသံကို အားကုန်ဟစ်၍ မသန်းကြည် ငါးရောင်းလာခဲ့သည်မှာ ရွာနှစ်ရွာဖြတ်ပြီးလေပြီ။ငါးသေးနုပ်များသာ ရောင်းကုန်၍ ဈေးကောင်းရမည်ဟု မျှော်မှန်းထားသည့် ငါးဘတ်ကြီးမှာဖြင့် ငါးဗန်းထဲတွင် နေရာမရွှေ့သေး။

"မကံကြီး ငါးယူပါအုံးလား။ ဟိုနေ့က အစ်မပြောတော့ ဆွမ်းချက်ဖို့အတွက် ငါးလိုတယ်ဆို"

ငါးရောင်းရင်း ဝယ်နေကျဖောက်သည်များကိုလည်း အော်ဟစ်မေးတတ်သေးသည်။ ငါးကလည်း ကြီးသလို ဈေးကလည်းကောင်းသည့်အတွက် တော်ရုံလူမဝယ်နိုင်ကြ။ ငါးကို ခွဲဝက်၍ ရောင်းမည်ဟူ၍လည်း မသန်းကြည်စိတ်မကူး။သူတောင်းသည့် တန်ရာတန်ကြေးအတိုင်းသာ ရောင်းချင်သည်။ တစ်ကောင်လုံးရောင်း၍ တစ်လုံးတစ်ခဲတည်းသာ ပိုက်ဆံရချင်သည်။လမ်းလျှောက်ခဲ့ရသည်မှာလည်း ခြေတိုနေလေပြီ။ အချိန်ကလည်း မွန်းတည့်ချိန်ကျော်ကျော်မှာ နေလုံးရောက်နေလေပြီ။နောက်ဆုံးတော့ လေးရွာမြောက်သည့်ရွာမှာပဲ ငါးကို နှစ်ပိုင်းပိုင်း၍ ခေါင်းပိုင်းကို ရောင်းခဲ့တော့သည်။

"ဈေးကောင်းတာပဲမြင်တယ်။ စားကောင်းမှာကျ မသိကြဘူး"ဟု မသန်းကြည်စိတ်ထဲတွင် ပြောနေမိသည်။

နံနက်တည်းကယူလာသည့် ငါးမှာ မွန်းတည့်ချိန်ကျော်သည်ထိ လတ်ဆတ်နေပါအုံးမလား။ ဒီလိုနဲ့ပဲ ငါးဘတ်အမြီးပိုင်းတစ်ဝက်ကို အိမ်သို့ပြန်ယူပြီး မိသားစုကို ချက်ကျွေးလိုက်တော့မည်ဟု စဉ်းစားမိသည်။ ရှိသလောက်ပိုက်ဆံကိုပဲ သားကြီးထံ ထည့်ပေးလိုက်ရန် တွေးလိုက်တော့သည်။ နောက်လိုတော့လည်း တစ်မျိုးကြည့်ပြီး စီစဉ်ရမည်။

အိမ်ရောက်တဲ့အထိတော့ ငါးအူမသွားဘဲ ချက်စား၍ရနိုင်သည့် အနေအထားမှာပဲ ရှိပေးပါ။ဒါမှသာ မိသားစုတောင်းတနေသည့် ငါးကြီးဟင်းကို ချက်ကျွေးနိုင်မည်မဟုတ်ပါလား။

မထင်မှတ်ဘဲ ဖြစ်သွားခဲ့သည့် ဖြည့်ဆည်းပေးနိုင်မှုတစ်ခု။ တဒင်္ဂလိုအင်များကိုတော့ အာသာပြေစေမည်ဆိုသည့် အတွေးများဖြင့်သာ။

(၅)

မသန်းကြည်တို့အိမ်တွင် ထမင်းဝိုင်းကောင်းလှ

စာမျက်နှာ ၂၅ သို့ ➤

# ကလေးခရိုင်တွင် ဆီမုန်ညင်းနှင့် ပန်းနှမ်း ၁၇၂၂၈ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့



**ကလေး ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆီမုန်ညင်းနှင့် ပန်းနှမ်း ၁၇၂၂၈ ဧကစိုက်ပျိုးပြီးစီးပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း ၁၃၃၂၅ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၂၂၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီမုန်ညင်းနဲ့ ပန်းနှမ်းဧက ၁၃၃၂၅ ဧကလျာထား စိုက်ပျိုးခဲ့ရာ ၁၇၂၂၈ ဧက ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီမုန်ညင်းနဲ့ပန်းနှမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီမုန်ညင်းနဲ့ပန်းနှမ်းကို နှစ်စဉ်စိုက်ပျိုးမှုတွေရှိကြပါတယ်။ ဆီမုန်ညင်းနဲ့ပန်းနှမ်းကို ဆီအဖြစ်အသုံးပြုကြသလို ဆေးအဖြစ် အသုံးပြုကြပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြို့နယ်အလိုက်ဆီမုန်ညင်းနဲ့ပန်းနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ဆီမုန်ညင်း ၉၉၂၅ ဧက၊ ပန်းနှမ်း ၉၉၄ ဧက၊ ကလေးဝမြို့နယ်တွင် ပန်းနှမ်း ၄၁၅၇ ဧကနှင့်မင်းကင်းမြို့နယ်တွင် ပန်းနှမ်း ၂၁၅၂ ဧက စုစုပေါင်း ၁၇၂၂၈ ဧက ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနဲ့ ပန်းနှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှု အနေဖြင့် ကလေးမြို့နယ်တွင် ဆီမုန်ညင်း ၆၁၂၅ ဧက၊ပန်းနှမ်း ၉၉၄ ဧက၊ ကလေးဝမြို့နယ်တွင် ပန်းနှမ်း ၄၀၂၄ ဧက နှင့် မင်းကင်းမြို့နယ်တွင် ပန်းနှမ်း ၂၁၈၂ ဧက စုစုပေါင်း ၁၃၃၂၅ ဧက ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ဆီမုန်ညင်းနဲ့ပန်းနှမ်း စိုက်ပျိုးမှုအနေဖြင့် ပုံမှန်စိုက်ပျိုးကြပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆီမုန်ညင်းနဲ့ပန်းနှမ်းစိုက်ပျိုးမှုကို ကသာခရိုင်နှင့် ကောလင်းခရိုင်တို့တွင် အများစု စိုက်ပျိုးလေ့ရှိကြောင်း သိရသည်။

ဆီမုန်ညင်းနှင့် ပန်းနှမ်း အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်ပါက လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီမုန်ညင်းနှင့် ပန်းနှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးအောင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောက်ဆည်မြို့နယ် မယ်ဇယ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မယ်ဇယ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အဆိုပါဦးစီးဌာနရုံး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၅၆၀ လွှဲပြောင်းပေးအပ်ခဲ့သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မယ်ဇယ်ပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၃ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင် သူ ၂၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ဦးတို့ထံ အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သိန်း ၅၆၀ ထုတ်ချေးပေးခဲ့ကြောင်း ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က ပြောပြ၍ သိရသည်။

**နီလာ**

➤ **စာမျက်နှာ ၂၄ မှအဆက်**

သည်။ ငါးဘတ်ကို မန်ကျည်းသီးစိမ်းနှင့် ချက်ထားသည့် ငါးကြီးဟင်းနံ့မှာ တစ်အိမ်လုံး ပျံ့နှံ့နေ၏။ တစ်ချက် တစ်ချက် သတိထား၍ အနံ့ခံကြည့်လိုက်ရင်တော့ မနှစ်သက်ဖွယ်အနံ့လိုလိုဖြစ်သွားသည်။ ထမင်းဝိုင်းတွင် မိသားစုလေးယောက်သား မြိန်ရှက်စွာ ထမင်းစားနေကြသည်။ သားကြီးသာရှိရင် ပို၍ပင် ပြည့်စုံနေမည်။ကိုထွန်းလင်းနှင့် ကလေးနှစ်ယောက်မှာဖြင့် သူတို့စားချင်နေသည့် ငါးကြီးဟင်းကို စားနေရခြင်းဖြစ်၍ ပြုံးရွှင်နေကြသည်။

"အမေ ငါးကြီးဟင်းဆိုတာ ဒါလား။ ဟင်းရည်လေးပဲ စားလို့ကောင်းတယ်။ ငါးက အရိုးချည်းပဲ"

"ဟုတ်ပ့ါ အမေရယ်။ အနံ့ကလဲ ပုပ်စော်နံသလိုပဲ"

မသန်းကြည် ရင်ထဲဆို့နင့်သွား၏။ ရောင်းမကုန်၍ တစ်နေ့တာ လုံးထားထားသည့်ငါးမှာ အနံ့ထွက်၍အူနေမည် မဟုတ်ပါလား။ငါးက အမြီးပိုင်းဖြစ်တော့ အရိုးများတာလည်း မဆန်းတော့ပါ။

"ငါးကြီးဟင်းဆိုတာ အဲ့ဒါပဲ သားနဲ့သမီး။ အဲဒါကို ငါးကြီးဟင်းလို့ခေါ်တယ်"

မသန်းကြည်တစ်ယောက် ထမင်းမစားနိုင်တော့။ ခေါင်းကိုငုံ့ထား၍ မျက်ရည်မကျအောင် ထိန်းထားရသည်။ သားကြီးအတွက်လည်း ပိုက်ဆံကမပြည့်သေး။ မိသားစု၏ လိုအင်ကိုလည်း ကျေနပ်အောင် မစွမ်းဆောင်နိုင်ခဲ့။ သူငြိမ်သက်နေ၏။ ကိုထွန်းလင်းလည်း အခြေအနေကိုနားလည်၍ ထပ်တူခံစားနေရသည်။ တစ်ယောက်နှင့် တစ်ယောက်အကြည့်တွေက မိဘဝတ္တရားမကျေသေးဟု ပြောချင်ဟန်ဖြင့် ထမင်းစားဝင်ပါအုံးမလား။ ထိုအချိန် သားငယ်ကလေးက "ငါးကြီးရတာ အကုန်သာ ရောင်းခဲ့လိုက်ပါလား အမေရယ်" ဟု စကားတစ်ခွန်းပြောလိုက်သဖြင့် မသန်းကြည်မှာ ငုတ်တုတ်မေ့မတတ်ဖြစ်သွားရပါတော့သည်။

## မီးအန္တရာယ်တားဆီးကာကွယ်

\- ပွင့်လင်းရာသီ သူရိန်မင်းက
အပူပြင်းလှ အချိန်ခါ၊
မီးကိုလေ အမြဲသတိထားလို့
သုံးစွဲကြပါ၊
မသုံးတတ်က ရန်သူပမာ
ရန်မူကာ လောင်ကျွမ်းကြ၊
သုံးတတ်လျှင် မိတ်ဆွေစစ်
အဟုတ်ဖြစ်စွ။

\- ပတ်ဝန်းကျင် အမှိုက်များက
စုပုံထား အန္တရာယ်ပေ၊
ဆေးလိပ်မီးပွား သတိထားလို့
ပစ်မသွားနှင့်လေ၊
ဟောင်းနွမ်းသည့် ဝါယာတွေ
လဲလှယ်ကြလေ သတိထား၊
ချက်ပြုတ်စဉ် မီးဖိုဘေးက
ဝေးဝေးမသွား။

\- တောမီးကို သတိထားလို့
အသိပွား ကာကွယ်ပါ၊
ကလေးများကို မီးဆော့မကစားဖို့
တားမြစ်လို့သာ၊
ရေသဲပုံး ဆောင်ထားကာ
မီးသတ်ဆေးဘူးပါ အသင့်ထား၊
မီးလောင်လျှင် သက်ဆိုင်ရာသို့
ချက်ချင်းအကြောင်းကြား။ ။

ရွှေတိုး(ထုံးဘို)

# သဲကုန်းမြို့နယ် ဆောက်ခြုံကြီးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သဲကုန်း ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဆောက်ခြုံကြီးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများက ဆောက်ခြုံကြီးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၅၅၀၊ တစ်ဖက်လျှင် အကျယ် ၃ ပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်၁၃ ဒသမ ၇ သန်းဖြင့် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၄၁ အိမ်၊ လူဦးရေ ၅၀၁ ဦး တို့၏ လူနေမှုအဆင့်အတန်း ပိုမို မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးထံမှ သိရသည်။

**အေးမြတ်**

# အကျိုးဖျက်ဆီးမှုအကြောင်း သိကောင်းစရာ

**စိန်လှိုင်ဖိုလ်**



တရားရုံး၊ တရားခွင်အသီးသီးတွင် စီရင်ဆုံးဖြတ်နေရသောအမှုများအနက် အကျိုးဖျက်ဆီးမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ သို့ဖြစ်၍ ယခုအပတ်တွင် အကျိုးဖျက်ဆီးမှုရာဇသတ်ကြီးဥပဒေ ပုဒ်မ-၄၂၅ အကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရေးသားပါမည်။

ပုဒ်မ-၄၂၅။ **မည်သူမဆို အများပြည်သူကိုဖြစ်စေ၊ တစ်ဦးတစ်ယောက်ကိုဖြစ်စေ မတရားသဖြင့် ဆုံးရှုံးခြင်း သို့တည်းမဟုတ် ပျက်စီးနစ်နာခြင်းဖြစ်စေရန် အကြံနှင့်သော်လည်းကောင်း၊ ထိုသို့ဆုံးရှုံးခြင်း သို့တည်းမဟုတ် ပျက်စီးနစ်နာခြင်းဖြစ်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ပစ္စည်းတစ်ခုခုကိုဖျက်ဆီးလျှင် သို့တည်းမဟုတ် ပစ္စည်း၏တန်ဖိုးဖြစ်စေ၊ အသုံးဝင်မှုဖြစ်စေ ပျက်စီးအောင် သို့တည်းမဟုတ် ယုတ်လျော့အောင် သို့တည်းမဟုတ် နစ်နာလောက်အောင် ထိုပစ္စည်း၌ သို့တည်းမဟုတ် ထိုပစ္စည်း၏အနေအထား၌ ပြောင်းလဲခြင်းကို ဖြစ်စေလျှင် "အကျိုးဖျက်ဆီးမှု"ကို ကျူးလွန်သည် မည်၏။** အထက်ပါရာဇသတ်ကြီးဥပဒေပုဒ်မ-၄၂၅ အကျိုးဖျက်ဆီးမှုကို ကျူးလွန်လျှင် ပုဒ်မ-၄၂၆၊ ပုဒ်မ-၄၂၇တို့အရ ပြစ်ဒဏ်ချမှတ်ရန် ပြဋ္ဌာန်းထားပါသည်။

အမှုဖြစ်စဉ်အကျဉ်းမှာ အိမ်ရှင် ဒေါ်အေးခင်က အိမ်ငှားများဖြစ်ကြသော ဦးရွှေနှင့် ၎င်း၏ဇနီး ဒေါ်တင်တင်တို့အပေါ် မိမိအိမ်ကို အကျိုးဖျက်ဆီးသဖြင့် ရာဇသတ်ကြီးပုဒ်မ-၄၂၇ အရ အကျိုးဖျက်ဆီးမှုဖြင့် တရားစွဲဆိုခဲ့ပါသည်။ မူလရုံး တရားသူကြီးက ဒေါ်တင်တင်ကို တရားရှင်လွှတ်၍ ဦးရွှေအပေါ်တွင် ရာဇသတ်ကြီးပုဒ်မ-၄၂၇ အရ ပြစ်ဒဏ်ထိုက်သင့်သောပြစ်မှုကို ကျူးလွန်ကြောင်းတွေ့ရှိရသဖြင့် ဒဏ်ငွေ ၂၅၀ ကျပ်ပေးဆောင်စေ။ ပျက်ကွက်က အလုပ်နှင့် ထောင်ဒဏ် (၄)လကျခံစေ။ ပေးဆောင်သောဒဏ်ငွေကို အိမ်ရှင်ဒေါ်အေးခင်အား လျော်ကြေးအဖြစ်ပေးစေဟု အမိန့်ချမှတ်ခဲ့ပါသည်။ မင်းဘူးမြို့တရားရုံးတွင်ဖြစ်ပါသည်။

ထိုအမိန့်ကို အိမ်ငှားဦးရွှေက မကျေနပ်သဖြင့် မင်းဘူးမြို့၊ ရာဘက်စက်ရှင် တရားသူကြီးရုံးတွင် အယူခံဝင်ခဲ့ရာ တရားသူကြီးက ဦးရွှေ၏ပြုမူချက်သည် အိမ်ရှင်ဒေါ်အေးခင်၏ခွင့်ပြုချက်အရ ပြုလုပ်ခြင်းဖြစ်ပေသည်။ ဒေါ်အေးခင်၏အိမ်မှာ ဟောင်းနွမ်းပျက်စီးချို့ယွင်းနေသဖြင့် ဦးရွှေသည် ဓာတ်ပုံဆိုင်လုပ်ငန်းနှင့်လျော်ညီအောင် ပြုပြင်ရန်အကြောင်းရှိသဖြင့် ဒေါ်အေးခင်ထံမှခွင့်ပန်၍ ပြုလုပ်ခြင်းဖြစ်သည်။ ဒေါ်အေးခင်က ပြုပြင်ခငွေကို အကုန်မခံနိုင်သဖြင့် ဦးရွှေကပင် ၎င်း၏ငွေဖြင့် ပြုပြင်ခဲ့သည်။ ဒေါ်အေးခင်သည် ဦးရွှေ၏ပြုမူချက်ကို မကျေနပ်လျှင် ချက်ချင်းလိုပင်အရေးယူ၍ ပိတ်ပင်တားမြစ်ကန့်ကွက်ရန်ရှိသော်လည်း ထိုသို့မပြုလုပ်ဘဲ နှစ်နှစ်ကျော်ကာလရောက်မှသာလျှင် ဦးရွှေနှင့် ၎င်း၏ဇနီးဒေါ်တင်တင်တို့ကို မိမိအိမ်ကို အကျိုးဖျက်ဆီးမှုဖြင့် တရားစွဲဆိုခြင်းဖြစ်သည်။

မူလရုံးက ဦးရွှေအပေါ်ချမှတ်ထားသည့်အမိန့်ကို နိုင်ငံတော်တရားရုံးချုပ်သို့ တင်ဆက်လာခြင်းဖြစ်ပေသည်။ တရားရုံးချုပ် တရားသူကြီးဦးချစ်က ဦးရွှေနှင့် ၎င်း၏ဇနီး ဒေါ်တင်တင်တို့သည် ဒေါ်အေးခင်ပိုင်အိမ်တွင် ငှားရမ်းနေထိုင်ကြသည်မှာ အငြင်းမထွက်ချေ။ ဦးရွှေသည် ဓာတ်ပုံဆိုင်လုပ်ငန်းလုပ်ကိုင်သူဖြစ်သဖြင့် လုပ်ငန်းနှင့်သင့်တော်ရန် မိမိငှားရမ်းထားသည့်အိမ်ကို ပြုပြင်ရန်လိုအပ်သဖြင့် အိမ်ရှင်ဒေါ်အေးခင်ထံမှ ခွင့်ပြုချက်ရယူခဲ့သည်ဟု အဆိုရှိသည်။ ဒေါ်အေးခင်သည် ပြုပြင်ခအခကြေးငွေကိုအကုန်မခံနိုင်သဖြင့် ဦးရွှေကပင်အကုန်အကျခံ၍ ပြင်ဆင်ခဲ့လေသည်။ ထိုသို့ပြင်ဆင်ရာ၌ အိမ်ရှင်ဒေါ်အေးခင်က ကန့်ကွက်ပိတ်ပင်တားမြစ်မှုမပြုလုပ်ပေ။ ထိုကဲ့သို့ပြုလုပ်ပြီးမှ နှစ်နှစ်အကြာတွင် ဒေါ်အေးခင်က ဦးရွှေနှင့်၎င်း၏ဇနီးဒေါ်တင်တင်တို့ကို ရာဇသတ်ကြီးပုဒ်မ ၄၂၇ အရ မိမိအိမ်ကို အကျိုးဖျက်ဆီးမှုဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်းစိစစ်ဝေဖန်ဖော်ထုတ်ခဲ့ပါသည်။

အမှုအသွားအလာကို ကြည့်ရှုဝေဖန်သုံးသပ်သည့်အခါ ဦးရွှေသည်ဒေါ်အေးခင်၏အိမ်ကိုဖျက်ဆီးခြင်းမဟုတ် ကောင်းအောင်ပြုပြင်မွမ်းမံပေးခြင်းမျှသာဖြစ်သဖြင့် ရာဇသတ်ကြီးပုဒ်မ-၄၂၅ အရ အကျိုးဖျက်ဆီးမှု၏ အဓိပ္ပာယ်နှင့် အကျုံးမဝင်သောကြောင့် ရာဇသတ်ကြီးပုဒ်မ-၄၂၇ အရ ပြစ်မှုမမြောက်နိုင်ကြောင်း တရားရုံးချုပ် တရားသူကြီးက စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

မူလရုံးတရားလို အိမ်ရှင်ဒေါ်အေးခင်၏ရှေ့နေကြီးက အိမ်ငှားဦးရွှေသည် မိမိအမှုသည်အိမ် မူလပုံသဏ္ဌာန်ကို ပြင်ဆင်ခြင်းအားဖြင့် ပုံပျက်သွားသဖြင့် အိမ်၏ အသုံးဝင်ပုံ၌ ချို့တဲ့သွားသောကြောင့် ဦးရွှေ၏ပြုမူချက်သည် မိမိအမှုသည်၏ အကျိုးကို ဖျက်ဆီးရာရောက်ပါသဖြင့် မူလရုံးတရားသူကြီးက ဦးရွှေအပေါ် ချမှတ်ထားသောအမိန့်သည် မှန်ကန်ပါကြောင်းလျှောက်လဲတင်ပြခဲ့သည်။

အစိုးရရှေ့နေကြီး ဦးတိုးမောင်ကမူ ရာဘက်စက်ရှင်တရားသူကြီး၏ ထောက်ခံတင်ပြချက်ကို ထောက်ခံပါကြောင်း ၎င်း၏ထောက်ခံတင်ပြချက်ကို အတည်ပြုလက်ခံ၍ မူလရုံး၏အမိန့်ကိုပယ်ဖျက်သင့်ပါကြောင်း လျှောက်ထားခဲ့သည်။ (ထိုကာလက အစိုးရရှေ့နေကြီးများသည် အမှုအပေါ်ဥပဒေအမြင်ဖြင့်တည့်မတ်စွာ တင်ပြလျှောက်ထားခဲ့ကြသည်ကို သတိပြုမိပါသည်)

ဖျက်ဆီးမှုကိုပြုလုပ်ခြင်းမဟုတ်၊ မိမိဓာတ်ပုံလုပ်ငန်းနှင့်လျော်ညီအောင် ပျက်စီးနေသောအိမ်ကို မွမ်းမံအသစ်ပြုပြင်ရန်လိုအပ်သဖြင့် ဒေါ်အေးခင်ထံမှ အခွင့်ပန်ကြားပြီးကြောင်း အဆိုရှိသည်။

အိမ်ငှားဦးရွှေက အိမ်ရှင်ဒေါ်အေးခင်၏ခွင့်ပြုချက်အရ ဟောင်းနွမ်းပျက်စီးနေသောအိမ်ကို အသစ်မွမ်းမံပြုလုပ်ရာ၌ အိမ်၏အခြေအနေမှာ မူလအခြေအနေထက် ပို၍ကောင်းမွန်လာပေသည်။ ထို့ပြင် ဦးရွှေသည် ထိုကဲ့သို့ အသစ်မွမ်းမံပြင်ဆင်မှုများပြုလုပ်ရာ၌ ဒေါ်အေးခင်၏အကျိုးကိုပျက်စီးစေသောအကြံအစည်ဖြင့် ပြုလုပ်ခြင်းမဟုတ်ပေ။ **အိမ်ရှင်ဒေါ်အေးခင်သည် အိမ်ငှားဦးရွှေက အိမ်ပေါ်မှဆင်းမပေးသဖြင့် ထိုကဲ့သို့အကျိုးဖျက်ဆီးမှုဖြင့် တရားစွဲဆိုသည်ဟုယူဆကြောင်း** တရားရုံးချုပ်ကဆင်ခြင်သုံးသပ်ဝေဖန်ခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ ရာဘက်စက်ရှင်တရားသူကြီးက အမှုတွဲတွင်ပေါ်လွင်သော အချက်အလက်များကို ချင့်ချိန်ဝေဖန်သုံးသပ်ပြီး အိမ်ငှားဦးရွှေသည် မူလရုံးကအပြစ်ပေးထားသော ရာဇသတ်ကြီးပုဒ်မ-၄၂၇ အရ ပြစ်မှုမမြောက်နိုင်ဟုတွေ့ရှိခြင်းမှာ မှားယွင်းသည်ဟုမဆိုနိုင်ကြောင်း စိစစ်သုံးသပ်ပြီးနောက် မူလရုံး၏အမိန့်ကို ပယ်ဖျက်လိုက်ပါသည်။ ဤအမှုနှင့်ပတ်သက်၍ ဦးရွှေအား တရားသေလွှတ်ရန်နှင့် ဦးရွှေသည် ဒဏ်ငွေ ၂၅၀ ကျပ်ကို ပေးဆောင်ပြီးဖြစ်ပါက ၎င်းအားပြန်ပေးစေရန် တရားရုံးချုပ်က အမိန့်ချမှတ်ခဲ့ပါသည်။

ဦးရွှေ ပြင်ဆင်ရန်လျှောက်ထားသူနှင့်

**❖မည်သူမဆို အများပြည်သူကိုဖြစ်စေ၊ တစ်ဦးတစ်ယောက်ကို ဖြစ်စေ မတရားသဖြင့်ဆုံးရှုံးခြင်း သို့တည်းမဟုတ် ပျက်စီးနစ်နာခြင်း ဖြစ်စေရန်အကြံနှင့်သော်လည်းကောင်း၊ ထိုသို့ဆုံးရှုံးခြင်း သို့တည်းမဟုတ် ပျက်စီးနစ်နာခြင်း ဖြစ်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ပစ္စည်းတစ်ခုခုကိုဖျက်ဆီးလျှင် သို့တည်းမဟုတ် ပစ္စည်း၏တန်ဖိုးဖြစ်စေ၊ အသုံးဝင်မှုဖြစ်စေပျက်စီးအောင် သို့တည်းမဟုတ် ယုတ်လျော့အောင် သို့တည်းမဟုတ် နစ်နာလောက်အောင် ထိုပစ္စည်း၌ သို့တည်းမဟုတ် ထိုပစ္စည်း၏အနေအထား၌ ပြောင်းလဲခြင်းကိုဖြစ်စေလျှင် အကျိုးဖျက်ဆီးမှုကို ကျူးလွန်သည်မည်၏။ ❖**

တရားရုံးချုပ်က အမှုကို သေချာကျနစွာဆန်းစစ်၍သုံးသပ်ရာတွင် တွေ့ရှိရသည်မှာ ရာဘက်စက်ရှင် တရားသူကြီး တွေ့ရှိရသည့်အတိုင်းပင်ဖြစ်သည်။ အိမ်ငှားဦးရွှေသည် အိမ်ရှင်ဒေါ်အေးခင်၏ အကျိုး

**ပြည်ထောင်စုမြန်မာနိုင်ငံ (ဒေါ်အေးခင်) ပြင်ဆင်ရန်လျှောက်ထားခံရသူ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၃၆(ခ)**အမှုကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# ကျောက်ပန်းတောင်းမြို့နယ် သံဘိုရွာသစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် သံဘိုကျေးရွာအုပ်စု သံဘိုရွာသစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သံဘိုရွာသစ်ကျေးရွာ၌ ရေရရှိရေးအတွက် ဂါလန်၂၄၀၀ ဆံ့ရေစင် တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များအနေဖြင့်ဆောင်ရွက်ပြီး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်မှာကြားပြီး ကျေးရွာတာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သံဘိုရွာသစ်ကျေးရွာ၌ အလျား ၁၀ ပေ၊ အနံ ၁၀ပေ၊ အမြင့် ၂၄ ပေရှိ ဂါလန် ၂၄၀၀ဆံ့ ရေစင်တည်ဆောက်ခြင်းနှင့် အရှည်ပေ ၁၀၅၀ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၄၅ သိန်း၊ စုစုပေါင်းငွေကျပ် ၁၉၅ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ခုနှစ် ဩဂုတ်လပထမပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဇင်မာ

# ဩစတြေးလျနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် သေဆုံးသူမြင့်တက်လာနိုင်ကြောင်း ကွင်းစလန်းတက္ကသိုလ်မှ သုတေသီများက သတိပေး



**ကင်ဘာရာ ဖေဖော်ဝါရီ ၁၈**

ဩစတြေးလျနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုများ မြင့်တက်လာနိုင်သည့်အတွက် အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်ပြီး သေဆုံးသူမြင့်တက်လာနိုင်ကြောင်း ကွင်းစလန်းတက္ကသိုလ်မှ သုတေသီများက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကွင်းစလန်းတက္ကသိုလ်မှ သုတေသီများက အပူလှိုင်းနှင့်ပတ်သက်ပြီး သုတေသနပြုလုပ်ခဲ့ရာတွင် လူသားတို့၏ လုပ်ဆောင်ချက်များကြောင့် ဖြစ်ပေါ်လာသည့် အပူလှိုင်းဖြတ်သန်းမှုများဖြစ်ပြီး ယခင် အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်ပြီး သေဆုံးသည့်ပမာဏထက် ၂၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ သေဆုံးသူအများစုမှာ မြို့ကြီးများတွင်နေထိုင်သည့် အခြေခံလူတန်းစားအများစုဖြစ်ကြောင်း၊ အပူစုပ်ယူမှု အားကောင်းသည့် လမ်းမကြီးများ၊ အဆောက်အအုံများနှင့် မီးရထားလမ်းများတွင် အပူချိန်အဆမတန်မြင့်တက်လာနိုင်ကြောင်း၊ အပူလှိုင်းဖြတ်သန်းမှုများဖြစ်ပေါ်လာပါက အရေးပေါ်ဆေးကုသရေး အစီအစဉ်များကို ပြင်ဆင်ထားသင့်ပြီး အပူချိန်သက်သာစေမည့် အစီအစဉ်များကိုလည်း ကြိုတင်ဆောင်ရွက်ထားသင့်ကြောင်း သုတေသီများက ထုတ်ပြန်ခဲ့သည်။

"သုတေသနတွေအရ အပူလှိုင်းဖြတ်သန်းမှုတွေ ဆက်တိုက်ဖြစ်ပေါ်လာနိုင်ပြီး အပူချိန်မြင့်တက်မှုတွေလဲ ဖြစ်ပေါ်လာနိုင်တယ်။ အပူချိန်လျှော့ချရေးအစီအစဉ်အတွက် ကွင်းစလန်းပြည်နယ်မှာ အထိုင်ချပြီးဆောင်ရွက်နေတာတွေရှိပါတယ်။ အပူလှိုင်းဖြတ်သန်းမှုက ပိုမိုဆိုးရွားလာနိုင်တဲ့အတွက် အပူချိန်လျှော့ချရေးကို ပိုပြီးတော့ အရှိန်မြှင့်တင်ဆောင်ရွက်သွားသင့်ပါတယ်"ဟု PhD ကျောင်းသားတစ်ဦးဖြစ်သူ ပက်ထရစ်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ဗီယက်နမ်နိုင်ငံတွင် အန္တရာယ်ရှိသည့် ရာသီဥတုလွန်ကဲမှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေ

**ဟန္နိုင်း ဖေဖော်ဝါရီ ၁၈**

ဗီယက်နမ်နိုင်ငံတွင် အန္တရာယ်ရှိသည့် ရာသီဥတုလွန်ကဲမှုပြဿနာကို လာမည့်ဩဂုတ်လထိ ရင်ဆိုင်သွားရဖွယ် ရှိနေကြောင်း ဗီယက်နမ် National Centre for Hydrometeorological Forecasting(NCHF) က သတိပေးခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ယခုနှစ် ဖေဖော်ဝါရီလမှ မတ်လကုန်ထိ အပူလှိုင်းဖြတ်သန်းမှုဖြင့် ရင်ဆိုင်သွားရမည်ဖြစ်ပြီး အပူချိန်လွန်ကဲမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ မတ်လကုန်ပိုင်းမှစ၍ ဗီယက်နမ်မြောက်ဘက်ပိုင်းပြည်နယ်တွင် မိုးဖွဲဖွဲရွာသွန်းခြင်းနှင့် မြူခိုးများ ကျဆင်းခြင်းတို့ဖြင့် ရင်ဆိုင်သွားရမည်ဖြစ်ပြီး နောက်ပိုင်းတွင် အပူလှိုင်းဖြတ်သန်းမှု ပြန်လည် ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အပူလှိုင်းဖြတ်သန်းမှုကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေပြီး နေ့စဉ်လူနေမှုဘဝကို များစွာအခက်တွေ့စေမည်ဖြစ်ကြောင်း NCHF က သတိပေးခဲ့သည်။

"ဖေဖော်ဝါရီလကနေ ဩဂုတ်လထိ ရာသီဥတုလွန်ကဲမှုတွေကို ရင်ဆိုင်သွားရမှာ ဖြစ်ပါတယ်။ ရာသီဥတုကလဲ ပြောင်းလဲမှုတွေ မြန်ဆန်နေပါတယ်။ ပုံမှန်ထက်ကို ၆၀ ရာခိုင်နှုန်းကနေ ၇၀ ရာခိုင်နှုန်းထိ မြန်ဆန်သွားဖွယ်ရှိနေတယ်"ဟု National Centre for Hydro-meteorological Forecasting (NCHF)မှ ပြောရေးဆိုခွင့်ရှိသူ ဟောင်ပူလမ်က ပြောကြားခဲ့သည်။

လက်ရှိတွင်လည်း ဗီယက်နမ်နိုင်ငံ တောင်ဘက်ပိုင်းပြည်နယ်များတွင် လာနီညာရာသီဥတုဖြင့် ရင်ဆိုင်နေရပြီး ပင်လယ်ရေမျက်နှာပြင်အပူချိန်မှာ သုညဒသမ ၆ ဒီဂရီစင်တီဂရိတ်သာရှိသည့်အတွက် ပုံမှန်ထက်အပူချိန်ကျဆင်းလျက်ရှိကြောင်း၊ မတ်လမှ မေလအတွင်း ရာသီဥတုပြောင်းလဲမှုသည် ပုံမှန်ထက် ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းထိ မြန်ဆန်ဖွယ်ရှိနေပြီး အပူပိုင်းမုန်တိုင်းများလည်း မကြာခဏဖြစ်ပေါ်လာဖွယ် ရှိနေသည့်အတွက် သဘာဝဘေးအန္တရာယ်များကိုလည်း မကြာခဏ ရင်ဆိုင်သွားရဖွယ်ရှိနေကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အမေဇုန်သစ်တောကြီးဝိုင်း ထိန်းသိမ်းရေးအတွက် တရားမဝင်သစ်ခိုးထုတ်မှုများကို ဘရာဇီးအစိုးရက ထိရောက်စွာနှိမ်နင်း

**ဘရာဇီးလီးယား ဖေဖော်ဝါရီ ၁၈**

ဘရာဇီးအစိုးရသည် တရားမဝင်သစ်ခိုးထုတ်မှုများကို ထိရောက်စွာ နှိမ်နင်းနေပြီဖြစ်ကြောင်း ဘရာဇီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘရာဇီးအစိုးရသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အမေဇုန်သစ်တောကြီးဝိုင်းပြုန်းတီးမှုကို ကာကွယ်နိုင်ရန် ၂၀၂၃ ခုနှစ်မှစတင်၍ စီမံချက်များဖြင့် ဆောင်ရွက်လာခဲ့ပြီးနောက် အတိုင်းအတာတစ်ခုထိ သစ်တောပြုန်းတီးမှုကို လျှော့ချနိုင်ခဲ့ကြောင်း၊ သို့သော်လည်း တရားမဝင်သစ်ခိုးထုတ်မှုများကို ထိရောက်စွာနှိမ်နင်းနိုင်ခြင်း မရှိသေးသည့်အတွက် အမေဇုန်သစ်တောကြီးဝိုင်းပြုန်းတီးမှုမှာ သိသိသာသာလျော့ကျလာခြင်း မရှိသေးသဖြင့် Operation Maravalha အမည်ဖြင့် နှစ်ရှည် တရားမဝင်သစ်ခိုးထုတ်မှုများကို အပြီးသတ်နှိမ်နင်းသွားမည်ဖြစ်ပြီး တရားမဝင်သစ်ခိုးထုတ်သူများကိုလည်း ထိရောက်စွာအရေးယူသွားရန် စီစဉ်နေကြောင်း ဘရာဇီးအစိုးရက ထုတ်ပြန်ခဲ့သည်။



"Operation Maravalha ရဲ့ ရည်ရွယ်ချက်ကတော့ နှစ်ရှည်စီမံကိန်းနဲ့ တရားမဝင်သစ်ခိုးထုတ်မှုတွေကို အပြီးသတ်နှိမ်နင်းသွားဖို့ပါပဲ။ အော်ပရေးရှင်းကိုလဲ စတင်နေပြီဖြစ်ပါတယ်။ အော်ပရေးရှင်းစတင်တဲ့ ရက်သတ္တပတ် နှစ်ပတ်အတွင်း သစ်ခိုးထုတ်ရာမှာ အသုံးပြုတဲ့ ပစ္စည်းအမျိုးအစားစုံ ၅၀၀၀ ကျော်ကို သိမ်းဆည်းရမိခဲ့ပါတယ်။ တရားမဝင် သစ်ခိုးထုတ်မှုတွေကို နှိမ်နင်းမဲ့ ပထမခြေလှမ်းကို အကောင်းဆုံး စတင်နိုင်ပြီဖြစ်ပါတယ်။ အော်ပရေးရှင်းကိုလဲ ငါးနှစ်ကျော်ထိ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဘရာဇီးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရှမက်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အမေရိကန်နိုင်ငံ ကန်တပ်ကီပြည်နယ်တွင် ရေဘေးကြောင့် သေဆုံးသူ ၁၁ ဦးထိရှိလာ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၈**

အမေရိကန်နိုင်ငံ ကန်တပ်ကီပြည်နယ်တွင် ဖေဖော်ဝါရီ ၁၆ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းကာ သေဆုံးသူ ၁၁ ဦးထိ ရှိလာခဲ့ပြီး အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရသူ ၂၉၆ ဦးထိ ရှိလာပြီဖြစ်ကြောင်း ကန်တပ်ကီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အရေးပေါ်ကယ်ထုတ်ပေးခဲ့ရသူအများစုမှာ မာတင်ကောင်တီမှဖြစ်ပြီး ရေလွှမ်းမှုကြောင့် လမ်းမကြီးများကို အသုံးမပြုနိုင်တော့သည့်အတွက် လေကြောင်းအကူအညီရယူကာ ရဟတ်ယာဉ်များဖြင့် ပိတ်မိနေသည့်ဒေသခံများကို ကယ်ထုတ်ပေးခဲ့ရကြောင်း၊ ရေကြီးရေလျှံမှု စတင်ဖြစ်ပွားခဲ့စဉ်က သေဆုံးသူ ရှစ်ဦးသာ ရှိခဲ့ပြီး ယနေ့တွင် သေဆုံးသူ ၁၁ ဦးရှိလာကာ အသက်ဘေးဖြင့် ရင်ဆိုင်နေရသည့် ဒေသခံများကို Kentucky Air Guard's 123rd အထူးနည်းဗျူဟာတပ်စုမှ တပ်ဖွဲ့ဝင်များက ကူညီပေးလျက်ရှိကြောင်း ကန်တပ်ကီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။


"ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ၂၉၆ ယောက်ထိ မြင့်တက်လာခဲ့ပြီး သေဆုံးသူ ၁၁ ယောက်ထိ ရှိလာခဲ့ပါတယ်။ မာတင်ကောင်တီမှာ ရေဘေးအန္တရာယ်ကြောင့် ပိတ်မိနေတဲ့ဒေသခံတွေကိုလဲ အရေးပေါ်အခြေအနေနဲ့ ကယ်ထုတ်ပေးနေပါတယ်။ Kentucky Air Guard's 123rd အထူးနည်းဗျူဟာတပ်စုက တပ်ဖွဲ့ဝင်တွေက ရဟတ်ယာဉ်တွေနဲ့ ပိတ်မိနေတဲ့ ဒေသခံတွေကို ကယ်ထုတ်ပေးနေပါတယ်"ဟု ကန်တပ်ကီပြည်နယ် ဝန်ကြီးချုပ် ဘီရှီယားက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

**လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ**

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

# အသံလွန်ဒုံးကျည်ထိပ်ဖူးများ ထုတ်လုပ်ရန်ကြိုးပမ်းနေသောဂျပန်နိုင်ငံ

မောင်သောင်းဝင်း(တမန်ဟောင်း)

ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံနှင့်မြောက်ကိုရီးယားနိုင်ငံတို့မှ ခြိမ်းခြောက်မှုများမြင့်တက်လာသည့်အချိန်တွင် အသံလွန်လက်နက်များ သုတေသနပြုတည်ဆောက်ရေးအစီအစဉ်ကို အရှိန်အဟုန်မြင့်တင်လုပ်ဆောင်လျက်ရှိသော်လည်း နည်းပညာပိုင်းဆိုင်ရာကွာဟချက်များနှင့် အမေရိကန်ကာကွယ်ရေးစက်မှုလုပ်ငန်းတို့အပေါ် အလွန်အမင်းမှီခိုအားထားနေရခြင်းသည် အသံလွန်လက်နက်များတည်ဆောက်မှုအစီအစဉ်ကို နှေးကွေးမှုများဖြစ်ပေါ်နိုင်သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန(MOD) က ၎င်းတို့အနေဖြင့် ကျွန်းစုကာကွယ်ရေးအသံလွန်ဒုံးကျည်ထိပ်ဖူး(HGV)ကို အောင်မြင်စွာစမ်းသပ်ပစ်ခတ်နိုင်ခဲ့ကြောင်း၊ ကယ်လီဖိုးနီးယားရှိစက်ပစ်ကွင်း၌ ပစ်ခတ်စမ်းသပ်မှု လေးကြိမ်လုပ်ဆောင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာသွားခဲ့သည်။

ခြိမ်းခြောက်မှုများကို ကြိုတင်ကာကွယ်ရန်နှင့် တာဝေးပစ်ခတ်နိုင်ရန် ဒီဇိုင်းရေးဆွဲထားသည့် နောက်ဆုံးပေါ်ဒုံးကျည်များသည် မျှော်မှန်းထားသည့်အတိုင်း စွမ်းဆောင်ရည်များကို အောင်မြင်စွာ သရုပ်ပြသနိုင်ခဲ့ကြောင်း၊ ဂျပန်နိုင်ငံ၏ ကျွန်းစုကာကွယ်ရေးအသံလွန်ဒုံးကျည်ထိပ်ဖူး သုတေသနလုပ်ငန်းကို ၂၀၂၅ ခုနှစ်တွင် အပြီးသတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် အမြောက်အမြားထုတ်လုပ်မှုကို ၂၀၂၃ ခုနှစ်ကတည်းက စတင်လုပ်ဆောင်လျက်ရှိကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသွားခဲ့သည်။

ဂျပန်နိုင်ငံ၏ စစ်လက်နက်ပစ္စည်းဝယ်ယူရေး၊ နည်းပညာနှင့် အုပ်ချုပ်ထောက်ပံ့မှုအေဂျင်စီ (ATLA) သည် ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် အသံလွန်မြန်နှုန်းဖြင့် လှုပ်ရှားပျံသန်းနိုင်သည့် ဒုံးကျည်ထိပ်ဖူး (HVGP) ကို အောင်မြင်စွာစမ်းသပ်ပစ်ခတ်ခဲ့သည့် ဓာတ်ပုံများကိုလည်း ထုတ်ပြန်ခဲ့သည်။ ၎င်းစမ်းသပ်မှုသည် ကနဦးတည်ဆောက်ထားသည့် မူကွဲ Block 1 ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် အကွာအဝေးပိုမိုရောက်ရှိနိုင်သည့် မူကွဲများတည်ဆောက်သွားရန် စီမံကိန်းရေးဆွဲထားရှိသည်။ အကွာအဝေးကီလိုမီတာ ၉၀၀ ထိရောက်ရှိနိုင်သည့် ဒုံးကျည်ထိပ်ဖူးသည် ၂၀၂၆ ခုနှစ်တွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးမြေပြင်တပ်ဖွဲ့ (JGSDF)၌ စတင်တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။ မစ်ဆူဘီရှီအကြီးစားစက်မှုလုပ်ငန်းသည် ကျည်ထိပ်ဖူးများထုတ်လုပ်မှုကို အရှိန်မြင့်တင်လုပ်ဆောင်လျက်ရှိသည်။

ဂျပန်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ် မတ်လတွင် အသံလွန်လက်နက်နှစ်မျိုးဖြစ်သည့် အသံလွန် ခရုဇ်ဒုံးကျည်(HCM)နှင့် ဒုံးကျည်ထိပ်ဖူးတို့ကို ထုတ်ဖော်ပြသခဲ့သည်။ အသံလွန်ခရုဇ်ဒုံးကျည်ကို မြန်နှုန်းမြင့်အင်ဂျင်ဖြင့် တွန်းကန်ထားရှိပြီး သမာရိုးကျခရုဇ်ဒုံးကျည်များတပ်ဆင်ထားသော်လည်း မြန်နှုန်းမြင့်ပြီးတာဝေးပစ်ခတ်နိုင်စွမ်းရှိသည်။ ထို့ပြင် ဒုံးကျည်ထိပ်ဖူးသည် အခဲလောင်စာတောင့်သုံး အင်ဂျင်ပါရှိသောကြောင့် ကျည်ထိပ်ဖူးကိုအရှိန်ဖြင့် တွန်းကန်နိုင်သည့်အပြင် ပစ်မှတ်ကိုရှာဖွေနေစဉ် အရှိန်ကိုလည်း ဆက်လက်ထိန်းသိမ်းထားနိုင်စွမ်းရှိစေမည်ဖြစ်သည်။

အသံလွန်ဒုံးကျည်များသည် နည်းဗျူဟာမြောက်အဆင့်၌ အသုံးပြုရာတွင် နည်းပညာပိုင်းဆိုင်ရာစိန်ခေါ်မှုများရှိနေသော်လည်း ဂျပန်နိုင်ငံ၏တန်ပြန်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များအတွက် များစွာအရေးပါလျက်ရှိသည်။ ဒုံးကျည်ထိပ်ဖူးနှင့် အသံလွန် ခရုဇ်ဒုံးကျည်တို့သည် အဆင့်မြင့်ဒုံးကျည် နည်းပညာကိုပြသလျက်ရှိသည်။ ပဲ့ထိန်းဒုံးကျည်မှ ပစ်ခတ်လိုက်သော ဒုံးကျည်ထိပ်ဖူးများသည် အသံထက် အမြန်နှုန်းအဆ ၂၀ (Mach 20)ဖြင့်ပျံသန်းနိုင်ပြီး ကြားဖြတ်ဟန့်တားမှုများကို ဖောက်ထွင်းနိုင်စွမ်းရှိစေသည်။ ထို့ပြင် အသံလွန်ခရုဇ်ဒုံးကျည်သည် အမြန်နှုန်း Mach 6 ကျော် ပျံသန်းနိုင်ရေးအတွက် အခဲလောင်စာတောင့်သုံး ဂျက်အင်ဂျင်ကိုအသုံးပြုထားသဖြင့် ပစ်မှတ်ကိုတိကျစွာ ပစ်ခတ်တိုက်ခိုက်နိုင်စွမ်းရှိသည်။



အသံလွန်ဒုံးကျည်ထိပ်ဖူး (HVGP)ကိုတွေ့ရစဉ်။

ဂျပန်နိုင်ငံ၏ အသံလွန်ဒုံးကျည်များသည် ဒုံးကျည်ကာကွယ်ရေးစနစ်များအပြင် လေတပ်နှင့် ရေတပ်အခြေစိုက်စခန်းများ၊ အုပ်ချုပ်ထောက်ပံ့မှု ဗဟိုချက်မများနှင့် ကွပ်ကဲမှုဌာနချုပ်များကဲ့သို့သော အရေးပါသည့် အခြေခံအဆောက်အအုံများကို ထိုးဖောက်ပစ်ခတ်နိုင်စွမ်းရှိသည်။ သို့သော်ဂျပန်နိုင်ငံသည်ကြီးမားသောစစ်ဆင်ရေးများအတွက် အစောင့်လိုက်ကြားဖြတ်တိုက်လေယာဉ်များနှင့် ဝေဟင်ဆီဖြည့်လေယာဉ်များကဲ့သို့သော အဓိကကျသည့် အထောက်အကူပြုအစိတ်အပိုင်းများ လိုအပ်လျက်ရှိသည်။ ထို့ပြင် ဂျပန်နိုင်ငံသည် လှုပ်ရှားနေသော ပစ်မှတ်များကို အချိန်မီတိုက်ခိုက်နိုင်ရေးအတွက် ထောက်လှမ်းခြင်း၊ စောင့်ကြည့်ခြင်း၊ ကင်းထောက်ခြင်းနှင့် ပစ်မှတ်ရှာဖွေခြင်း(ISR-T)စွမ်းဆောင်ရည်များလည်း လိုအပ်နေဆဲပင်ဖြစ်သည်။

ဂျပန်နိုင်ငံသည် တရုတ်၊ ရုရှားတို့နှင့်ပိုင်ဆိုင်မှု အငြင်းပွားနေသောကျွန်းစုများကို ကာကွယ်ရန်နှင့် ဒေသတွင်းဒုံးကျည်ခြိမ်းခြောက်မှုများကို ဟန့်တားနိုင်ရန် အသံလွန်လက်နက်များ တည်ဆောက်ရေးအစီအစဉ်ကို အရှိန်အဟုန်မြင့်တင်ဆောင်ရွက်လျက်ရှိနေစဉ်မှာပင် အမေရိကန်အပေါ် မှီခိုအားထားနေရမှုနှင့် ကာကွယ်ရေးစက်မှုလုပ်ငန်းကန့်သတ်ချက်များကိုလည်း ဖြေရှင်းသွားရန် လိုအပ်ပေသည်။

ဂျပန်နိုင်ငံအနေဖြင့် ၎င်း၏အလှမ်းကွာဝေးသော ကျွန်းစုများ၊ အထူးသဖြင့် တရုတ်နိုင်ငံနှင့်နယ်မြေထိစပ်နေသော ဆန့်ကာကူကျွန်းစုများကိုကျူးကျော်တိုက်ခိုက်ခံရချိန်တွင် ရန်သူ့ကာကွယ်ရေးစနစ်များကိုထိုးဖောက်နိုင်ရန် အသံလွန်ဒုံးကျည်များကိုအသုံးပြုနိုင်မည်ဖြစ်သည်။ အသံလွန်ဒုံးကျည်ထိပ်ဖူးများ၏ထိရောက်မှုကိုမြှင့်တင်နိုင်ရန် ဝေဟင်၊ မြေပြင်နှင့် ပင်လယ်ပြင်အခြေစိုက်စခန်းများမှ ဒုံးကျည်အမျိုးမျိုးဖြင့် ပစ်ခတ်နိုင်မည်ဖြစ်သည်။ ထို့ပြင် ၎င်းလက်နက်စနစ်များသည် တရုတ်နှင့် မြောက်ကိုရီးယားတို့ရှိ ဒုံးကျည်ဂိုဒေါင်များနှင့် ဒုံးကျည်ပစ်လွှတ်စင်များကိုလည်း လျှို့ဝှက်စွာ တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် အသံလွန်လက်နက်စနစ်များ သုတေသနပြုတည်ဆောက်မှု အရှိန်မြှင့်တင်နိုင်ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၇ ဘီလီယံ အသုံးပြုသွားမည်ဖြစ်သည်။ ၎င်းဘတ်ဂျက်အနက် ၂၀၂၅ ခုနှစ် ဘဏ္ဍာရေးနှစ်ဧပြီလမှစ၍ တာဝေးပစ်ဒုံးကျည် အမြောက်အမြားတည်ဆောက်သွားရန် အမေရိကန်ဒေါ်လာ သန်း ၁၃၀ အသုံးပြုသွားမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် Type 12 အမျိုးအစားကုန်းမြေအခြေစိုက် တာဝေးပစ်သင်္ဘောဖျက်ဒုံးကျည်အဆင့်မြှင့်မူကွဲအမြောက်အမြားထုတ်လုပ်ရန် အမေရိကန်ဒေါ်လာသန်း ၁၁၀ နှင့် ရေငုပ်သင်္ဘောပေါ်ပစ်ခတ်နိုင်သော ဒုံးကျည်မူကွဲတည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၇၅ သန်း အသုံးပြုသွားမည်ဖြစ်သည်။

သို့သော် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းသည် အဆိုပါရည်မှန်းချက်များ အောင်မြင်မှုရရှိရေးအတွက် ကြီးမားသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိသည်။ ဂျပန်နိုင်ငံသည် အမေရိကန်မှတင်သွင်းသော လက်နက်များအပေါ်မှီခိုအားထားနေရဆဲပင်ဖြစ်သည်။ ဂျပန်နိုင်ငံ၏ကာကွယ်ရေးစက်မှုလုပ်ငန်းသည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ အနည်းငယ်သာ မှာယူအသုံးပြုပြီး ပြည်ပတင်ပို့မှုကန့်သတ်ထားမှုများကြောင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း ကင်းမဲ့လျက်ရှိသည်။ ထို့ကြောင့် ဂျပန်နိုင်ငံသည် ကာကွယ်ရေးပစ္စည်းများ ထုတ်လုပ်မှုအတွက် ဘဏ္ဍာငွေတိုက်ရိုက်ထောက်ပံ့သည့် အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အမှန်တွင် အမေရိကန်နိုင်ငံအပေါ် ကာလရှည်ကြာအလွန်အမင်းမှီခိုအားထားနေရမှုသည် ဂျပန်နိုင်ငံ၏ ကိုယ်ပိုင်ကာကွယ်ရေးစွမ်းဆောင်ရည်ကို ထိန်းချုပ်ခံရလျက်ရှိသည်။ ဂျပန်နိုင်ငံသည် တရုတ်၊ မြောက်ကိုရီးယားနှင့်ရုရှားတို့ကို တစ်နိုင်ငံချင်းစီကို ပင်လျှင် ၎င်းတစ်ဦးတည်းဖြင့် ကာကွယ်နိုင်စွမ်းမရှိသလိုအာရှဒေသတွင်လည်း အမေရိကန်တပ်ဖွဲ့များ နေရာတွင် အစားထိုးနိုင်မည့်တပ်ဖွဲ့မရှိသေးပေ။

ထို့ကြောင့် ဂျပန်နိုင်ငံ၏တန်ပြန်တိုက်ခိုက်ရေး စွမ်းဆောင်ရည်များနှင့်စပ်လျဉ်း၍ တာဝေးပစ်သမာရိုးကျတိုက်ခိုက်မှု (LRS) လက်နက်များဖြစ်သည့် ခရုဇ်၊ ပဲ့ထိန်းနှင့်အသံလွန် ဒုံးကျည်များသည်ပြည်သူများကို တန်ပြန်တိုက်ခိုက်ခြင်း၊ မဟာဗျူဟာမြောက်ကြားဖြတ်ဟန့်တားနိုင်ခြင်း၊ ခေါင်းဆောင်များကို တန်ပြန်တိုက်ခိုက်ခြင်းနှင့် တပ်ဖွဲ့ဝင်များ တန်ပြန်ချေမှုန်းခြင်းစသည့် အဓိကကျသော မဟာဗျူဟာမြောက်လုပ်ငန်းတာဝန်လေးရပ်ကို ထမ်းဆောင်နိုင်သည်။ တာဝေးပစ်သမာရိုးကျတိုက်ခိုက်မှုသည် ရန်သူ၏အခြေခံကျသော အဆောက်အအုံများ၊ ခေါင်းဆောင်နှင့် စစ်ဘက်ဆိုင်ရာပစ္စည်းများကို ပစ်မှတ်ထားလျက် ပြိုင်ဘက်ရန်သူ၏စိတ်ဆန္ဒနှင့် ကာကွယ်ရေး စွမ်းဆောင်ရည်တို့ကို ချည့်နဲ့အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ရှုပ်ထွေးသော လုံခြုံရေးဝန်းကျင်တွင် သမာရိုးကျ တိုက်ခိုက်ရေးစွမ်းဆောင်ရည်များ လိုအပ်ချက်ကို ဂျပန်နိုင်ငံ၏ ၂၀၂၂ ခုနှစ် အမျိုးသားလုံခြုံရေးမဟာဗျူဟာနှင့် အမျိုးသားကာကွယ်ရေးမဟာဗျူဟာတို့၌ မီးမောင်းထိုး ဖော်ပြထားပြီးဖြစ်သည်။ အမျိုးသားလုံခြုံရေးမဟာဗျူဟာသည် ဂျပန်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့်ဒေသတွင်းတည်ငြိမ်မှုကိုစောင့်ရှောက်ရေး၊ အထူးသဖြင့် ဒုံးကျည်ခြိမ်းခြောက်မှုများနှင့် ပထဝီနိုင်ငံရေးဆိုင်ရာပြိုင်ဆိုင်မှုများ မြင့်တက်လာသည့်အချိန်တွင် ကြိုတင်လက်ဦးရယူတိုက်ခိုက်နိုင်မည့် အစီအမံများလိုအပ်ကြောင်း အလေးထားဖော်ပြထားသည်။

အလားတူအမျိုးသားကာကွယ်ရေးမဟာဗျူဟာကလည်း တန်ပြန်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များသည် ဒုံးကျည်တိုက်ခိုက်မှုများဟန့်တားနှောင့်ယှက်ရေးအတွက် များစွာအရေးပါလျက်ရှိကြောင်း၊ ၎င်းစွမ်းဆောင်ရည်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်ရေးစွမ်းဆောင်ရည်မြှင့်တင်ရန် အသုံးပြုသွားမည်ဖြစ်ကြောင်း မီးမောင်းထိုးဖော်ပြထားရှိသည်။

သို့သော် ဂျပန်နိုင်ငံ၏ တန်ပြန်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များ တည်ဆောက်ရန်ကြိုးပမ်းမှုသည် ဒေသတွင်းလက်နက်အပြိုင်အဆိုင်တပ်ဆင်မှုကိုမြင့်တက်လာစေနိုင်သည်။ တရုတ်နိုင်ငံက သမာရိုးကျနှင့် နျူကလီးယားကျည်ထိပ်ဖူးများသယ်ဆောင်နိုင်သော တာလတ်ပစ်ဒုံးကျည်တည်ဆောက်နိုင်ရေး ဂျပန်နိုင်ငံ၏ ကြိုးပမ်းနေမှုအပေါ် စိုးရိမ်မကင်းဖြစ်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ကြောင့် ဂျပန်နိုင်ငံအနေဖြင့် ဒေသတွင်းလက်နက်အပြိုင်အဆိုင်တပ်ဆင်မှုနှင့် မတော်တဆဖြစ်စဉ်များ လျှော့ချနိုင်ရေးတို့အတွက် ၎င်းတို့သုတေသနပြုတည်ဆောက်နေသည့် ဒုံးကျည်များတွင် နျူကလီးယားကျည်ထိပ်ဖူးများ တပ်ဆင်သွားမည်မဟုတ်ကြောင်း အာမခံချက်ပေးရန် လိုအပ်ပေသည်။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံ၏စစ်ရေးရည်မှန်းချက်များ၊ အထူးသဖြင့် ဒုံးကျည်များတည်ဆောက်မှုသည် ဒေသတွင်းခြိမ်းခြောက်မှုနှင့် လွှမ်းမိုးမှုတို့အတွက် လုပ်ဆောင်နေသလားဆိုသောအချက်ကို သတိထားစောင့်ကြည့်သွားမည်မှာ အသေအချာပင်ဖြစ်ပေသည်။

**ကိုးကား**

– Japan's hypersonic arsenal getting up to speed By The Diplomat.

# မောင်ခင်မင်(ဓနုဖြူ)၏ လူငယ်တွေအတွက်လူကြီးတွေပြင်ဆင်သင့်သည့်အရာများကို လေ့လာခြင်း

စားပင်၊ သီးပင်များစိုက်ပျိုးနေသော အဘိုးအိုက အပင်များသီးပွင့်လာချိန်မှာ မိမိ အသက်ရှင်လျက်ရှိတော့မည်မဟုတ်သော်လည်း နောင်လာနောင်သားများ စားသုံးဖို့ရည်ရွယ်လျက် ယခု စိုက်ပျိုးနေခြင်းဖြစ်ကြောင်း ပုံပြင်ကို ကိုးကား၍ ဆရာမောင်ခင်မင်(ဓနုဖြူ)က "လူငယ်တွေအတွက် လူကြီးတွေပြင်ဆင်သင့်သည့်အရာများ" ဟူသည့် ဆောင်းပါးကို နိဒါန်းပျိုးကာ တင်ပြထားသည်။ ဤတွင် ဆရာကြီးဦးဖေမောင်တင်၏ မှတ်သားဖွယ်စကားတစ်ခွန်းကိုလည်း ကိုးကားပြထားပြန်သည်။

"တပည့်က ဆရာထက်ပိုတော်ရမည်" ဟူသောစကားကို ဆရာကြီးက အမြော်အမြင်ရှိစွာ မိန့်ကြားခဲ့ခြင်းဖြစ်သည်။ တပည့်က ဆရာထက်ညံ့နေလျှင် တိုင်းပြည်ကြီး တိုးတက်တော့မည်မဟုတ်ဟု ဆိုလိုပါသည်။

အချို့လူငယ်များက ဆရာတို့လူကြီးတွေထက်ပိုပြီး ထူးချွန်အောင်၊ တော်အောင်၊ တတ်အောင် ဆောင်ရွက်နိုင် လုပ်နိုင်ပါ့မလားဟုဆင်ခြေပေးသည်။ ဤအခါ လူကြီးတွေက "ဆရာတို့ခေတ်မှာမပေါ်ခဲ့တဲ့နည်းပညာသစ်တွေပေါ်လာနေပြီ၊ နဂိုကရှိခဲ့တဲ့ပညာရပ်တွေလဲ အတွေးသစ်တွေ၊ အမြင်သစ်တွေ၊ သုတေသနပြုလုပ်လို့ရတဲ့ အကြောင်းအရာအသစ်တွေနဲ့ ဖွံ့ဖြိုးတိုးတက်နေပြီ။ အဲဒီပညာရပ်တွေကို လေ့လာနေတဲ့ လူငယ်တွေက ဆရာတို့လူကြီးတွေထက် ပိုပြီးတော်ပါတယ်" ဟု လူငယ်တွေကပြန်ပြီး ဖြေလေ၏။

လူကြီးတစ်ဦးကတော့ "ကိုယ့်သားသမီးတွေကို အိမ်ပျက်ကြီးတော့ အမွေမပေးခဲ့ချင်ဘူး၊ သူတို့လက်ထက်မှာ ပြင်မှာပေ့ါလို့လဲ မျက်နှာလွှဲခဲပစ်မလုပ်ချင်ပါဘူး၊ ကိုယ့်မျက်စိနှစ်လုံးမပိတ်ခင် အိမ်ပျက်ကိုပြင်ပြီးမှ အကောင်းပကတိအတိုင်း အမွေပေးခဲ့ချင်တာပေ့ါဗျာ" ဟု ဆိုခဲ့ကြောင်း ဆရာမောင်ခင်မင်က ရေးသားတင်ပြထားပါသည်။

လူငယ်တွေအတွက် လူကြီးတွေက ဘာတွေပြင်ဆင်ထားသင့်သလဲဆိုသည်ကို ဆရာက ပထမအချက်အနေဖြင့် ပညာရေးနှင့်ပတ်သတ်ပြီး ပြုပြင်ပြောင်းလဲသင့်သည်များကို ပြုပြင်ပြောင်းလဲရန် တင်ပြထားသည်။ တက္ကသိုလ်ပညာရေးဥပဒေ၊ အခြေခံပညာရေးဥပဒေများပြင်ဆင်ပြီး ဥပဒေနှင့်အညီ ပညာရေးစနစ်ကိုအကောင်အထည်ဖော်ဖို့ တင်ပြထားပါသည်။

ယနေ့ကျယ်ပြန့်နေသော ပညာရေးလောကတွင် နားလည်လည်၊ မလည်လည် အလွတ်ကျက်သင်ကြားရေးစနစ်မှ တွေးခေါ်ဆင်ခြင်မှုကိုအားပြုသည့် သင်ကြားရေးစနစ်သို့ ပြောင်းလဲရန်လိုအပ်ကြောင်း အဆိုပြုထားသည်ကိုတွေ့ရသည်။

ဒုတိယအချက်အနေဖြင့် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ သိက္ခာရှိစွာနေထိုင်နိုင်သည့်.... အတန်းစဉ်တွင် တကယ်တတ်မှ တကယ်အောင်မည့် သိက္ခာရှိသော စာမေးပွဲစနစ်အကောင်အထည်ဖော်ရန်လိုအပ်ကြောင်း ဆရာကတင်ပြထားသည်။

**❖လူငယ်များသည် ရိုးသားသည်။ ဖြောင့်မတ်သည်။ သတ္တိရှိသည်။ ကိုယ်ကျိုးမငဲ့ဘဲ နိုင်ငံ့အကျိုးဆောင်ရွက်ရန် စိတ်အားထက်သန်သည်။ အများအကျိုးကို ဆောင်ရွက်ရန် စိတ်အားထက်သန်သည်။ မမှန်သည်၊ မတရားသည်ကိုမလိုလား။ မှန်သည်၊ တရားသည်ကိုသာလိုလားသည်။ ဤကဲ့သို့စိတ်ဓာတ်အခြေခံကောင်းများရှိသော လူငယ်များ တကယ်ပညာတတ်များဖြစ်ရန်မှာလူကြီးများက ပြင်ဆင်ပေးရမည့် တာဝန်ရှိကြောင်း ဆရာမောင်ခင်မင်(ဓနုဖြူ) က သုံးသပ်ထားပါသည်။❖**

တတိယအချက်အနေဖြင့် သင်ရိုးသစ်များ၊ ပြဋ္ဌာန်းစာအသစ်များပြောင်းလဲရန် လိုအပ်ကြောင်း တင်ပြပါသည်။ အခြေခံပညာသင်ရိုးနှင့် ပြဋ္ဌာန်းချက်ဆိုလျှင် ၁၉၈၅ ခုနှစ်ကစတင်ခဲ့ခြင်းဖြစ်၍ နှစ်ပေါင်း ၃၀ မျှကြာနေပြီဖြစ်ကြောင်း၊ ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲရန် လိုအပ်သည်ဟူ၍လည်း ဆိုပါသည်။

လူငယ်များသည်ရိုးသားသည်။ ဖြောင့်မတ်သည်။ သတ္တိရှိသည်။ ကိုယ်ကျိုးမငဲ့ဘဲ နိုင်ငံ့အကျိုးဆောင်ရွက်ရန် စိတ်အားထက်သန်သည်။ အများအကျိုးကိုဆောင်ရွက်ရန် စိတ်အားထက်သန်သည်။ မမှန်သည်၊ မတရားသည်ကိုမလိုလား။ မှန်သည်၊ တရားသည်ကိုသာ လိုလားသည်။

ဤကဲ့သို့ စိတ်ဓာတ်အခြေခံကောင်းများရှိသော လူငယ်များ တကယ်ပညာတတ်များဖြစ်ရန်မှာလူကြီးများက ပြင်ဆင်ပေးရမည့် တာဝန်ရှိကြောင်း ဆရာမောင်ခင်မင်(ဓနုဖြူ)က သုံးသပ်ထားပါသည်။

မည်သည့်ပညာရပ်ပင်ဖြစ်စေ တကယ်တတ်လျှင် တကယ်အကျိုးရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်၍ တကယ်တတ်ဖို့သာလိုအပ်သည်ဟု ဆရာကဆိုပါသည်။ ထို့နောက် တကယ်တတ်သော လူငယ်များဖြစ်စေရန် လူကြီးများက စေတနာမှန်မှန် အမြော်အမြင်ကြီးကြီးဖြင့် အုတ်မြစ်ချပေးဖို့လိုအပ်ပါသည်ဟု ဆရာကစေတနာထား၍ တင်ပြထားပါသည်။

လူကြီးများက လူငယ်များထက်အတွေ့အကြုံများသည်မှာ အမှန်ဖြစ်ပါသည်။ အတွေ့အကြုံများသည့်အလျောက် မိမိတို့ လူငယ်ဘဝဖြတ်သန်းစဉ်တွေ့ကြုံခဲ့သော တိမ်းချော်မှုများ၊ အားနည်းချက်များ၊ သင်ခန်းစာယူစရာများကို ပြန်လည်ဆင်ခြင်ပြီး လူငယ်များကို ထိန်းသိမ်းတည့်မတ်ပေးဖို့လဲ လိုအပ်စေမည်။

ဆရာကြီးဦးသုခ၏ ရာမာခရစ်ရှနာ၏ပုံပြင်များစာအုပ်တွင်ပါရှိသည့် ပုံပြင်တစ်ပုဒ်ကို ကိုးကားပြောရလျှင် ယနေ့လူငယ်များသည် တစ်ယောက်ထဲဖြင့် ရေတွင်းတွေအများကြီး တူးဖို့ပြင်ဆင်နေကြသည်။ ရေတွင်းတစ်တွင်းကို ရေထွက်သည်အထိ စိတ်ရှည်ရှည်မတူးဘဲ ရေမထွက်လျှင် အခြားတစ်နေရာပြောင်းတူးတတ်ကြသည်။ ရေတွင်းတွေတော့အများအပြားတူး၏။ သို့သော် တစ်တွင်းမှ ရေမထွက်သည့် အဖြစ်မျိုးရှိတတ်သည်။ အကယ်၍ ကြိုးစားအားထုတ်ပြီး တစ်နေရာတည်း၌ ရေမထွက်မချင်း တစ်တွင်းသာ တူးမည်ဆိုလျှင် ရေတွင်းတွေအများကြီး တူးသလောက်အားမထုတ်ရဘဲ ထိုတွင်း ရေထွက်လာမှာသေချာပါသည်။

လူငယ်တွေတူးနေကြသော ရေတွင်းများကား "သင်တန်းအမျိုးမျိုး"ဟူသော ရေတွင်းများဖြစ်ပါသည်။ တစ်နေရာထဲမှာ စွဲမြဲပြီး ရေတွင်းမှ ရေထွက်အောင်တူးမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ရေတွင်းတူးသည့်လုပ်ငန်းကို အကောင်အထည်ဖော်ရန် ဆွေးနွေးလမ်းပြခြင်းသည် လူငယ်များအတွက် လူကြီးများက ပြင်ဆင်ထားစရာ အလုပ်တစ်ခုဖြစ်ပါလိမ့်မည်။

ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)က "လူငယ်တွေအတွက် လူကြီးတွေက ပြင်ဆင်ထားသင့်သည့်အချက်များ" ကိုတင်ပြသွားပါသည်။ ဆရာသည် မြန်မာစာပါမောက္ခ တစ်ဦးလည်းဖြစ်သောကြောင့် လူငယ်များ၏ပညာရေးကို အဓိကထားပြီး ဆွေးနွေးတင်ပြသွားခြင်းဖြစ်ပါသည်။

လူငယ်ဆိုသည်မှာ တိုင်းပြည်၏အနာဂတ်ကို လက်လွှဲယူကြရမည့်သူတွေဖြစ်သည်။ တိုင်းပြည်ကိုချစ်ရမည်။ လူမျိုးကိုချစ်ရမည်။ အမှန်တရားကိုချစ်ရမည်ဖြစ်သည်။ အထူးသဖြင့် လူငယ်များသည် ဆရာမောင်ခင်မင်(ဓနုဖြူ)တင်ပြထားသကဲ့သို့ လူငယ်များသည် မည်သည့်ပညာရပ်တွင်မဆို တကယ်တတ်ကျွမ်းနားလည်ကြဖို့က ပိုပြီးအရေးကြီးပါသည်။

တကယ်တတ်ကျွမ်းမှသာ တကယ်အကျိုးရှိအောင်ဆောင်ရွက်နိုင်မည်လည်းဖြစ်သည်။ ဆရာမောင်ခင်မင်က လူကြီးများ၏ စေတနာကို ဆရာသုခရိုက်ကူးခဲ့သော ရုပ်ရှင်ကားတစ်ကားဖြင့် ဥပမာပေးသည်။ အဆိုပါရုပ်ရှင်ကားတွင် ကောလိပ်ဂျင်နေဝင်းနှင့် ကျော်ဟိန်းတို့ ပါဝင်သည်။ ကောလိပ်ဂျင်နေဝင်းက ဖောက်ပြန်နေသောဇနီးကို လက်ဆုပ်လက်ကိုင်မိသဖြင့်ဆုံးမရာမှ လက်လွန်မိကာ ထောင်ကျသွားသည်၊ ထောင်မှထွက်လာသောအခါ အရက်သမားကြီးဖြစ်သွားသော ကျောင်းဆရာဟောင်းကြီးအဖြစ် သရုပ်ဆောင်သည်။

ကျော်ဟိန်းကလဲ ချစ်သူကိုကာကွယ်ရင်းစော်ကားသူကိုထိုးကြိတ်မိရာက ငွေရှင်၊ ကြေးရှင်မိဘတို့၏မတရားပြုမှုကြောင့် ထောင်ကျပြီးပြန်လွတ်လာသောလူငယ်အဖြစ် သရုပ်ဆောင်သည်။ ကျောင်းဆရာဟောင်းကြီးနှင့် လူငယ်တို့ သားအဖသဖွယ်သံယောဇဉ်တွယ်မိကြပြီး အတူတူနေထိုင်ကြသည်။

လူငယ်ပျက်စီးမသွားအောင် ကျောင်းဆရာဟောင်းကထိန်းသိမ်းရင်း ဆယ်တန်းဝင်ဖြေနိုင်အောင် အိမ်မှာစာသင်ပေးသည်။ စာသင်နေစဉ် လူငယ်ကိုနှစ်ချင်းပေါက်အောင် သင်ပေးမည်ဟုပြောရာလူငယ်က "အဘခုလိုအရက်အမြဲတန်းသောက်နေလျှင် ကျွန်တော့်ကို ထိထိရောက်ရောက်စာသင်ပေးနိုင်ပါ့မလား" ဟုမေးသည်။ ထိုစကားကြောင့် ရင်ထဲမှာထိခိုက်သွားသည်။ "ငါ့သားစာမေးပွဲအောင်ဖို့ငါအရက်ဖြတ်မယ်" ဆိုပြီး အရက်မသောက်ရမနေနိုင်သည့်စိတ်ကို ခက်ခဲစွာချိုးနှိမ်ပြီး အရက်ဖြတ်ရန်ကြိုးစားသည်။ အရက်သောက်နေကျအချိန်မှာမသောက်၊ ဖြစ်ပေါ်လာသည့်ဝေဒနာကို ကြိတ်မှိတ်ခံသည်။ နောက်ဆုံးတွင် အောင်မြင်စွာအရက်ဖြတ်လိုက်နိုင်သည်။

နောင်လာနောင်သားလူငယ်များ၏ အကျိုးကို ရှေးရှုပြီး ဆောင်ရွက်သော လူကြီးများ၏ စေတနာနှင့် လုပ်ဆောင်ချက်ကိုဖော်ပြနေသည့် သာဓကကောင်းဖြစ်ကြောင်း ဆရာမောင်ခင်မင်(ဓနုဖြူ)က တင်ပြထားပါသည်။

ဆရာသည် ယနေ့ပညာရည်မြင့်မားရေးအတွက် အဘက်ဘက်မှ ဆွေးနွေးဆောင်ရွက်နေကြချိန်တွင် ကျောင်းဆရာတစ်ယောက်အဖြစ် ပညာဖြင့်အသက်မွေးခဲ့သော ဆရာ့အတွေ့အကြုံများသည် သင်ကြားပို့ချနေသော ဆရာ၊ ဆရာမများခံယူချက်၊ သဘောထား၊ ကျင့်သုံးဆောင်ရွက်မှု၊ အားထုတ်လုပ်ဆောင်မှုများနှင့်ပတ်သတ်၍ ကောင်းရာကောင်းကြောင်း ထည့်သွင်းစဉ်းစားစရာများ ပေးတန်သလောက်ပေးနိုင်လိမ့်မည်ဟူသောခံယူချက်ဖြင့် ဤဆောင်းပါးများကိုရေးပါသည်ဟုဆိုထားသည်။

လူငယ်များအကျိုးအတွက် ရှေ့ဆောင်လမ်းပြခဲ့သော ဆရာမောင်ခင်မင်(ဓနုဖြူ)ကို အထူးလေးစားဂုဏ်ယူမိပါသည်။

**ကိုးကား**

**- ဆရာမောင်ခင်မင်(ဓနုဖြူ)၏ အမွေခံ တစ်ယောက် အမွေပေးသူတစ်ရာစာအုပ်မှ**

**ပုသိမ်အောင်သန်းဦး**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန်တိုက်တွန်းအပ်ပါသည်။**

# မအူပင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



**မအူပင် ဖေဖော်ဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၁၁၂၅၃ ဧကကိုလျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဗိုလ်ကိတ်ပဲအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာဗိုလ်ကိတ်ပဲကို ၁၁၂၅၃ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ဒေသတချို့မှာဗိုလ်ကိတ်ပဲ မျိုးကောင်းမျိုးသန့်ကို ရွေးချယ်စိုက်ပျိုးပါတယ်။ စိုက်ပျိုးရေးဦးစီးဌာန အနေနဲ့က ဆောင်းသီးနှံတွေအခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ကို စိုက်ပျိုးရေးနည်းပညာတွေ ပို့ချပေးထားပါတယ်။ ဆောင်းသီးနှံတွေအားလုံး ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့နဲ့အထွက်နှုန်းကောင်းစေဖို့ ဒေသခံတောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးနေပါတယ်။အခုလို ဓာတ်မြေဩဇာတွေ ပိုးသတ်ဆေးတွေ ဈေးတက်နေတဲ့ အချိန်မှာ စနစ်တကျသုံးစွဲတတ်စေဖို့ချွေတာအသုံးပြုဖို့ နည်းပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးထားပါတယ် "ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ဗိုလ်ကိတ်ပဲသီးနှံများကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ ဗိုလ်ကိတ်ပဲ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးကြရမည်ဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# တိုက်ကြီးမြို့နယ် ကရင်ကျွန်းချောင်းကျေးရွာ၌ ကုန်ထုတ်လမ်းမြေသားဂဝံကျောက်ခင်းနေမှု စစ်ဆေး

**တိုက်ကြီး ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသထွက်ကုန်သီးနှံများ ရာသီမရွေး ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ရန်အတွက် တိုက်ကြီးမြို့နယ် ကရင်ကျွန်းချောင်းကျေးရွာ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုက်ကြီးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးလှမျိုးအောင်၊တိုက်ကြီးမြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာရွှေနှင့်တာဝန်ရှိသူများက ကရင်ကျွန်းချောင်းကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူကုန်ထုတ်လမ်းအရှည်သုံးဒသမ ၁၈၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ မြေသားဂဝံကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီတာဝန်ခံများကို သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီးလိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကရင်ကျွန်းချောင်းကျေးရွာကုန်ထုတ်လမ်းမြေသားဂဝံကျောက်ခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၉၄ ဒသမ ၆၂၄သန်းဖြင့် Nine Nine One ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ်ဇန်နဝါရီ၆ရက်က စတင်ဆောင်ရွက်ခဲ့ရာယခုအခါလုပ်ငန်းများ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပါကကရင်ကျွန်းချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများမှဒေသထွက်ကုန်သီးနှံများကို ရာသီမရွေးအချိန်တိုအတွင်း ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း တိုက်ကြီးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။ **အထွေး**








နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

ပြင်ဦးလွင်

နန်းမြိုင်ကော်ဖီ




PURE ARABICA COFFEE

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**

- ဝန်ထမ်းလစာ / ပင်စင်လစာထုတ်ပေးခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း

Myanmar MOBILE MONEY



**အငြိမ်းစား** လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄


## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **ထုံးဘို**ရပ်ကွက်၊ အကွက်အမှတ်(၁၁-က)၊ အကွက်အမည် မင်းဇံကွင်း၊ ဦးပိုင်အမှတ်(၁၄/၆)၊ ဧရိယာ(၀.၀၅၁)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | ဦးပိုင်အမှတ်(၁၄/၃) |
| (ခ) | အနောက်လားသော် | - | လမ်း |
| (ဂ) | တောင်လားသော် | - | ဦးပိုင်အမှတ်(၁၄/၇) |
| (ဃ) | မြောက်လားသော် | - | ဦးပိုင်အမှတ်(၁၄/၅) |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးအောင်မြင့်ဦး**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ မတ်လ(၁၈)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ စီတီးကျေးရွာအုပ်စု၊ စီတီးကျေးရွာနေ ဦးကျော်စိုးမိုး(၁/မညန(နိုင်)၀၉၈၄၅၉) + ဒေါ်သန်းသန်း(၅/စကန(နိုင်)၀၀၅၁၇၄) တို့၏ သားဖြစ်သူ မောင်ဝင်းသန်းကျော်(၅/စကန(နိုင်)၂၉၅၉၈၁)သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေသောကြောင့် ၎င်းအား ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်စိုးမိုး(၁/မညန(နိုင်)၀၉၈၄၅၉)
ဒေါ်သန်းသန်း(၅/စကန(နိုင်)၀၀၅၁၇၄)

## မိဘအမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ Victoria Private School၊ Grade-3 တွင် ပညာသင်ကြားနေသော မပန်းမြတ်ချယ်ရီ၏ မိဘအမည်မှန်မှာ ဦးမောင်မောင်သန်း + ဒေါ်ဖြူဖြူဝင်း ဖြစ်ပါကြောင်း။

ဦးမောင်မောင်သန်း(၉/ခမစ(နိုင်)၀၁၁၈၂၀)
ဒေါ်ဖြူဖြူဝင်း(၉/ခမစ(နိုင်)၀၁၁၈၂၁)

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ရွှေကူ(၁၈)ရပ်ကွက်နေ ဒေါ်အေးအေး (ဘ) ဦးသွားဖဖူး(၉/မကန(နိုင်)၀၉၈၁၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-902379)မှာ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၀၀၁၇၇၀

## အဖိုးတန်ရေချိုကို ချွေတာပါ

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

## ❖ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

---

## ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၉၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

---

## ထူးခြားသည့် ညအပူချိန်များ (၁၈-၂-၂၀၂၅)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၃ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

---

**အကြမ်းဖက်သမားများက တနင်္သာရီမြို့နယ် ပနပ်ငယ်ကျေးရွာအနီး၌ အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ် တစ်စီးကို မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ကလေးငယ်များအပါအဝင် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး ရှစ်ဦးတို့၌ မိုင်းစထိမှန်ဒဏ်ရာများရရှိ**

စာမျက်နှာ- ၂၃

---

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၀) နောက်ဆုံးပွဲစဉ်တွင် ရတနာပုံအက်ဖ်စီအသင်းက ဒဂုံစတားအသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိ



**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၀)နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ဒဂုံစတားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် တိုက်စစ်ဆင်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၄၃ မိနစ်တွင် ပြည်မိုးက ရတနာပုံအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် ရတနာပုံအက်ဖ်စီအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဒဂုံစတားအသင်း၏ ချေပဂိုးနှင့် အနိုင်ဂိုးများအတွက်

**စာမျက်နှာ ၁၆ ကော်လံ ၄** ☆

